# PEACE Info (December 16, 2022)

- Myanmar Junta Jails NLD Govt’s ‘Incorruptible’ Banking Reformer for 20 Years
- Myanmar military rampage leaves six dead in Sagaing’s Kawlin Township
- Myanmar Regime Troops Punishing Women for Wearing Trousers
- Bodies of six men found dumped a week after their arrest by junta soldiers
- Karen Resistance Groups Claim Victories Over Myanmar Junta Forces
- Military Council’s train loaded with weapons hit by landmine explosion wrecking four carriages and killing 24 soldiers in Mon State
- Namhsan Village Destroyed By Shelling
- A ceremony to commission airplanes and helicopters into service held to mark the Diamond Jubilee Air Force Day
- US Senate passes defence bill authorising sanctions against Myanmar military and aid for opposition
- Myanmar’s NUG Praises Passage of US Burma Act
- U.S. announces Rohingya resettlement programme
- EU backing ASEAN’s Myanmar 5PC plans
- ကန့်ဘလူတွင် မီးလိုက်ရှို့နေသည့် စစ်ကောင်စီတပ်ကို မိုင်းဆွဲတိုက်ခိုက်
- တပ်စွဲထားတဲ့ ကန့်ဘလူမြို့နယ်တွင်း ရွာခံတွေ ပြန်လာအောင်ခြိမ်းခြောက်
- ယင်းမာပင် ရင်ပေါင်တိုင်ရွာမှာ လက်နက်ကြီးကြောင့် ကလေးနှစ်ဦး သေဆုံး
- ရေစကြို၊ ထီးလင်းနှင့် ဝက်လက်မြို့နယ်တို့တွင် တိုက်ပွဲဖြစ်၊ စစ်ကောင်စီတပ်ဖွဲ့ဝင်များ ထိခိုက် သေဆုံး
- ရွှေကျင်တိုက်ပွဲမှာ လက်နက်ကြီးထိလို့ အရပ်သား တစ်ဦးသေဆုံး ဒေသခံ သုံးထောင်ကျော် ထွက်ပြေးနေရ
- ထီးလင်းမှာ စစ်ကောင်စီတပ်နဲ့ ဒေသကာကွယ်ရေးအဖွဲ့တို့အကြား ထိတွေ့ မှုဖြစ်ပွား စစ်ကောင်စီတပ်မှူး အပါအဝင် ၄ ဦးသေဆုံး
- ဒီးမော့ဆိုတိုက်ပွဲအတွင်း ရွာနှစ်ရွာက အရပ်သားနေအိမ်တွေ မီးရှို့ဖျက်ဆီးခံရ
- ဒီးမော့ဆိုမြို့နယ်၌ တိုက်ပွဲဖြစ် စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၀ ခန့် ထိခိုက်ဒဏ်ရာရ
- ကော့ကရိတ်ဒေသတဝိုက်တိုက်ပွဲများတွင် စစ်ကောင်စီတပ်မှ ဒုတပ်ရင်းမှူးအပါအဝင် ၆ ဦးကျော် သေဆုံး
- ကော့ကရိတ် ခလရ ၂၃၁ တပ်ရင်းကို KNLA ပူးပေါင်းတပ်များ တိုက်ခိုက်
- ကော့ကရိတ်တိုက်ပွဲ ပြင်းထန်
- မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးမှာ တိုက်ပွဲပြင်းထန်နေ
- လေးကေ့ကော်ဒေသ တိုက်ပွဲတွေကြောင့် ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေ နေရပ်မပြန်နိုင်သေး
- ရေးမြို့နယ်ရှိ စစ်ကောင်စီအမြောက်တပ်ကို ရေးဘီလူးအဖွဲ့က ပစ်ခတ်တိုက်ခိုက်
- BGF အသွင်ပြောင်းတော့မည်ဆိုသော ပြောဆိုချက်များ ALP ငြင်း
- နမ့်ဆန်က စစ်ကောင်စီ လေကြောင်းချီစစ်ဆင်ရေး ဘာကြောင့် ကျရှုံးရသလဲ
- နမ့်ဆန်မြို့ စစ်ရှောင် တချို့ နေရပ်ပြန်၊ နှစ်ဖက် တပ်ဖွဲ့ စစ်ရေး အင်အားဖြည့်တင်းနေဆဲ
- ရွာငံမြို့နယ် စစ်ကောင်စီမှ လုံခြုံရေး အင်အားတိုးပြီး စစ်ဆေးမှုများ တင်းကြပ်နေ
- စစ်ကောင်စီ မှ ကျောက်မဲ စစ်ရှောင်များကို နေရပ်ပြန်ရန် ထပ်မံဖိအားပေး
- စစ်အုပ်စုအကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၂၆၀၀ ကျော်ထိ ရှိလာ

- ဝေဟင်၊ မြေပြင်၊ ရေပြင်နှင့် ရေအောက် စစ်ဆင်နိုင်တော့မည်ဟု အကြမ်းဖက် စစ်ခေါင်းဆောင် ကြွားလုံးထုတ်
- သတိထားရမယ့် တရုတ်လုပ် FTC - 2000G တိုက်လေယာဉ်များ
- မိုးကျရွှေကိုယ်မှုဝါဒ စစ်ကောင်စီ ပြန်ကျင့်သုံး
- တပ်တွင်းအမျိုးသမီးများ ကာကွယ်ရေးတွင် ပါဝင်ရန်နှင့် အလစ်အငိုက်တိုက်ခိုက်မှု သတိထားရန် စစ်ခေါင်းဆောင်တိုက်တွန်း
- ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာအားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နစကဥက္ကဋ္ဌ ပြောကြား
- NDAA ဥပဒေကို ဆီးနိတ်အထက်လွှတ်တော် အတည်ပြု၊ NUG အစိုးရ ကြိုဆိုဂုဏ်ပြု
- မြန်မာ့ဒီမိုကရေစီရေးထောက်ပံ့မယ့် NDAA အက်ဥပဒေ
- စစ်ကောင်စီကို ရာဇသံပေးလိုက်တာ၊ နောက်ဆုံး သတိပေးလိုက်တာပဲ
- မြန်မာ့အရေး အာဆီယံ၏ကြိုးပမ်းမှုကို အီးယူထောက်ခံ
- မြန်မာနိုင်ငံငြိမ်းချမ်းရေးရဖို့ အာဆီယံကြိုးပမ်းမှုကို အီးယူ ဆက်လက် ထောက်ခံသွားမည်
- မြန်မာစစ်ခေါင်းဆောင်တွေကို ICC က အရေးယူဖို့ အထူးအကြံပေးကောင်စီတိုက်တွန်း
- ထိုင်း-မြန်မာနယ်စပ်အနီး အိုက်စ်မူးယစ်ဆေးဝါး ၁၀၀ ကီလိုဂရမ်ခန့် တွေ့ရှိ

------------------------------------------------------------------------

## Myanmar Junta Jails NLD Govt's 'Incorruptible' Banking Reformer for 20 Years

By HEIN HTOO ZAN | 16 December 2022

The ousted deputy governor of the Central Bank of Myanmar, Dr. Bo Bo Nge, has been sentenced to 20 years in jail by a junta-controlled court in Naypyitaw, after being detained for nearly two years.

According to sources close to the court, he was sentenced to 12 years on corruption charges and eight years on an unknown charge on Tuesday.

The sources said Dr. Bo Bo Nge defended himself during the case.

The regime is yet to officially announce the judgment. Contacted by the Irrawaddy on Wednesday, staff at the Ottara District court in Naypyitaw confirmed the trial was held on Tuesday but did not provide details about the judgment.

U Bo Bo Nge was among senior officials, state leaders and elected MPs arrested by the military as it staged a coup on Feb.1 last year. He was seized from his home in Naypyitaw and detained for over a year before the junta brought charges and moved him to Mandalay's Obo Prison.

The junta-appointed Anti-Corruption Commission alleged he was responsible for the loss of millions of kyats in government budget by supervising banking transactions, permits and stamp duties. The commission also accused him of corruption in transactions made with Open Society Myanmar (OSM), a non-profit founded by US billionaire George Soros.

The separate eight-year sentence may come from a charge under the Anti-Money Laundering Law, a lawyer based in Naypyitaw said.

Dr. Bo Bo Nge was a member of the economic committee of the National League for Democracy (NLD) led by Daw Aung San Suu Kyi. In 2017, he was appointed deputy governor of the central bank, where he took a leading role in facilitating financial and economic reforms introduced by the NLD government.

Australian economist Sean Turnell, a former adviser to Daw Aung San Suu Kyi, said of Tuesday's sentence: "What a profound injustice! A travesty! Bo Bo [Nge] is utterly incorruptible."

Turnell added that U Bo Bo Nge was an honest guardian of Myanmar's financial system, fixing and cleaning it up so that banks could finally be productive institutions for Myanmar's development.

"He also knows more about properly regulating a financial system than anyone else in Myanmar.

"Finally, he is an honest, brave, and utterly good person," the economist told the Irrawaddy.

Turnell was himself detained by the junta for almost two years before being released last month and returning to Australia.

Dr. Bo Bo Nge was also jailed by the previous military regime for his student activism during the 1988 pro-democracy uprising.

While behind bars, he learned English from a dictionary smuggled into the prison. After his release, he fled to the United States, where he took up a scholarship at Bard College before studying for a master's in economics at Johns Hopkins University. He specialized in financial reform and gained a doctorate from London University's School of Oriental and African Studies (SOAS).

The Washington Post has described Dr. Bo Bo Nge's life as an American immigrant success story, noting that he rose from washing dishes to become an economist earning a six-figure salary.

But he chose to return to his homeland after the NLD government took power in 2016 to help with Myanmar's democratic transition.

https://www.irrawaddy.com/news/burma/myanmar-junta-jails-nld-govts-incorruptible-banking-reformer-for-20-years.html

-------------------------------------------------------------------------------------------

**Myanmar military rampage leaves six dead in Sagaing's Kawlin Township**

Most of the victims were members of a local defence team who were brutally murdered after being captured

Thura Maung | Published on Dec 16, 2022



The bodies of some of the victims of a junta rampage that began in Sagaing Region's Kawlin Township on December 11 (Supplied)

Junta troops killed at least six people and torched hundreds of houses during a three-day rampage in Sagaing Region's Kawlin Township that began on Sunday, according to local sources.

Around 100 soldiers based in the village of Koe Htaung Boe in Kanbalu Township carried out a series of raids targeting five villages after coming under attack from resistance forces late last week, residents of the area told Myanmar Now.

The first village to be hit was Zee Phyu Kone, located about 7km south of the town of Kawlin. Most residents had already fled ahead of that attack on Sunday, but the regime forces burned down 42 houses before leaving the next day, according to locals.

"They torched two houses as soon as they entered the village, and the rest on their way out," said one resident.

On Monday, the military column moved on to the nearby village of Shaw Phyu Kone, where one man was shot in the head and back while attempting to flee. Locals identified the victim as Maung Myint, a deputy commander of the village's defence team.

After leaving Shaw Phyu Kone, the junta troops clashed briefly with local defence teams and members of the People's Defence Force before reaching the village of Pay Pin Chaung, where most of the casualties were reported.

According to a defence team member from Shaw Phyu Kone, four members of Pay Pin Chaung's defence team were brutally murdered after being captured while trying to resist the junta column's assault.

"They weren't simply shot. One had his brains beaten out with the butt of a rifle, and another had his throat slit. The others also had brains coming out of their heads, and their eyes had been gouged out," he said.

The victims were identified as Kan Min Soe, Ae Maung, Naing Win Tun, and Thein Aung, all residents of Pay Pin Chaung. Another man from the same village named Myint Soe was also shot dead, according to the defence team member.

"Their cruelty really knows no bounds. If we catch them, we can't just kill them because we believe in justice. But for them, it makes no difference, they just kill everyone they find, whether they're a civilian or a revolutionary," he added.

On Tuesday, the regime forces raided the villages of Kokkokone and Nyaung Kone, where they carried out arson attacks that reportedly destroyed a total of more than 100 homes.

"They chose the wealthiest houses to burn down, because they want to erode support for the resistance," said the defence team member.

https://myanmar-now.org/en/news/myanmar-military-rampage-leaves-six-dead-in-sagaings-kawlin-township

-----------------------------------------------------------------------------------------------

## Myanmar Regime Troops Punishing Women for Wearing Trousers

By THE IRRAWADDY | 16 December 2022

Junta forces in Pakokku Township, Magwe Region are punishing women who wear trousers or black clothes by forcing them to do sit-ups at checkpoints, according to locals.

Police and soldiers in the township began arbitrarily stopping women in the first week of December and fining them if they refuse the punishment, according to a representative of a local resistance force.

“Women who wear trousers or all-black outfits are being forced to do sit-ups. Otherwise, they are fined up to 50,000 kyats [US$23],” he told The Irrawaddy.

Residents said the absurd punishment was imposed after a ward administrator in Pakokku Township was killed by female members of a local resistance force on November 25. The killing came one week after a retired military colonel was shot dead by a woman on November 18.

Regime forces in Pakokku also imposed a curfew for motorcycles at the end of last month. Soldiers will open fire on any motorcyclists seen riding between the hours of 6 pm and 8 am, according to a resident. They have also banned motorcyclists from carrying passengers.

“Locals are facing many difficulties because of this ridiculous order. People have now switched to riding bicycles because the regime has banned motorcycles with passengers,” a resident told The Irrawaddy.

In a recently issued statement, the Pakokku People’s Revolution Committee said personnel at military checkpoints in the township were abusing women both mentally and physically over the way they dressed.

“Regime troops are violating human rights and the junta government must take responsibility for these violations,” a committee spokesperson told The Irrawaddy.

https://www.irrawaddy.com/news/burma/myanmar-regime-troops-punishing-women-for-wearing-trousers.html

--------------------------------------------------------------------------------------------------

## Bodies of six men found dumped a week after their arrest by junta soldiers

Only one of the victims was among a group of five individuals being sought by the military during a search in Mandalay’s Myingyan Township last week

Han Thit | Published on Dec 16, 2022



Junta soldiers conduct security checks on a road near Naypyitaw in February 2021 (STR/AFP via Getty Images)

The bodies of six men who were detained by regime forces in Mandalay Region’s Myingyan Township last week were discovered in three different locations on Wednesday, according to a local resistance source.

The victims were all taken into custody in the village of Ywar Thit last Tuesday by a column of around 60 junta soldiers searching for five individuals named on a list, a spokesperson for the local anti-regime people’s committee told Myanmar Now.

After finding one of the men they were looking for—20-year-old Aung Zeyar Phyo—they tortured him until he named five others who were also subsequently arrested, said the spokesperson.

“They interrogated and tortured Aung Zeyar Phyo to the brink of death, until he finally gave them the names of the others, who were not even on the list,” he said.

The others were identified as Aung Than Kyaw, Min Thu, and Kaung Kaung, who were all 20 years old, and Zaw Naing Win and Aung Naing Win, both in their 40s.

The bodies of Aung Naing Win and Zaw Naing Win were reportedly found west of Ywar Gyi, a village about 15km east of the town of Myingyan, on Wednesday and the other four were discovered the same day in two other places.

“Locals heard two cars in the area the night before, so we assumed that it was the military dumping the bodies,” said the people’s committee spokesperson, adding that the bodies were later collected by local social welfare groups.



Two of the bodies discovered near the village of Ywar Gyi in Mandalay’s Myingyan Township on December 14 (Supplied)

The junta troops that captured and killed the six men also burned down the houses of the four individuals that they were unable to find.

“They ordered everyone in the village to come to the school with a list of their family members. When they were unable to track down the people they were looking for, they set fire to their houses,” said the spokesperson.

Badges on the shoulders of the soldiers indicated that they were from Light Infantry Division 88, based in Magway, he added.

https://myanmar-now.org/en/news/bodies-of-six-men-found-dumped-a-week-after-their-arrest-by-junta-soldiers

------------------------------------------------------------------------------------------

## Karen Resistance Groups Claim Victories Over Myanmar Junta Forces

By **THE IRRAWADDY |** 16 December 2022

At least six junta soldiers, including a major and captain, were killed in Kawkareik Township, Karen State, on Friday in clashes with the Karen resistance, according to the groups.

The Karen National Liberation Army (KNLA), the armed wing of Karen National Union (KNU), and the allied White Tiger Column raided Infantry Battalion 231 near Tatar Kyo village in the south of the township.

Junta helicopters attacked during two hours of fighting, according to Myanmar's civilian National Unity Government. It said a member of the White Tiger Column was killed and another injured.

Many regime troops are believed to have been killed and injured in the raid.

On Friday five hours of fighting broke out near a small town in the township when the Lion Battalion Commando resistance group and allies organizations raided regime troops.

Six regime troops, including a major, captain and female soldier, were killed and there were no resistance casualties, according to the Lion Battalion.

There had been no fighting in the area for a month.

On November 1 many regime troops attempted to attack the KNLA and resistance allies outside Kawkareik town.

A Lion Battalion fighter was killed and regime forces retreated after sustaining heavy losses.

A heavy clash broke out in Kawkareik town on October 21 when Karen resistance groups ambushed junta targets, including the district police office and an administrative office.

There were civilian casualties reported because of Infantry Battalion 97 shelling and junta airstrikes.

By November, an estimated 7,227 clashes had been reported by the KNU in its territory in Karen and Mon states and Bago and Tanintharyi regions.

It said 6,187 regime soldiers were killed and 4,985 injured and 30 resistance fighters were killed and 60 injured.

https://www.irrawaddy.com/news/war-against-the-junta/karen-resistance-groups-claim-victories-over-myanmar-junta-forces.html

------------------------------------------------------------------------------------------

## Military Council's train loaded with weapons hit by landmine explosion wrecking four carriages and killing 24 soldiers in Mon State

**le yagaw** | 16 December 2022

**A train travelling from Thaton- to Bilin in Mon state, loaded with the Military Council's weapons and ammunition was hit by a land-mine from the KNU's armed wing (Karen National Union) at around 6:30 PM on December 13th. The KNU 1st Brigade confirmed that 24 Regime soldiers guarding the train were killed in the attack, carried out between Kali Kyun and Ka Mai Chai villages in Thaton district.**



Two comrades of the Karen National Liberation Army (KNLA) under KNU 1st Brigade organized this precise mine attack on the train. The mine explosion destroyed a section of the railway line and 4 carriages. The regime forces took away the dead bodies overnight, a KNU Brigade 1 official said.

“The Military Council claimed it was a passenger train that was attacked “ which the KNU official denounced as a “ big lie.” He reported, “In fact the train was loaded with many weapons and a pile of ammunition. As far as we know, 24 of their men died. A total of 30 soldiers were on the train. The railway was also damaged. But there were no civilian casualties. All casualties were soldiers. They took the bodies away overnight. The next morning, they took photos there for the record”, the KNU official told KIC.

The Military Council remained silent about the train attack, but the “Myanma Railway” Facebook page posted that the Yangon-Mawlamyine train trips have been canceled as a result of the attack on the “stone-carrying train.”

The Military Council often uses the Yangon-HpaAn-Mawlamyine highway to replenish its manpower, and the KNU often conducts ambush attacks. This has prompted the junta forces to use more civilian cars to travel on that road lately, according to the local sources.

https://karennews.org/2022/12/military-councils-train-loaded-with-weapons-hit-by-landmine-explosion-wrecking-four-carriages-and-killing-24-soldiers-in-mon-state/

---------------------------------------------------------------------------------------------

## Namhsan Village Destroyed By Shelling

By **SHAN** | December 16, 2022



Koong Sar temple.

Six days of fighting between the regime and the Ta’ang National Liberation Army (TNLA) have destroyed almost all the houses in a frontline village in Namhsan Township, northern Shan State.

“Residents have fled Koong Sar after regime shells struck the village, totaling homes and the Buddhist monastery,” a source fearing for her life told SHAN on condition of anonymity

Regime fighter jets, airships, and ground troops attacked TNLA forces entrenched in the mountainous area between 7 and 12 December. More than 50 of the 60 houses in Koong Sar were completely destroyed, while the rest came under partial fire.

TNLA spokesperson Lt-Col Tar Aik Kyaw told SHAN he's aware of the massive damages in Koong Sar. At present, they have no "detailed plan for reconstruction", he said, although they have done so for other villages devastated by the conflict in the past. Responding to rumours that at least 30 TNLA soldiers were also killed in the clashes, the spokesperson confirmed that there were fatalities on both sides but he couldn't say how many.

According to an anonymous source close to the armed group, the Ta'ang soldiers found the bodies of 47 regime soldiers and captured 24 alive during a sweep of the battlefield near Koong Sar on 13 December. Junta soldiers stationed at the Koong Sar Buddhist monastery were fired upon by their comrades, the man told SHAN, adding that the airstrikes also damaged at least 7 houses in the village.

Villagers from Hu Mang and Peing Loung villages are among over 1,000 displaced by the regime's offensive and have fled to Namhsan town and other villages. At least 10 children and 30 elderly people who fled are currently missing and believed to be missing in the jungle.

https://english.shannews.org/archives/25655

----------------------------------------------------------------------------------------------------

**A ceremony to commission airplanes and helicopters into service held to mark the Diamond Jubilee Air Force Day**

PUBLISHED 16 DECEMBER 2022



In honour of Diamond Jubilee Air Force Day, a ceremony to commission airplanes and helicopters into service was held at the flying training base in Meikhtila station on December 15.

It was attended by SAC Chairman Senior-General Min Aung Hlaing and wife Daw Kyu Kyu Hla, Commander-in-Chief (Air) General Tun Aung and wife, Commander-in-Chief (Navy) General Moe Aung and wife, retired commanders-in-chief (Air) and their wives, retired commanders-in-chief (Navy) and their wives, union ministers and their wives, air base commanders and invited guests.

At the ceremony, a total of 15 PT-6 airplanes including MTX-1A aircraft manufactured on the test by Tatmadaw (Air) in a 75 shape flew over the pavilion to salute the Senior General. Afterwards, Senior-General delivered an address. Then, Commander-in-Chief (Air) General Tun Aung spoke words of thanks for the commissioning of the aircraft into Tatmadaw (Air) and Chief of Staff (Air) Lt-Gen Zaw Win Myint announced the commissioning of aircraft and helicopters.

The Su-30 SME is the post-fourth generation multipurpose heavy fighter and Tatmadaw (Air) uses it as the first-ever heavy fighter. FTC 2000G airplane is a light multipurpose fighter to be used in air-to-air operations, air-to-surface operations, close aviation supporting fire,

intercepting, and armed reconnaissance duties. Ka-28 sub-marine destroyer helicopter can be used in searching and attacking submarines under-water and performing search and rescue duties. FT-7 interceptor fighter and K-8W aero-plane can be used as training jet fighters and light fighters in air-to-air operations, air-to-surface operations, close aviation supporting fire, intercepting attacks, armed reconnaissance and training. Y-8 can be used as a transport plane to transport VIPs, passengers, cargoes, parachuting, sea reconnaissance, and search and rescue duties.

https://elevenmyanmar.com/news/a-ceremony-to-commission-airplanes-and-helicopters-into-service-held-to-mark-the-diamond

-------------------------------------------------------------------------------------------

## US Senate passes defence bill authorising sanctions against Myanmar military and aid for opposition

The bill commits the US government to providing support for anti-junta groups including EAOs, PDFs, the NUG, and the NUCC, but precludes supplying weapons

Myanmar Now | Published on Dec 16, 2022



The US Capitol Building in Washington, seat of the US Congress, as seen in November 2022

A bill broadening the US government's authority to sanction Myanmar's coup regime and assist opposition groups passed in the United States' upper legislative chamber by a vote of 83 to 11 on Thursday.

The latest National Defense Authorization Act (NDAA), a bill that sets spending priorities for the US Department of Defense each year, includes amendments stating the US government's support for ending military rule in Myanmar. The legislation also authorises non-lethal support for ethnic armed organisations (EAOs), the People's Defence Force (PDF), and other groups fighting for that cause.

In a statement announcing the NDAA's passage on Thursday, the Senate Armed Services Committee made no mention of the Myanmar-related amendments.

Having passed in both houses of Congress, the bill will now be sent to US President Joseph Biden for approval. The president is expected to sign it into law within days.

The process leading to the passage of this legislation was long and complicated.

Two months after the February 2021 military coup in Myanmar, earlier legislation was introduced in the US Congress containing many of the same provisions, known as the Burma Unified through Rigorous Military Accountability (BURMA) Act of 2021.

The earlier BURMA Act of 2021 passed in the US House of Representatives, Congress's lower chamber, but was never brought to a vote in the upper chamber, the US Senate, and did not become law.

Advocates and lawmakers then pushed to include parts of the 2021 bill as amendments to the NDAA for fiscal year 2023, again using the shorthand "the BURMA Act" to refer to the amendments.

The NDAA has passed in both chambers of Congress every year since 1961. The incorporation of the BURMA Act into the defence bill practically ensured it would become law as a matter of course.




US Senators voted to pass the NDAA on December 15

The newly passed BURMA Act commits the US government to providing "technical support and non-lethal assistance" to EAOs, the PDF, and other "pro-democracy movement organizations" fighting the junta. The promised non-lethal assistance can include intelligence sharing, battlefield medicine, and funds for organisations facilitating military defections, but the "non-lethal" designation precludes supplying arms.

Although the legislation does not expressly recognise the publicly mandated National Unity Government (NUG), National Unity Consultative Council (NUCC), or Committee Representing Pyidaungsu Hluttaw (CRPH) as legitimate governing bodies, it does state the US government's support for these opposition entities by name.

Acting president of the NUG Duwa Lashi La released a statement hailing the legislation's passage and lauding its support for Myanmar's opposition.

"The [BURMA] Act will provide much needed hope and support to the struggling people of our country," the NUG leader said. "We also thank the [Myanmar] diaspora and people of good conscience across the US who worked tirelessly in support of this achievement. It is only through working together with our brothers and sisters around the world that we will bring democracy back to our people."

The significance of this legislation for Myanmar remains to be seen. The effectiveness of non-lethal assistance is especially uncertain given the junta's pervasive use of deadly violence to exert control.

Moreover, many sanctions authorised by the bill are discretionary rather than mandatory, meaning that the US government has yet to decide which entities and individuals will be subject to sanctions. The only mandatory sanctions, which must go into effect within 180 days of the bill becoming law, are those targeting individual junta officials.

The scope of the discretionary sanctions is therefore undetermined as yet and may be subject to long deliberations. It remains unclear, for instance, whether sanctions will affect the Myanma Oil and Gas Enterprise, which anti-junta activists have long identified as a crucial revenue source enabling the regime's abuses.

***Editor's note: The US government adheres to a policy of referring to Myanmar by the older name of "Burma."***

https://myanmar-now.org/en/news/us-senate-passes-defence-bill-authorising-sanctions-against-myanmar-military-and-aid-for

--------------------------------------------------------------------------

## Myanmar's NUG Praises Passage of US Burma Act

By THE IRRAWADDY | 16 December 2022

The acting president of Myanmar's civilian National Unity Government (NUG) has applauded the passage of the Burma Act through the US Congress – authorizing non-lethal aid to resistance forces – as a major victory in the struggle for democracy.

"The Burma Act will provide much-needed hope and support to the struggling people of our country," Acting President Duwa Lashi La said in a statement on Friday. He thanked the US Congress, the Burmese diaspora and those of good conscience across the US who worked to get the bill approved.

"We look forward to President Biden soon signing it into law," Duwa Lashi La said.

The Senate passed the Burma Act, part of the National Defense Authorization Act, to provide aid to the NUG and its affiliates organizations, including the National Unity Consultative Council, its people's defense forces (PDFs) and ethnic armed organizations. But the authorized aid does not include arms. The act also aims to expand sanctions against the regime and its related businesses.

The legislation aims to prevent the junta gaining legitimacy and weapons and block its businesses from operating internationally. It now needs to be signed into law by US President Joe Biden.

The congressional approval was welcomed by pro-democracy forces as another blow against the junta after ASEAN's exclusion of junta chief Min Aung Hlaing from its summit.

"It is a very positive bill … for the first time, officially and legally, the bill includes support for PDFs and ethnic revolutionary organizations. It will be very helpful for the revolution," NUG spokesman U Kyaw Zaw told The Irrawaddy on Friday.

He said the NUG will work to implement the bill with the US government and Congress.

According to the Assistance Association for Political Prisoners rights group, the junta has killed at least 2,604 people and arrested more than 16,500 since the February 2021 coup.

https://www.irrawaddy.com/news/burma/myanmars-nug-praises-passage-of-us-burma-act.html

------------------------------------------------------------------------------------------

## U.S. announces Rohingya resettlement programme

By Mizzima |16 December 2022




*A Rohingya refugee mother with her baby walk on a road along a makeshift camp in Kutubpalang, Ukhiya Cox Bazar district, Bangladesh, 24 August 2022. Photo: EPA*

The United States has announced the establishment of a resettlement program for vulnerable Rohingya refugees in collaboration with the Government of Bangladesh and the United Nations High Commissioner for Refugees (UNHCR).

The programme, which will be part of the global U.S. Refugee Admissions Program is, according to a U.S. Department of State press release, one element of a broader comprehensive response to the Rohingya refugee crisis with the main focus on preparing the Rohingya for voluntary, safe, dignified, and sustainable return.

The United States will consider for resettlement referrals submitted by the UNHCR.

According to the press release the United States is proud of its long-standing support for displaced Rohingya, who have suffered genocide and crimes against humanity at the hands of Burma's military, and the U.S. has provided more than $1.9 billion in humanitarian assistance for Rohingya refugees from Burma in Bangladesh and the region, those affected by ongoing violence in Burma, and communities hosting refugees from Burma.

It also. says that in addition to supporting immediate basic needs, U.S. humanitarian assistance strengthens the resilience, economic security, and dignity of refugees and host communities by improving education and livelihood opportunities.

The United States is also supporting efforts to hold the perpetrators of the genocide and crimes against humanity against Rohingya accountable and to ensure justice for the victims of these atrocities.

According to the press release, the resettlement of the most vulnerable Rohingya from Bangladesh reflects the United States 'long-standing leadership on refugee resettlement in the face of an unprecedented displacement crisis as record numbers of people around the world have been forced to flee war, persecution, and instability.

The U.S. also thanked the Government of Bangladesh for being a generous host of refugees and for its support of this important resettlement initiative.

https://mizzima.com/article/us-announces-rohingya-resettlement-programme

------------------------------------------------------------------------------------------

**EU backing ASEAN's Myanmar 5PC plans**

PUBLISHED 17 DECEMBER 2022



*Foreign minister Prak Sokhonn (centre front), in his capacity as the ASEAN chair's Special Envoy on Myanmar, addresses the Political and Security Committee of the EU on December 14. MFAIC*

The EU has pledged to continue its support for ASEAN efforts to find peace in Myanmar, as the leaders of the two regional blocs met to celebrate 45 years of dialogue partnership.

"We remain deeply concerned over the crisis in Myanmar," said a December 14 joint statement as they gathered in Brussels, Belgium, for the ASEAN-EU Commemorative Summit.

They recalled Myanmar's commitment to the ASEAN five-point consensus (5PC) during the ASEAN leaders' meeting on April 24 last year and urged its implementation in a timely manner, in line with the position adopted at the November ASEAN Summit in Phnom Penh.

"The EU will continue to support ASEAN's efforts to facilitate a peaceful solution in the interest of the people of Myanmar, including through the work of the special envoy of the ASEAN chair on Myanmar, in building confidence and trust with full access to all parties concerned, and effective delivery of humanitarian assistance to the people of Myanmar, including those who are the most in need, without discrimination," added the statement.

The leaders reiterated their commitment to peace and stability in the region and continued to call for the immediate cessation of violence in Myanmar, as well as the release of all political detainees, including foreigners.

"We denounce the July executions of four opposition activists. We will redouble our collective efforts to find a peaceful solution that reflects the commitment to human rights and fundamental freedoms that is outlined in the ASEAN Charter," said the statement.

The two regional blocs stressed the importance of Myanmar's commitment to ensuring safety and security for all communities in Rakhine state. They also called for the voluntary return of displaced persons in a safe, secure, and dignified manner, in accordance with an agreement between Myanmar and Bangladesh.

Minister of Foreign Affairs and International Cooperation Prak Sokhonn, in his capacity as the ASEAN chair's special envoy, addressed a closed-door session of the political and security committee of the EU.

He explained the difficulty of commencing a dialogue process in myanmar, given the vast gulf that exists between the parties concerned, but that he had opened the door for a discussion during his second visit.

"The EU commended Cambodia's efforts and the work of the Special Envoy in advancing the 5PC and reiterated their commitment to support ASEAN's centrality and its leading role in helping Myanmar return to democratic path the earliest possible," said the a foreign ministry press release.

https://elevenmyanmar.com/news/eu-backing-aseans-myanmar-5pc-plans

-----------------------------------------------------------------------------------------

## ကန့်ဘလူတွင် မီးလိုက်ရှို့နေသည့် စစ်ကောင်စီတပ်ကို မိုင်းဆွဲတိုက်ခိုက်

By မဇ္ဈိမ |16 December 2022




မဇ္ဈိမ ။ ။စစ်ကိုင်းတိုင်း ၊ ကန့်ဘလူမြို့နယ် နှင့် ကောလင်းမြို့နယ်အစပ်ရှိ ကျေးရွာများအား တစ်ရွာဝင်တစ်ရွာထွက် မီးလိုက်ရှို့နေသည့် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရကြောင်း ဒေသခံသတင်းရင်းမြစ်များထံက သိရသည်။

စစ်ကောင်စီတပ်သည် ယမန့်နေ့ ဒီဇင်ဘာလ ၁၅ရက် မွန်းလွဲ ၁၂နာရီ ၅၀မိနစ်ခန့်က ကန့်ဘလူမြို့နယ် လက်ခုတ်ကုန်းရွာကို ဝင်ရောက်၍ မီးတင်ရှို့ခဲ့ပြီး ဘောရွာသို့ အဝင်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့များက အသင့်ထောင်ထားသည့် မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ဘောရွာ အဝင်မှာ ထောင်ထားခဲ့တဲ့ မိုင်းငါးလုံးကွဲတာပါ။ အထိခိုက်မသိရသေးဘူး။ မိုင်းကွဲပြီးတော့ လက်နက်ကြီးတွေနဲ့ တောတိုက်တွေထဲ ရမ်းပစ်နေတာမို့ ထိခိုက်မှု ရှိတယ်လို့ ယူဆပါတယ်။ ဒေသခံတွေကတော့ ပြေးနေရတယ်။ ခုမနက်ပဲ ပြန်ဝင်ပြီး မီးထပ်ရှို့နေပြန်တယ်" ဟု ဒေသခံသတင်းရင်းမြစ်က မဇ္ဈိမကို ပြောသည်။

စစ်ကောင်စီတပ်၏ ယမန်နေ့ မီးရှို့ဖျက်ဆီးမှုကြောင့် လက်ခုတ်ကုန်းရွာ နှင့် ဘောရွာ တောင်ဘက်ခြမ်းရှိ ကျေးရွာများမှ လူနေအိမ်စုစုပေါင်း ၄၀ကျော်ခန့် မီးလောင်ပြာကျခဲ့ပြီး ယနေ့ နံနက် ၈နာရီ ၃၀ မိနစ်တွင် စစ်ကောင်စီတပ်က အဆိုပါကျေးရွာများကို ထပ်မံ မီးရှို့နေကြောင်း သိရသည်။

"ဒီနေ့မနက် မီးရှို့တာကတော့ မီးခိုးတွေပဲမြင်နေရတာ။ ကျွန်တော်တို့တွေက ဘယ်သူမှ သွားမကြည့်ရဲတော့ တိတိကျကျ မသိရသေးဘူး။ ဒေသခံတွေကတော့ အခုရွာထဲမှာ တစ်ယောက်မှ မရှိဘူးရယ်။ မီးရှို့ခံနေရတဲ့ သူတို့အိမ်တွေကို အဝေးကနေပဲ ကြည့်နေရတာ။ ကျွန်တော်တို့ အဲဒီဘက်တွေက တောတောင်တွေထူတယ်။ တောတွေထဲမှာ လယ်တောထဲမှာ လွတ်တဲ့နေရာတွေမှာ ပုန်းနေရတာ။ အခုလောလော ဆယ်တော့တိုက်ပွဲဖြစ်တာတော့မရှိဘူးဗျ။ စခ(စစ်ကောင်စီတပ်)တွေ လာမယ့် လမ်းတွေမှာ အရင်ရက်က မိုင်းထောင်ထားတာမျိုးတော့ ရှိတယ်" ဟု ဒေသခံ သတင်းရင်းမြစ်က ဆိုသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များ၏ စစ်ကြောင်းထိုးဝင်ရောက်မီးရှို့မှုကြောင့် ဒေသခံ ပြည်သူများသည် ဘေးလွတ်မည်ထင်သည့် တောတောင်များတွင် လည်းကောင်း၊ လယ်တောထဲရှိ လက်တဲများတွင်လည်းကောင်း ပုန်းခိုတိမ်းရှောင်နေရကြောင်း သိရသည်။

https://www.mizzimaburmese.com/article/120712

---

## တပ်စွဲထားတဲ့ ကန့်ဘလူမြို့နယ်တွင်း ရွာခံတွေ ပြန်လာအောင်ခြိမ်းခြောက်

၁၆ ဒီဇင်ဘာ၊ ၂၀၂၂ | ဆုမွန်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်မှာ မြန်မာစစ်တပ်ရဲ့ နယ်မြေရှင်းလင်းရေး စစ်ကြောင်းတွေက လက်ခုပ်ကုန်းကျေးရွာအပါအဝင် ကျေးရွာတချို့ကို မီးရှို့ခဲ့တာကြောင့် ဒေသခံတွေ ထွက်ပြေးနေကြရပါတယ်။ ဂါထာရွာမှာလည်း နိုဝင်ဘာလလယ်လောက်ကတည်းက စစ်တပ် တပ်စွဲထားပြီး ပြည်သူ့စစ်ဖွဲ့ခိုင်းတာကြောင့် ဒေသခံတွေ ထွက်ပြေးနေကြရတယ်လို့ ဒေသခံတွေက ပြောပါတယ်။ ဒေသတွင်း စစ်ပြေးဒုက္ခသည်တွေရဲ့အခြေအနေ ပေးပို့ထားတဲ့သတင်းကို မဆုမွန်က တင်ပြပေးထားပါတယ်။

ကန့်ဘလူနယ်တွင်း ဘောရွာနဲ့ လက်ခုပ်ကုန်းကျေးရွာကြားမှာ မြန်မာစစ်ကောင်စီတပ်နဲ့ PDF ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တို့ ဒီရက်ပိုင်းတွေအတွင်း ထိတွေ့တိုက်ပွဲဖြစ်ခဲ့ကြပြီးတဲ့နောက် မြန်မာစစ်တပ်က အိမ်ခြေ ၈၀ ဝန်းကျင်ရှိတဲ့ လက်ခုပ်ကုန်းကျေးရွာကို မီးရှို့ခဲ့တယ်လို့ ဒေသခံတွေကပြောပါတယ်။ စစ်ကောင်စီ နယ်မြေရှင်းလင်းရေးစစ်ကြောင်းက ရွာစဥ်တလျှောက် လိုက်လံမီးရှို့နေတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

“ခမရ ၃၆၈ က ဂါထာရွာကနေမှာ လက်ပံပင်၊ လက်ပံပင်ကနေမှ လွှဲဆိပ်၊ လွှဲဆိပ်ကျတော့ တခါ မီးဝင်ရှို့၊ အဲ့ကနေတခါ ၁၁ ပေါက်ရွာကို ပြန်ကူး၊ ၁၁ ပေါက်ကို တခါ မီးဝင်ရှို့၊ အဲ့ကနေမှ ဘော၊ ဘောကိုကျတော့ ဘောကိုရောက်တော့ သူတို့မီးမရှို့သေးဘူးဗျ။ ဘောရဲ့ အရှေ့ဘက်က လက်ခုပ်ကုန်းဘက်ကိုသွားတဲ့အချိန်မှာ ကာကွယ်ရေး ကန့်ဘလူ KD 3၊ ရင်း ၃ ကာကွယ်ရေး PDF တပ်နဲ့ ထိတွေ့မှုတွေ ဖြစ်ကြတယ်။ သူတို့ဘက်က အသေအပျောက်တွေများသွားတော့ အဲ့ရွာ(လက်ခုပ်ကုန်း) ကို ဝင်ပြီးတော့ မီးရှို့ဖျက်ပစ်လိုက်တာ။ အကုန်ရှို့သွားတယ်။ ၇ အိမ်ပဲ ကျန်တယ်။ အဲ့လို ရှို့ပြီးပြီဆိုတော့ ဘောကို ပြန်ဝင်တာ။ ဘောကနေ ဒီနေ့မနက် ၇ နာရီခွဲလောက် ဘောကိုပြန်ရှို့ပြီးတော့ ပြန်ထွက်သွားတယ်။ ခု ဇင်းကို ရောက်သွားပြီ။”

ကန့်ဘလူမြို့နယ်တွင်း လက်ခုပ်ကုန်းနဲ့ကျေးရွာတချို့ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးတယ်ဆိုတာနဲ့ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရသူကို မေးမြန်းဖို့ ဆက်သွယ်ခဲ့ပေမဲ့ ဆက်သွယ်လို့မရပါဘူး။ မြန်မာစစ်ကောင်စီဘက်က တစုံတရာထုတ်ပြန်ချက်လည်းမတွေ့ပါဘူး။

ကန့်ဘလူမြို့နယ် ဂါထာရွာကို နိုဝင်ဘာလ အစောပိုင်းကတည်းက ဝင်ရောက်တပ်စွဲထားတဲ့ မြန်မာစစ်ကောင်စီတပ်ကတော့ ရွာသားတွေ ကျေးရွာကိုပြန်လာဖို့ ခြိမ်းခြောက်ခေါ်ယူပြီး အဲဒီနောက် ပြည်သူစစ်တပ်ဖွဲ့ထဲကို အတင်းဝင်ခိုင်းတယ်လို့ ဒေသခံတွေက ပြောပါတယ်။ ကျေးရွာအတွင်း နေအိမ်တချို့ကို ဖြိုဖျက်ပြီး ကင်းတဲတွေ၊ မျှော်စင်တွေ ဆောက်ထားကြသလို ရွာထဲမှာ ထွက်မပြေးနိုင်ဘဲ ကျန်နေခဲ့သူတချို့ကိုလည်း ကတုပ်ကျင်းတွေ တူးခိုင်းနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

“အိမ်တွေကိုတော့ ဖြုတ်ပြီးတော့ သူတို့လိုချင်တဲ့ဟာ ဆောက်တယ်ပေါ့။ ကင်းစင်တွေ မျှော်စင်တွေ ဆောက်တယ်။ လူ ၂ ယောက်လောက်ကို ပစ်သတ်ပြလိုက်တာဆိုတော့ သူတို့ကလည်း မလုပ်ချင်လည်း လုပ်ရတော့တာ။ အဲ့လို ၂ ယောက်လောက် ပစ်သတ်ပြတော့မှ ကျန်တဲ့သူတွေကလည်း ထွက်ပြေးလာကြတာ။ အသက်က တယောက်ကတော့

၂၅၊ တယောက်ကတော့ ၃၀ ကျော်လောက်ဗျ။ အမျိုးသားတွေ။ သူတို့က ဘယ်လိုလဲ ဆိုတော့ သူတို့ကို ဘယ်သူတွေနဲ့ အဆက်အစပ်ရှိလား၊ ဘာလုပ်တဲ့ ညာလုပ်တဲ့ PDF တွေနဲ့ အဆက်အစပ်ရှိလား အဲ့လိုမေးတာပေါ့။ သူတို့ကတော့ ရိုးရိုးသားသားတွေပါ။ သူတို့လုပ်ငန်းနဲ့သူတို့ တောင်သူလုပ်နေတဲ့သူတွေ။ မဖြေတော့ ပစ်သတ်တာ။ နောက် ပျူလုပ်ဖို့ရာတွေရော၊ သူတို့က ပျူလည်း မလုပ်ချင်တဲ့ အပိုင်းပါတာပေါ့။ အဲ့တော့ သူတို့က ပိုပြီးတော့ ထင်သွားတာပေါ့။ ထင်တော့ အဲ့လိုပစ်သတ်လိုက်တာ။”

လက်ရှိမှာတော့ စစ်ပြေးဒုက္ခသည်တွေအတွက် စားသောက်ရေးနဲ့ ဆောင်၊ အဝတ်အထည် စတဲ့ အခြေခံပစ္စည်းတွေ လိုအပ်နေတယ်လို့ ဒေသခံတွေက ဆိုပါတယ်။

“ပြန်ထွက်ပြေးလာရတော့ သူတို့မှာ ပထမ ထွက်ပြေးသလို စားဝတ်နေရေးတွေ မပါခဲ့ဘူးဗျာ၊ စားနပ်ရိက္ခာ၊ အဝတ်အစား၊ စောင် မပါခဲ့ဘူး။ ပထမကသာ ပါခဲ့တာ။ နောက်တခေါက်ကျ လူအတိုင်းပဲ အလွတ်ထွက်ပြေးလာခဲ့ကြရတာ။ နွားတွေကမှ အစ ထားခဲ့ရတာပေါ့၊ (ရွာထဲမှာ) ၃၀ ကျော် ၄၀ လောက်တော့ ကျန်ခဲ့တယ်ဗျ။ အကုန်လုံး ပျူစာရင်းဝင်ပေါ့၊ ရွာထဲက မိသားစုတွေ။ မိသားစုတွေနဲ့ တခြားစီ ပိတ်မိပြီးတော့ ထွက်မရတဲ့သူတွေလည်း ကျန်ခဲ့တယ်။”

စစ်တပ်ရဲ့ နယ်မြေရှင်းလင်းရေး ထိုးစစ်နဲ့ တိုက်ပွဲတွေကြောင့် စစ်ကိုင်းအတွင်းမှာ အိုးအိမ် စွန့်ခွာ ထွက်ပြေးနေကြရတဲ့ စစ်ရှောင် အရေအတွက်တွေက တနေ့ထက်တနေ့ ပိုပြီးတိုးလာနေပါတယ်။ ပြည်သူ့ ကာကွယ်ရေးတပ် PDF တွေဟာ ဒီဒေသ ကျေးရွာတွေကို အခြေစိုက်ပြီး အကြမ်းဖက် လုပ်ငန်းတွေ လုပ်နေတယ်ဆိုပြီးတော့လည်း မြန်မာစစ်တပ်က စွပ်စွဲပါတယ်။ KIA နဲ့ PDF တွေဟာ ကျေးရွာနေအိမ်တွေကို မီးရှို့တယ်လို့လည်း တန်ပြန်စွပ်စွဲတာရှိပါတယ်။ စစ်ကိုင်းတိုင်းအတွင်း အာဏာသိမ်းစစ်ကောင်စီကို ဆန့်ကျင်တဲ့ကျေးရွာတွေရှိသလို စစ်ကောင်စီကိုလိုလားတဲ့ ကျေးရွာတချို့လည်းရှိနေပြီး အဲဒီကျေးရွာတွေကို စစ်ကောင်စီက ပြည်သူ့စစ်အဖြစ် လက်နက်တပ်ဆင်ပေးတာတွေလည်းရှိခဲ့ပါတယ်။

https://burmese.voanews.com/a/kia-pdf-kd3-စစ္တိုင္းတုိင္း-ကန႔ၱဘလူ-ရြာမီး၀ိ ိႈ႕-စစ္ေဘးေရွာင္-လက္ကုပ္ကုန္းရြာ-ေဘာရြာ/6879487.html

------------------------------------------------------------------------------------------------

## ယင်းမာပင် ရင်ပေါ်တိုင်ရွာမှာ လက်နက်ကြီးကြောင့် ကလေးနှစ်ဦး သေဆုံး

**RFA Burmese** | 2022.12.16



၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က တွေ့ရသည့် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ ရင်ပေါ်တိုင်ကျေးရွာ မီးလောင်နေသည့်မြင်ကွင်း။ ယင်းမာပင်မြို့နယ် သတင်းမှန်ပြန်ကြားရေး

စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ခဲ့တဲ့ စစ်ကိုင်းတိုင်း ယင်းမာပင် မြို့နယ် ရင်ပေါ်တိုင်ရွာမှာ ဒီဇင်ဘာလ ၁၆ ရက် ဒီနေ့မနက်ပိုင်းက မပေါက်ကွဲသေးတဲ့ လက်နက်ကြီးတစ်ခုကို ကိုင်မိရာကနေ ကလေးနှစ်ဦး သေဆုံးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

သေဆုံးတဲ့သူတွေက အသက်ငါးနှစ်အရွယ် မောင်ထက်ဘုန်းနိုင်နဲ့ ခုနစ်လသားအရွယ် မောင်ဟိန်းသူရကျော်တို့ဖြစ်တယ်လို့ ဆိုပါတယ်။

လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ခဲ့စဉ်က ကျန်နေတဲ့ မပေါက်ကွဲသေးတဲ့ လက်နက်ကြီး ကျည်ကို ကိုင်မိရာကနေ ပေါက်ကွဲပြီး အသက်ဆုံးရှုံးရတာလို့ ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

**“ရွာကို ရဟတ်ယာဉ်တွေနဲ့ လာပစ်တာက နှစ်ကြိမ်ရှိတယ်။ အခုလက်နက်ကြီး အကြွင်းအကျန်တာ ဩဂုတ်လတုန်းက ရွာမှာ ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့တုန်းက ကျန်နေတဲ့ လက်နက်ကြီးကြောင့်ဖြစ်တာ။ ငါးနှစ်အရွယ်ကလေးက သွားကိုင်တဲ့အချိန် ပေါက်ကွဲ သွားတာပေါ့။ အဲဒါ ခုနစ်လအရွယ် ကလေးကလည်း ဘေးမှာရှိနေတာ”**

ရင်ပေါင်တိုင်ရွာကို စစ်ကောင်စီတပ်က ဩဂုတ်လ ၁၁ ရက် နေ့ကနေ ၁၄ ရက်နေ့အထိ သုံးရက်ကြာ မြေပြင်ရော၊ ဝေဟင်ကပါ အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီး အဲဒီတုန်းက အသက် ၁၀ နှစ်ကနေ ၈၅ နှစ်ရွယ်ထိ အရပ်သား ၁၉ ဦး သေဆုံးခဲ့ပါတယ်။

RFA က ပြုစုထားတဲ့စာရင်းတွေအရ အောက်တိုဘာ ၁ ရက်ကနေ နိုဝင်ဘာ ၃၀ ရက် အထိ နှစ်လအတွင်း နိုင်ငံတစ်ဝန်း လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနဲ့ မြေမြှုပ်မိုင်း ပေါက်ကွဲမှုတွေကြောင့် အရပ်သား ၁၀၅ ဦး သေဆုံး ခဲ့ပြီး ၂၆၃ ဦး ဒဏ်ရာ ရရှိခဲ့ပါတယ်။ သေဆုံးသူတွေမှာ ကလေး ၁၅ ဦးနဲ့ ဒဏ်ရာရသူတွေထဲ မှာ ကလေး ၄၇ ဦး ပါဝင်ပါတယ်။

https://www.rfa.org/burmese/news/yinpaungtaing-weapon-children-died-12162022000542.html

------------------------------------------------------------------------------------------------

**ရေစကြို၊ ထီးလင်းနှင့် ဝက်လက်မြို့နယ်တို့တွင် တိုက်ပွဲဖြစ်၊ စစ်ကောင်စီတပ်ဖွဲ့ဝင်များ ထိခိုက် သေဆုံး**

Published By DVB | 16 December, 2022



မကွေးတိုင်း၊ ရေစကြိုမြို့နယ်မှာ ဒီဇင်ဘာ ၁၅ ရက် မနက်က စစ်ကောင်စီတပ်သားတွေနဲ့ ဒေသကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က ၄ ယောက် သေဆုံးကာ ၇ ယောက် ဒဏ်ရာရရှိခဲ့တယ်လို့ Urban Underground Revolution Force (ရေစကြို) ကနေ သိရပါတယ်။

ရေစကြိုမြို့ ထင်းတန်းရပ်ကွက်မှာ မနေ့မနက်ပိုင်းက စစ်ဆင်ရေးတခုပြုလုပ်ဖို့ ညီနောင်မဟာမိတ်တပ်တွေ စုပြီးနားနေချိန်မှာ ပျူစောထီးတွေက သတင်းပေးပို့တာကြောင့် စစ်ကောင်စီတပ် ရောက်လာပြီး ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့တာလို့ UURF (ရေစကြို) ရဲ့ ပြန်ကြားရေးတာဝန်ခံ ကိုကေချစ်က ဒီဗွီဘီကို ပြောပါတယ်။

“စစ်ကောင်စီတပ်သားတွေဟာ ပြည်သူတယောက်ကို လူသားဒိုင်းအဖြစ် ဖမ်းခေါ်လာတာကြောင့် ဆုတ်ခွာပေးခဲ့ပေမဲ့လည်း စစ်ကောင်စီဘက်က (ပ) ပုံသဏ္ဌာန် ဗျူဟာကို အသုံးပြုပြီး ပိတ်ဆို့လာတာကြောင့် ပြန်လည်ခုခံတိုက်ခိုက်ရာ စစ်(...)တွေဘက်က ၄ ယောက်သေဆုံးပြီး ၇ ယောက် ဒဏ်ရာရရှိကာ ပြန်လည်ဆုတ်ခွာသွားကြတယ်။”

စစ်ကောင်စီတပ်ဘက်က သေဆုံးသွားတဲ့ အလောင်းတွေနဲ့ ဒဏ်ရာရလူနာတွေကို သယ်ပြီး ပြန်ဆုတ်ပြေးတဲ့အချိန်မှာ သူတို့ဘက်က ကျကျန်ခဲ့တဲ့ လက်ကိုင်ဖုန်းတလုံးကို သိမ်းဆည်းနိုင်ခဲ့တယ်လို့ ဆိုပါတယ်။



အဲဒီတိုက်ပွဲကို မြင်းခြံ Black Tiger၊ Black Wolf PDF (MDY)၊ VOMDY၊ The Volue Of Young Men၊ ခွပ်ဒေါင်းနီ ပြောက်ကျားတပ်ဖွဲ့တို့နဲ့အတူ ပူးပေါင်းတိုက်ခိုက်ခဲ့တာဖြစ်ပြီး ညီနောင်မဟာမိတ်တပ်ဖွဲ့တွေဘက်က အထိအခိုက် အကျအဆုံး မရှိခဲ့ဘူးလို့ ဆိုပါတယ်။

အလားတူ မကွေးတိုင်း၊ ထီးလင်းမြို့နယ်မှာ ဒီဇင်ဘာ ၁၄ ရက်က ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က ဒဏ်ရာအပြင်းအထန်ရရှိသွားတဲ့ စစ်ကြောင်းမှူး အပါအဝင် ၃ ယောက် ထပ်မံသေဆုံးခဲ့တယ်လို့ ယောတော်လှန်ရေးတပ်-YRA (ထီးလင်း) ကနေ သိရပါတယ်။

YRA (ထီးလင်း) ခေါင်းဆောင် သခင်ဇော်က "ထီးလင်းမြို့နယ် ညောင်ဟောင်းရွာနားမှာ ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီလောက်က ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲအတွင်းမှာ ဒဏ်ရာရရှိသွားတဲ့ အထဲက ရွှေအောင်သာ အထိုင်တပ်စခန်းက စစ်ကြောင်မှူး တပ်မှူးတယောက် အပါအဝင် ၃ ယောက်ဟာ ဒီဇင်ဘာ ၁၅ ရက် ညပိုင်းက အောင်း(မြောက်) ရွာမှာ သေဆုံးခဲ့တယ်လို့ ကျနော်တို့ ကင်းထောက်တွေက သတင်းပေးပို့တယ်" လို့ ပြောပါတယ်။

အဲဒီစစ်ကောင်စီစစ်ကြောင်းဟာ မနေ့ ဒီဇင်ဘာ ၁၅ ရက် ညက အောင်း(မြောက်)ရွာထဲမှာ ညအိပ်စခန်းချပြီး တော်တော်လေး ဆူဆူညံညံ ငိုသံတွေ ကြားခဲ့ရတယ်လို့ ဆိုပါတယ်။

"အဲဒီ စစ်(...) အလောင်းတွေကိုတော့ ရွှေအောင်သာ အထိုင်တပ်စခန်းမှာ ဒီနေ့ ဒီဇင်ဘာလ ၁၆ ရက်နေ့ မနက် ၈နာရီလောက်မှာ သေနတ်ပစ်ဖောက် အလေးပြု မီးသင်္ဂြိုဟ်ခဲ့ကြတယ်" လို့ သခင်ဇော်က ပြောပါတယ်။

ထီးလင်းမြို့နယ်မှာ ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက စစ်ကောင်စီစစ်ကြောင်းကို YRA (ထီးလင်း) က တိုက်ခိုက်ခဲ့လို့ စစ်ကောင်စီတပ်သား ၁ ယောက် ပွဲချင်းပြီးသေဆုံးကာ ၁၀ ယောက်ထက်မနည်း ဒဏ်ရာရရှိခဲ့လို့ ထမ်းစင်တွေနဲ့ ထမ်းပိုးသွားကြပြီး ၃ ယောက် ထပ်မံသေဆုံးခဲ့တာလို့ သိရပါတယ်။

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်အရှေ့ခြမ်းက ရှိမ်းမကားကျေးရွာမှာတော့ ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီလောက်က စစ်ကောင်စီနဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေး ဗိုလ်ကျားကြီးအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့လို့ ဒေသခံတွေ ညအချိန်မှာ နေရပ်စွန့်ခွာ စစ်ဘေးရှောင် ထွက်ပြေးကြရပါတယ်။

ဒေသခံရွာသားတဦးက "အရင်ဆုံး ရဲစခန်းအနောက်ဘက် ဖုန်းတာဝါတိုင်ဆီကနေ ပေါက်ကွဲသံ အရင်ကြားရတယ်။ အဲလိုကြားပြီး ရဲစခန်းထဲကနေ လက်နက်ကြီးနဲ့ ပစ်တဲ့အသံတွေ၊ လက်နက်ငယ်နဲ့ ပစ်ခတ်တဲ့အသံတွေ ကြားရတယ်။ တဖက်ကလည်း ပြန်ပစ်တာတွေရှိတယ်။ အဲလိုဆိုတော့ ကိုယ့်အိမ်ထဲမှာ ကိုယ်နေရတာကို မလုံခြုံလို့ လွတ်ရာ ထွက်ပြေးရတယ်" လို့ ပြောပါတယ်။

အခုလို ရွာသားတွေ ရွာအပြင်ထွက်ပြေးနေချိန်မှာ ရှိမ်းမကားကျေးရွာအတွင်းက ဈေးဆိုင်နဲ့ လူနေအိမ် တော်တော်များများကို ရှိမ်းမကားရဲစခန်းအတွင်းမှ စစ်ကောင်စီတပ်သားတွေက ဆန်၊ ဆီနဲ့ တန်ကြေးရှိပစ္စည်းတွေနဲ့ ငွေတွေကို ရဲစခန်းအတွင်း သယ်ယူတာတွေ ပြုလုပ်ခဲ့တယ်လို့ ဒေသခံရွာသားတွေရဲ့ ပြောပြချက်အရ သိရပါတယ်။

"ကျနော်တို့က လမ်းဆုံက မိုင်တဲ ဖုန်းတာဝါတိုင်ကို မိုင်းထောင်ဖောက်ခွဲဖို့ သွားတယ်။ အဲဒါကို သူတို့စခန်း လာတိုက်တယ်အထင်နဲ့ ကျနော်တို့ရှိတဲ့ဘက်ကို စက်လတ်၊ ၆၀ မမတွေနဲ့ ရမ်းပစ်တာတွေ လုပ်တယ်ဗျ။ ကျနော်တို့ကိုပစ်တော့ ကျနော်တို့လည်း ရှော့ဒုန်းလက်နက်ကြီးတွေနဲ့ ပြန်လည်ပစ်ခတ်ခဲ့သေးတယ်။ စခ၊ ရခ အသေစာရင်း အသေးစိတ်ကတော့ လောလောဆယ် စုံစမ်းနေဆဲပဲ" လို့ ဗိုလ်ကျားကြီးက ပြောပါတယ်။

အဆိုပါတိုက်ပွဲတွေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်က ထိခိုက်သေဆုံးတဲ့ အခြေအနေကို သီးခြားအတည်မပြုနိုင်သေးသလို စစ်ကောင်စီဘက်ကလည်း သတင်းထုတ်ပြန်ထားတာ မတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/569192

------------------------------------------------------------------------------------------

## ရွှေကျင်တိုက်ပွဲမှာ လက်နက်ကြီးထိလို့ အရပ်သား တစ်ဦးသေဆုံး ဒေသခံ သုံးထောင်ကျော် ထွက်ပြေးနေရ

**RFA Burmese |** 2022.12.16



ပဲခူးတိုင်း ရွှေကျင်မြို့အဝင်တစ်နေရာအား တွေ့ရစဉ်။ Citizen Journalist

ပဲခူးတိုင်း ရွှေကျင်မြို့နယ်ထဲမှာ စစ်ကောင်စီတပ်နဲ့ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ပူးပေါင်းတပ်တို့ ဒီဇင်ဘာ ၁၅ ရက် မနေ့ကဖြစ်ခဲ့တဲ့ တိုက်ပွဲကြောင့် အရပ်သားတစ်ဦး လက်နက်ကြီးကျည်ထိမှန် သေဆုံးခဲ့သလို လူသုံးထောင်လောက်လည်း ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ကရင်အမျိုးသားအစည်းအရုံး KNU တပ်မဟာ (၃) ထိန်းချုပ်နယ်မြေ ရွှေကျင်မြို့နယ် လိမ်ပင်ဝဲရွာအနီးမှာ တိုက်ပွဲပြင်းထန်ခဲ့တာဖြစ်ပြီး ရွာထဲကို လက်နက်ကြီးကျည်ကျတာ ကြောင့် အသက် ၅၀ ကျော်အရွယ် ဦးကျော်ဦးစိုး သေဆုံးခဲ့ပါတယ်။

ဒါ့အပြင် အသက် ၁၀ နှစ်အရွယ် ကလေးတစ်ဦးနဲ့ အသက် ၆၀ ကျော် အမျိုးသမီးတစ်ဦး တို့လည်း ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ လိမ်ပင်ဝဲ ရွာသားတစ်ဦးက ပြောပါတယ်။

**“ဦးကျော်စိုးကတော့ ဦးခေါင်းထိသွားတာ။ ကလေးတစ်ယောက်ကလည်း တော်တော် ထိသွားလို့ ရန်ကုန်မှာ ဆေးကုနေရတယ်။ အမျိုးသမီးကြီးကတော့ ညှောင်လေးပင် ဆေးရုံ ပို့ထားရတယ်။ တပ်တွေက ၁၄ ရက်နေ့ ညတည်းက ဝိုင်းထားတာ။ မနက် ၅ နာရီကျော်မှာ စဖြစ်တာပဲ။ လက်နက်ကြီးတင် အလုံး ၃၀ လောက်ပစ်တယ်။ စစ်တပ်ကလည်း ပစ်။ ဟိုဘက်ကလည်း ပစ်ဆိုတော့ ရွာသားတွေပဲ ဒုက္ခရောက်တာ ပေါ့”**

အဲဒီတိုက်ပွဲကြောင့် လိမ်ပင်ဝဲရွာက ဒေသခံ သုံးထောင်ကျော်ဟာ တောတွင်းနေရာတွေနဲ့ ရွှေကျင်မြို့ပေါ်ကို ထွက်ပြေးတိမ်ရှောင်နေရပြီး အကူအညီတွေ လိုအပ်နေကြတယ်လို့ လည်း သူက ဆိုပါတယ်။

နှစ်ဘက်တိုက်ပွဲ အခြေနေတွေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်ကလည်း မထုတ်ပြန်သလို KNU ဘက်ကလည်း ထုတ်ပြန်တာမျိုး မရှိသေးပါဘူး။

စစ်ကောင်စီရဲ့ ပဲခူးတိုင်းပြောခွင့်ရ တိုင်းစီးပွားရေးဝန်ကြီး ဦးတင်ဦးကတော့ ရွှေကျင်မြို့ နယ်ထဲမှာ မနေ့က အဲဒီဖြစ်စဥ်တွေ မဖြစ်ခဲ့ဘူးလို့ RFA ကို ပြောပါတယ်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံး UNOCHA ရဲ့ ဒီဇင်ဘာ ၁၅ ရက်နေ့အထိ စာရင်းတွေအရ ပဲခူးတိုင်းအရှေ့ခြမ်းမှာ စစ်ဘေးဒုက္ခသည် ၅၄,၃၀၀ ကျော် ရှိနေပါတယ်။

https://www.rfa.org/burmese/news/three-thousand-flee-in-shwegyin-12162022013703.html

----------------------------------------------------------------------------------

## ထီးလင်းမှာ စစ်ကောင်စီတပ်နဲ့ ဒေသကာကွယ်ရေးအဖွဲ့တို့အကြား ထိတွေ့ မှုဖြစ်ပွား စစ်ကောင်စီတပ်မှူး အပါအဝင် ၄ ဦးသေဆုံး

By မဇ္ဈိမ | 16 December 2022

မဇ္ဈိမ။ ။ မကွေးတိုင်း၊ ထီးလင်းမြို့နယ် ရွှေအောင်သာရွာမှ ထီးလင်းဘက်သို့ ထွက်လာသည့် စစ်ကောင်စီစစ်ကြောင်းသည် ညောင်ပောင်းကျေးရွာအနီးတွင် ကင်းထောက်အဖွဲ့ နှင့် ဒီဇင်ဘာလ ၁၄ ရက်နေ့က ထိတွေ့ တိုက်ပွဲ ဖြစ်ပွားပြီး စစ်ကောင်စီဘက်က လေးဦးသေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူများရှိကြောင်း YRA-ထီးလင်းအဖွဲ့ တာဝန်ရှိသူတစ်ဦးကပြောသည်

၎င်းက “ ကင်းထောက်အဖွဲ့က ပစ်ခတ်လို့ တစ်ယောက်သေဆုံးပြီး နောက် ရဲဘောက်များ နောက်ဆုတ်ချိန်တွင် လက်နက်ကြီး ခုနစ်ချက် ပစ်ကူခဲ့ပြီးနောက် စစ်ကောင်စီတပ်တွေဟာ အောင်းမြောက်ရွာဘက်ကို ပြန်ဆုတ်သွားတယ်။ မနေ့ ည ၁၅ ရက်နေ့ ညက ရွှေအောင်သာ အထိုင်တပ်က အကြီးဆုံးတပ်မှူး တစ်ယောက် ကျတယ်၊ နောက်ထပ် တပ်ဖွဲ့ဝင် နှစ်ယောက် ကျတယ်၊ စုစုပေါင်း လေးယောက်ကျတယ်လို့ သိရတယ်” ဟုပြောသည်။

တိုက်ခိုက်မှုအတွင်း စစ်ကောင်စီဘက်က လက်နက်ကြီး လက်နက်ငယ်များ ဖြင့် ပြန်လည်ပစ်ခတ်ခဲ့သော်လည်း ဒေသကာကွယ်ရေးအဖွဲ့မှရဲဘော်များ ထိခိုက်မှုမရှိ ပြန်လည်ဆုတ်ခွာလာနိုင်ကြောင်း သိရသည်။

စစ်ကောင်စီတပ်များ ပြန်လည်ဆုတ်ခွာချိန်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင် အချို့ကို ထမ်းစင်များဖြင့်သယ်ထုတ် ခြင်း၊ ကျောပိုးသယ်ဆောင်ခြင်းများကို တွေ့ရှိခဲ့ရသည့်အတွက် ထိခိုက်ဒဏ်ရာရရှိသူများလည်း ရှိနိုင်ကြောင်း YRA-ထီးလင်းက ဆိုသည်။

“ အောင်းမြောက်ရွာထဲကို အဝင်မှာ ကင်းထောက်အဖွဲ့တွေမြင်ခဲ့တာက အထမ်း သုံးထမ်းရယ်၊ ကုန်းပိုးပြီးတော့ သွားတာတွေရယ်၊ တွဲပြီးတော့ သွားတာရယ်တွေကို မြင်တွေ့ခဲ့ရတယ်” ဟု YRA- ထီးလင်းက တာဝန် ရှိသူက ပြောသည်။

ထီးလင်းမြို့နယ်အတွင်း စစ်ကောင်စီ စစ်ကြောင်းတစ်ခုသာ ရှိနေပြီး မြို့ ၏ ငါးမိုင် ပတ်လည်အတွင်းသာ လှုပ်ရှားမှုတွေပြုလုပ်နေပြီး လက်ရှိအချိန်၌ စစ်ကြောင်းသည် ထီးလင်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။

https://www.mizzimaburmese.com/article/120705

-----------------------------------------------------------------------------------------------

## ဒီးမော့ဆိုတိုက်ပွဲအတွင်း ရွာနှစ်ရွာက အရပ်သားနေအိမ်တွေ မီးရှို့ဖျက်ဆီးခံရ

**RFA Burmese** | 2022.12.16



ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်အတွင်း မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာတစ်ရွာကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့က တွေ့ရစဉ်။ KNDF

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်အတွင်းမှာ ဒီဇင်ဘာလ ၁၃ ရက်နေ့နဲ့ ၁၄ ရက်နေ့ နှစ်ရက်တာတိုက်ပွဲအတွင်း ဘက်တလိန်ရွာနဲ့ ဝမ့်လထွားရွာက နေအိမ်တချို့ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့တယ်လို့ ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ KNDF က ဒီနေ့ သတင်းထုတ်ပြန်ပါတယ်။

အဲဒီရွာတွေမှာ စစ်ကောင်စီတပ်က တပ်စွဲထားတာကြောင့် မီးရှို့ခံရတဲ့ အိမ်အရေအတွက် ကိုတော့ တိတိကျကျ မသိရသေးဘူးလို့ KNDF ပြန်ကြားရေး တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

**"အခုလက်ရှိ မြေပြင်သတင်းပေးပို့ချက်အရ ကျေးရွာတွေမှာ နေအိမ်တွေ မီးရှို့ ခံနေရတယ်ပေ့ါနော်။ အိမ်အရေအတွက် အတိအကျတော့ မသိရသေးဘူး။ အခု စစ်ကောင်စီက စစ်ကြောင်းထိုးနေတော့ နေ့စဥ်လိုလို တိုက်ပွဲငယ်တွေတော့ ဖြစ်နေတယ်"**

ဒီဇင်ဘာ ၁၃ ရက်နေ့မှာ စစ်ကောင်စီတပ်က ဒီးမော့ဆိုမြို့နယ်၊ ဘက်တလိန်ရွာဘက်ကို ထိုးစစ်ဆင်လာလို့ ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ KNDF/B09 တပ်ဖွဲ့ဝင်တွေနဲ့ တိုက်ပွဲ သုံးကြိမ်အထိ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဘက်က ၃၀ ဦး ထိခိုက်ဒဏ်ရာ ရခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

စစ်ကောင်စီတပ်က ဒီးမော့ဆိုမြို့ပေါ်ကို ထိန်းချုပ်နိုင်ဖို့ အနီးအနားကျေးရွာတွေအထိ ထိုးစစ်ဆင်နေပြီး ရပ်ရွာတွေထဲကိုလည်း လက်နက်ကြီးတွေနဲ့ ပစ်ခတ်နေတယ်လို့ ဆိုပါတယ်။ လက်နက်ကြီးကျရောက်မှုကြောင့် ဒေါ်စဲရွာက အရပ်သားတစ်ဦးလည်း သေဆုံးခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ စစ်ကောင်စီရဲ့ ကယားပြည်နယ်ပြောခွင့်ရ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းဦးကို RFA က ဖုန်းနဲ့ဆက်သွယ်မေးမြန်းခဲ့ပေမယ့် ဖုန်းလက်ခံ ဖြေဆိုတာ မရှိပါဘူး။

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်အတွင်းက ကုန်းသာ၊ သေးဆူလဲ၊ ပူဖား၊ ဒုန်းကမီး ရွာတွေက စစ်ကောင်စီတပ်စခန်းတွေကို ကရင်နီတပ်မတော် KA၊ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်ဖွဲ့ KNDFနဲ့ မဟာမိတ် ပူးပေါင်းအဖွဲ့တွေက အခုနှစ် နိုဝင်ဘာလကုန် ပိုင်းက တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။

စစ်ကောင်စီတပ်က အဲဒီနေရာတွေကို ပြန်လည်ရရှိဖို့နဲ့ ဒီးမော့ဆိုမြို့ပေါ်ကို ထိန်းချုပ် နိုင်ရေးအတွက် ဒီဇင်ဘာလ ၄ ရက်နေ့ကစလို့ ပြန်လည်ထိုးစစ်ဆင်နေတာကြောင့် နေ့စဥ်လိုလို တိုက်ပွဲတွေဖြစ်နေတယ်လို့ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ တာဝန်ရှိသူတွေက ပြောပါတယ်။

https://www.rfa.org/burmese/news/burned-in-demoso-12162022065001.html

-----------------------------------------------------------------------------------------

## ဒီးမော့ဆိုမြို့နယ်၌ တိုက်ပွဲဖြစ် စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၀ ခန့် ထိခိုက်ဒဏ်ရာရ

Published By DVB | 16 December, 2022

ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ စံပြ ၆ မိုင်ကျေးရွာနဲ့ ဘက်သလိန်ကျေးရွာဘက်ကို စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်နဲ့ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) တို့ ဒီဇင်ဘာ ၁၃ ရက်က တိုက်ပွဲ ၃ ကြိမ်ဖြစ်ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၀ လောက် ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ KNDF က ထုတ်ပြန်ပါတယ်။

တိုက်ပွဲအပြီး စစ်ကောင်စီတပ်က လက်နက်ကြီးတွေနဲ့ ပစ်ခတ်လို့ ဒေါ်စဲကျေးရွာထဲကို လက်နက်ကြီး ၃ လုံး ကျရောက်ပေါက်ကွဲခဲ့လို့ ရွာသားတယောက် ထိခိုက်သေဆုံးခဲ့ကြောင်းလည်း ထုတ်ပြန်ပါတယ်။

ဒီဇင်ဘာ ၁၄ ရက်နေ့မှာလည်း ဘက်သလိန်ကျေးရွာအတွင်း တိုက်ပွဲမရှိဘဲ စစ်ကောင်စီတပ်က လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်နေကြောင်းလည်း ဆိုပါတယ်။

ဒီးမော့ဆိုမြို့နယ် သေးဆူလဲ-နန်းမယ်ခုံတစ်ကြောက ကျေးရွာတွေမှာ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လက်ရှိမှာ စစ်ကောင်စီတပ်က နေရာယူထားပါတယ်။

တိုက်ပွဲမှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ ထိခိုက်သေဆုံးမှုအခြေအနေကိုတော့ စစ်ကောင်စီက သတင်းထုတ်ပြန်တာမရှိပါဘူး။

နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက် အထိ ကရင်နီပြည်တွင်းက တိုက်ပွဲတွေမှာ ကျဆုံးသွားတဲ့ ကာကွယ်ရေးတပ်ဖွဲ့ရဲဘော် ၁၁ ဦး ရှိနေပြီး KNDF က ၇ ဦး၊ KA က ၂ ဦး၊ DMO-PDF က ၁ ဦးနဲ့ KRU ၁ ဦး ရှိကြောင်း ကရင်နီသတင်းအရင်းအမြစ်တွေအရ သိရပါတယ်။

https://burmese.dvb.no/archives/569203

------------------------------------------------------------------------------------

## ကော့ကရိတ်ဒေသတပိုက်တိုက်ပွဲများတွင် စစ်ကောင်စီတပ်မှ ဒုတပ်ရင်းမှူးအပါအဝင် ၆ ဦးကျော် သေဆုံး

By မဇ္ဈိမ | 16 December 2022

(မဇ္ဈိမ)။ ။ကရင်ပြည်နယ်အတွင်းမှ ကရင့်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ(၆) ထိန်းချုပ်နယ်မြေ ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့၊ ငါးတိုင်နှင့် လှိုင်ဝတို့တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ယနေ့ ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက် ၅ နာရီခွဲတွင် Lion Battalion Commando-ဗျူဟာစစ်ကြောင်း (KTLA)၊ KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့တို့မှ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ယင်းတိုက်ပွဲတွင် ငါးတိုင်လှျပ်စစ်ဓာတ်အားပေးခွဲစက်ရုံ၌တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင် အများ အပြားသေဆုံးခဲ့ပြီး ဒုတပ်ရင်းမှူး ဗိုလ်မှူးတစ်ဦး၊ တပ်ရေးဗိုလ်ကြီးတစ်ဦး၊ တပ်သားသုံးဦးနှင့် ရဲမေတစ်ဦး သေဆုံးခဲ့ကြောင်းသိရသည်။

“ကျုံဒိုး၊ ငါးတိုင်၊ လှိုင်ဝတို့ကို မနက် ၅ နာရီ ၄၀မိနစ်မှာ စတိုက်တယ်။ မနက် ၁၀ နာရီ ၁၀ မိနစ်မှာပြီး တယ်။ သေနတ်သုံးလက်ရတယ်။ ငါးတိုင်လှျပ်စစ်ဓာတ်အားပေးစက်ရုံမှာ ရဲနဲ့စစ်ကောင်စီတပ် ပေါင်းပြီး တပ်စွဲထားတာ။ အဲဒီမှာတော့ သူတို့ဘက်က ကျနော်တို့ခန့်မှန်းထားတာထက် ပိုပြီးအကျအဆုံးရှိမယ်” ဟု Lion Battalion Commando-ဗျူဟာစစ်ကြောင်း(KTLA)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

တိုက်ပွဲဖြစ်ပွားနေစဥ် စစ်ကောင်စီတပ်မှ Mi 35 တိုက်ခိုက်ရေးရဟတ်ယာဥ်တစ်စီးဖြင့် ဝေဟင်မှ နှစ်ကြိမ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ယနေ့ ကော့ကရိတ်ဒေသတပိုက်တိုက်ပွဲတွင် သဃ်န်းညီနောင်ဓာတ်အားခွဲရုံရှိ ပင်မထရန်စဖော်မာအကြီး သုံးလုံး ပေါက်ကွဲပျက်စီးခဲ့ပြီး အာရှလမ်းပိုင်းရှိ တောနော်ရေတံခွန်အနီးမှတံတားလည်း မိုင်းကွဲပျက်စီး သွားကြောင်း သိရသည်။

https://www.mizzimaburmese.com/article/120728

------------------------------------------------------------------------------------

## ကော့ကရိတ် ခလရ ၂၃၁ တပ်ရင်းကို KNLA ပူးပေါင်းတပ်များ တိုက်ခိုက်

Published By DVB | 16 December, 2022

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ တံတားကျိုးကျေးရွာအနီးမှာ စစ်ကောင်စီရဲ့ ခလရ ၂၃၁ တပ်ရင်းကို KNLA ပူးပေါင်းတပ်ဖွဲ့တွေက ဒီဇင်ဘာ ၁၆ ရက် မနက် ၁ နာရီလောက်မှာ ဝင်တိုက်ခိုက်ခဲ့တဲ့အတွက် တိုက်ပွဲဖြစ်ပွားနေတယ်လို့ KNLA တပ်မှူးတဦးက ဒီဗွီဘီကို ပြောပါတယ်။

စစ်ကောင်စီရဲ့ ခလရ ၂၃၁ တပ်ရင်းဟာ ဘားအံ-ကော့ကရိတ်သွားကားလမ်း (နတ်စင်ကွေ့) ဘေးမှာ တည်ရှိပြီး အခြေချစကခ ၁၂ နဲ့ အနီးကပ်ဆုံး တပ်ရင်းတခုဖြစ်သလို လက်ရှိမှာ အဖွဲ့စုံနဲ့ စုပေါင်းစစ်ဆေးရေးဂိတ် ဖွင့်လှစ်ပြီး ခရီးသွားယာဉ်တွေ၊ ကုန်တင်ယာဉ်တွေကို စစ်ဆေးနေတဲ့နေရာ ဖြစ်ပါတယ်။

KNLA တပ်မှူး စောကျော်သက်က "တိုက်ပွဲဖြစ်တာမှန်တယ်။ အခြေအနေ အသေးစိတ်တော့ မသိရသေးဘူး။ စစ်ကောင်စီဘက်က အခြေအနေလည်း မသိရသေးဘူး။ အခုလက်ရှိ တိုက်ပွဲက ဖြစ်နေတုန်းပဲ" လို့ ပြောပါတယ်။

ဒေသခံစစ်မှုထမ်းဟောင်းတဦးက "၂၃၁ တပ်ရင်းကို ဝင်စီးတာ။ အယောက် ၃၀၀ လောက် တပ်ရင်းကိုဝင်စီးတာ။ လက်နက်တွေပါသွားတယ်လို့ ကြားတယ်။ ၂၃၁ တပ်ရင်းက ဗိုလ်ကြီးနေလင်းထွန်း တယောက်ကျတယ်။ ရဲမေ ၄ ယောက် ကျတယ်ကြားတယ်" လို့ ပြောပါတယ်။

နှစ်ဖက်တိုက်ပွဲအတွင်း ထိခိုက်ကျဆုံးမှု အခြေအနေကိုတော့ ဒီဗွီဘီက သီးခြား အတည်မပြုနိုင်သေးသလို တိုက်ပွဲအတွင်း နှစ်ဖက် လက်နက်ကြီး အပြန်အလှန် ပစ်ခတ်ခဲ့ကြပြီး မနက် ၇ နာရီလောက်မှာ စစ်ကောင်စီက လေကြောင်းကနေ တိုက်ခိုက်ရေး ရဟတ်ယာဉ်နဲ့ လာရောက်ပံ့ပိုးကြဲတိုက်ခိုက်ခဲ့တယ်လို့ အနီးအနားကျေးရွာက ဒေသခံ ပြည်သူတဦးက ပြောပါတယ်။

အဆိုပါတိုက်ပွဲတွေကြောင့် လမ်းပိတ်နေပြီး ရာနဲ့ချီတဲ့ ခရီးသွားယာဉ်တွေနဲ့ ကုန်တင်ကားတွေဟာ ကျုံဒိုးမြို့နဲ့ ကိုးတိုင်လမ်းခွဲတွေမှာ ရပ်နားထားရပါတယ်။

ဒီနေ့မနက် ၅ နာရီကျော်လောက်ကလည်း မြဝတီ-ကော့ကရိတ် အာရှလမ်းပိုင်း မိုင်တိုင်အမှတ် ၁၄၅ ကီလိုမီတာနဲ့ ၁၄၆ ကီလိုမီတာအကြား တောနော်ရေတံခွန်အနီး အရင်မိုင်းခွဲခံထားတဲ့ တံတားနေရာမှာ ထပ်မံပြီး မိုင်းခွဲခံခဲ့ရပါတယ်။

ကော့ကရိတ်-မြဝတီလမ်းဟောင်း (ကားလမ်းဘေး) အနီး ခရိုင်ရဲတပ်ဖွဲ့စခန်းနဲ့ မြို့တွင်းက ကော့ကရိတ်မြို့မရဲစခန်းကို ဩဂုတ် ၁၅ ရက် မနက်ကလည်း KNLA ပူးပေါင်းတပ်ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့အတွက် ရဲမှူးအပါအဝင် သေဆုံးသူနဲ့ ဒဏ်ရာရရှိသူတွေ ရှိခဲ့တဲ့အပြင် လက်နက်ခဲယမ်းတွေပါ သိမ်းဆည်းခံခဲ့ရပါတယ်။

https://burmese.dvb.no/archives/569160

-------------------------------------------------------------------------------------------

## ကော့ကရိတ်တိုက်ပွဲ ပြင်းထန်

၁၆ ဒီဇင်ဘာ၊ ၂၀၂၂ | အေးအေးမာ

ကရင်ပြည်နယ် ကော့ကရိတ်အခြေစိုက် စစ်ကောင်စီတပ်ရင်းတွေကို ဒီဇင်ဘာလ ၁၆ ရက်က KNLA နဲ့PDF ပူးပေါင်းစစ်ကြောင်းတွေကဝင်ရောက်တိုက်ခိုက်ပြီး တိုက်ပွဲတွေပြင်းထန်နေသလို စစ်ကောင်စီဘက်ကလည်း လေကြောင်းပစ်ကူတွေနဲ့ ပြန်လည်တိုက်ခိုက်ခဲ့ပါတယ်။ တိုက်ပွဲတွေဖြစ်ပြီးနောက် ကောကရိတ်မြို့နယ်ထဲက တံတားတခုအောက်ခြေတိုင် မိုင်းထိပြီးကျိုးသွားတဲ့အတွက် မြဝတီကော့ကရိတ် ကားအသွားအလာတွေလည်း ပိတ်လိုက်ရပါတယ်။ ဒီသတင်းကို ဗွီအိုအေသတင်းထောက် မအေးအေးမာက သတင်းပေးပို့ထားပါတယ်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ထဲမှာ ဒီဇင်ဘာလ (၁၆) ရက်နေ့မနက်မှာတော့ တိုက်ပွဲတွေပြင်းထန်ခဲ့ပါတယ်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်နဲ့အတူ ပူးပေါင်းတပ်ဖွဲ့တွေက ကော့ကရိတ်မြို့နယ်ထဲက စစ်ကောင်စီရဲ့အခြေစိုက်စခန်းတွေကို ဝင်ရောက်ပစ်ခတ်ခဲ့တာပါ။ ဒီနောက်မှာတော့ တိုက်ပွဲတွေပြင်းထန်ပြီး

စစ်ကောင်စီဘက်ကလည်း လေကြောင်းပစ်ကူတွေသုံး တိုက်ခိုက်ခဲ့တယ်လို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ကိုစောမွန်ကပြောပါတယ်။

"ခလရ ၂၃၁ ကို KNLA နဲ့ PDF ပူးပေါင်းတပ်တွေ ဝင်တိုက်တာပါ။ သူတို့က တံတားကျိုးနားမှာ အခြေစိုက်တာ။ အဲဒီလို ဝင်တိုက်တော့ သူတို့ဘက်က MI 35 တွေနဲ့လေကြောင်းကနေ စစ်ကူပေးပြီးဝင်တိုက်ပါတယ်။ လေကြောင်းကနေ စစ်ကူပေးတာပေါ့။ တိုက်တာတော့ လေယာဥ်တွေလာသွားတာ သေချာပါတယ်။ ရွာတွေ အိမ်ခြေတွေလည်း ထိသွားတယ်။ ကျနော်တို့ဘက်က ပြန်ဆုတ်ခွါခဲ့တယ်။ တိုက်ပွဲတွေပြင်းထန်တယ်။ ကားလမ်းတွေပိတ်သွားတယ်။ တိုက်ပွဲတွေဖြစ်ပြီးတဲ့နောက် အသေအပျောက်စာရင်းကတော့ ကွန်ဖန်းမဖြစ်သေးဘူး။ သူတို့ဘက်ကကော ကျနော်တို့ဘက်ကကောပေါ့။ မြဝတီကားလမ်းကြီး ပိတ်သွားတယ်။ တံတားကျိုးဆိုတာ စစ်တပ်ဂိတ်လည်းရှိတယ်၊ ရွာလည်းရှိတယ်။"

တိုက်ပွဲတွေကတော့ ဒီရက်ပိုင်းငြိမ်သက်နေပြီးမှ အခုတဖန်တိုက်ပွဲတွေ ပြန်ပြီး ပြင်းထန်လာတာဖြစ်တယ်လို့လည်း ပြောပါတယ်။

"ဒီကြားထဲ ငြိမ်နေတာတော့ အတော်ကြာပြီး ခလရ ၂၃၁ ကို အခုဝင်တိုက်တာပဲရှိတယ်။ ပူးပေါင်းတပ်တွေပါ KNLA နဲ့ PDF ပူးပေါင်းတပ်တွေပါ စစ်ကြောင်းတွေပေါင်းထားပြီး၊ လူရွေးထုတ်ပြီး သွားတိုက်ကြတာပါ။ လေကြောင်းကတော့ လင်းအားကြီးတဲ့အချိန်မှာ စပစ်ပါတယ်။ မနက် ၇ နာရီ ၈ နာရီလောက်ထိ ခေါက်တုံ့ခေါက်ပြန်နဲ့ သူတို့လာပစ်ပါတယ်။

တိုက်ပွဲတွေဖြစ်ပြီးတဲ့နောက် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အာရှလမ်းမကြီးပေါ် မှာရှိတဲ့ ကော့နွဲ့ကျေးရွာအနီး တော်နော်ရေတံခွန်နားက တံတားကတော့ အောက်ခြေတိုင် တခုမိုင်းထိပြီး ပျက်စီးသွားတာကြောင့် ကားတွေသွားလာလို့မရကြောင်း ဒေသခံတွေကလည်းပြောပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေဘက်ကတော့ ဒီဇင်ဘာလ (၁၆) ရက်နေ့တနေ့တည်းမှာပဲ ကော့ကရိတ်၊ လှိုင်း၀၊ ငါးတိုင်၊ ကျုံဒိုးနယ်မြေတွေက စစ်ကောင်စီရဲ့တပ်စခန်းတွေကို Lion Battalion Commando Special Force စစ်ကြောင်းအပါအဝင် ပူးပေါင်းတပ်ဖွဲ့တွေက တပြိုင်တည်းဝင်ရောက်တိုက်ခိုက်ခဲ့တယ်လို့လည်း သတင်းထုတ်ပြန်တာတွေရှိပါတယ်။

ပူးပေါင်းတပ်ဖွဲ့တွေဘက်က ငါးတိုင်လျှပ်စစ်ဓာတ်အားခွဲစက်ရုံမှာ တပ်စွဲထားတဲ့စစ်တပ်နဲ့ရဲတွေကို ဝင်ရောက်တိုက်ခိုက်မှုအပြီး လျှပ်စစ်မီးတွေလည်း ပြတ်တောက်သွားတယ်လို့ ဒေသခံတွေကဆိုပါတယ်။

ကော့ကရိတ်မြို့နယ်ထဲမှာတိုက်ပွဲတွေပြင်းထန်ပြီး အကျအဆုံးတွေရှိတယ်လို့ သတင်းကြားရပေမယ့် အရေအတွက် အတိအကျမသိရသေးပါဘူး။ စစ်ကောင်စီဘက်ကလည်း ကော့ကရိတ်တိုက်ပွဲအခြေအနေကို သတင်းမထုတ်ပြန်သေးသလို စစ်ကောင်စီဘက် က ပြောရေးဆိုခွင့်ရှိသူကို ဆက်သွယ်မေးမြန်းဖို့ကြိုးစားခဲ့ပေမဲ့ ဆက်သွယ်လို့မရသေးပါဘူးရှင်။

[https://burmese.voanews.com/a/ကာ့ကရိတ္-စစ္ေကာင္စီတပ္ရွင္း-ေတာ္ေနာ္ေရတံခြန္-ေ ေလေၾကာင္းပစ္ထုိး-ျမ၀တီ-တံတားမုိင္းထိ/6879353.html](https://burmese.voanews.com/a/ကာ့ကရိတ္-စစ္ေကာင္စီတပ္ရွင္း-ေတာ္ေနာ္ေရတံခြန္-ေ ေလေၾကာင္းပစ္ထုိး-ျမ၀တီ-တံတားမုိင္းထိ/6879353.html)

---------------------------------------------------------------------------------------------

## မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးမှာ တိုက်ပွဲပြင်းထန်နေ

**RFA Burmese |** 2022.12.16

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်က တံတားကျိုးရွာ စုပေါင်းဂိတ်မှာ စစ်ကောင်စီတပ်နဲ့ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KNLA၊ PDF ပူးပေါင်းတပ်ဖွဲ့တွေနဲ့ ဒီဇင်ဘာ ၁၆ ရက် ဒီနေ့ နေ့လယ်ပိုင်းထိ တိုက်ပွဲတွေ ပြင်းထန်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။



Lion Battalion Commando - ဗျူဟာစစ်ကြောင်း တပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။ Lion Battalion Commando - ဗျူဟာစစ်ကြောင်း

တိုက်ပွဲကြောင့် အာရှလမ်းမပေါ်က တံတားကျိုး စစ်ဆေးရေးဂိတ်ကို ပိတ်ထားပြီး ကုန်တင်ကားတွေနဲ့ ခရီးသည်တင်ယာဉ်တွေ ပိတ်မိနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

တံတားကျိုးရွာ စုပေါင်းဂိတ်မှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ဖွဲ့ကို KNLA နဲ့ PDF ပူးပေါင်းတပ်ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်ရမှာ ဒီနေ့မနက် ၅ နာရီခွဲကနေ ၁၁ နာရီခွဲအထိ တိုက်ပွဲပြင်းထန်နေပြီး နေ့လယ်ပိုင်းထိလည်း ပစ်ခတ်မှုတွေ ဆက်ရှိနေတယ်လို့ ဒေသခံတစ်ဦးက RFA ကိုပြောပါတယ်။

**"စစ်ကောင်စီဘက်ကတော့ အလစ်ဝင်တိုက်ခံရတာဆိုတော့ သေတော့သေနိုင်တယ်။ အထိနာလို့လည်း လေယာဉ်လာတာ တွေ့တယ်။ လေကြောင်းကနေလည်း ပုံးကြဲတယ်။ အဲဂိတ်ကလည်း ကော့ကရိတ်-ဘားအံ အာရှလမ်းမကြီးပေါ်မှာရှိတော့ အရေးပါတဲ့ ဂိတ်တစ်ခုလည်းဖြစ်နေတယ်။ စကစ ဌာနစုံစစ်ဆေးရေးဂိတ်ကြီးကို ကျောထောက် နောက်ခံ ကာကွယ်ပေးနေတဲ့ တပ်ရင်းပါ။ အဲဂိတ်ဘယ်လောက်ဆိုးလဲဆိုတာတော့ သတင်းအမြဲကြားနေကြအတိုင်းပါပဲ"**

တိုက်ပွဲအတွင်း စစ်ကောင်စီတပ်က ဗိုလ်မှူးတစ်ဦး၊ တပ်ရေးဗိုလ်ကြီး တစ်ဦး၊ တပ်သား သုံးဦးနဲ့ ရဲမေတစ်ဦး စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့ပြီး သေနတ် သုံးလက် သိမ်းဆည်း ရမိတယ်လို့ အဲဒီတိုက်ပွဲမှာပါဝင်တဲ့ Lion Battalion Commando စစ်ကြောင်းက ဒီနေ့မှာပဲ သတင်းထုတ်ပြန်ပါတယ်။

တိုက်ပွဲအတွင်း ထိခိုက်သေဆုံးမှုနဲ့ ပတ်သက်လို့ RFA အနေနဲ့ သီးခြားအတည်မပြုနိုင် သေးပါဘူး။

စစ်ကောင်စီရဲ့ ကရင်ပြည်နယ်ပြောခွင့်ရ ပြည်နယ် စီးပွားရေးဝန်ကြီး ဦးစောခင်မောင်မြင့် ကို RFA က ဆက်သွယ်ခဲ့ပေမယ့် ဖုန်းလက်ခံဖြေဆိုတာမျိုး မရှိသေးပါဘူး။

အခုတိုက်ပွဲဖြစ်ပွားနေတဲ့ ကရင်အမျိုးသားအစည်းအရုံး KNU ရဲ့ တပ်မဟာ (၆) ထိန်းချုပ် နယ်မြေထဲမှာ ပြီးခဲ့တဲ့ နိုဝင်ဘာတစ်လအတွင်း တိုက်ပွဲကြီး၊ တိုက်ပွဲငယ်ပေါင်း (၅၃) ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဘက်က (၇၉) ဦး သေဆုံးပြီး (၈၀) ဦး ထိခိုက်ဒဏ်ရာ ရခဲ့တယ်လို့ KNU က ထုတ်ပြန်ထားပါတယ်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံး UNOCHA ရဲ့ ဒီဇင်ဘာ ၁၅ ရက်နေ့အထိ စာရင်းတွေအရ ကရင်ပြည်နယ်ထဲမှာ စစ်ဘေးဒုက္ခသည် ၉၀,၄၀၀ ကျော်ထိ ရှိနေပါတယ်။

https://www.rfa.org/burmese/news/myawaddy-kawkareik-road-12162022034348.html

---------------------------------------------------------------------------------------

## လေးကေ့ကော်ဒေသ တိုက်ပွဲတွေကြောင့် ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေ နေရပ်မပြန်နိုင်သေး

၁၆ ဒီဇင်ဘာ၊ ၂၀၂၂ | အေးအေးမာ

ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်ရာ နယ်မြေမှာ စစ်ကောင်စီတပ်တွေနဲ့ တိုက်ပွဲတွေကြောင့် တိမ်းရှောင်နေရတဲ့ ဒေသခံတွေဟာ တနှစ်ကျော်တဲ့အထိ နေရပ်မပြန်နိုင်ပဲ ဖြစ်နေကြပါတယ်။ လေးကေ့ကော် ဒေသမှာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကစ တိုက်ပွဲတွေ ဖြစ်ခဲ့ပြီးနောက် အခုအချိန်အထိ နယ်မြေတည်ငြိမ်မှု မရှိသေးတာကြောင့် စစ်ဘေးဒုက္ခသည်တွေ မပြန်နိုင်ပဲဖြစ်နေတဲ့ အခြေအနေကိုတော့ ဗွီအိုအေ မြန်မာပိုင်း သတင်းထောက် မအေးအေးမာ သတင်းပေးပို့ ထားပါတယ်။

ကရင်ပြည်နယ် မြဝတီမြို့ တောင်ဘက် ကရင်အမျိုးသားအစည်းအရုံး KNU တပ်မဟာ(၆) ဒူးပလာယာခရိုင်အတွင်းမှာ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့ ကစပြီး နှစ်ဖက်တိုက်ပွဲတွေ ပြင်းထန်တာကြောင့် စစ်ဘေးရှောင်တွေ သောင်းနဲ့ချီပြီး နယ်စပ်သောင်ရင်းမြစ် တလျှောက်ထွက်ပြေး တိမ်းရှောင်ခဲ့ရပါတယ်။

အခု အချိန်မှတော့ စစ်ကောင်စီဘက်က နယ်မြေတွေကို ထိမ်းချုပ်နိုင်ပြီဖြစ်ကြောင်း နေရပ်ပြန်ဖို့ ဒေသခံတွေကို ပြောဆိုပေမဲ့ ဒေသခံတချို့သာ နေရပ်ပြန်နိုင်ပြီး လေးကေ့ကော်ဒေသက ဒေသခံအများစုဟာ တောတောင်ထဲမှာ ပုန်းအောင်းနေရတာမို့ နေရပ်မပြန်နိုင်သေးဘူးလို့ ဒုက္ခသည် အမျိုးသမီးတဦးက အခုလိုပြောပါတယ်။

" အခုက မပြန်နိုင်သေးဘူး ။ အခု လေးကေ့ကော် ဆိုရင် လုံးလုံးဘယ်လိုမှ ပြန်လို့မရသေးဘူး ။ ပြန်ရတယ်ဆိုလို့ မဲဝါးခီး နဲ့ ပဟိကလော် နဲ့ပဲ ပြန်ရတယ် ဆိုတာကတော့ လေးကေ့ကော် ကတော့ ပြန်ဖို့ခွင့် မပေးသေးဘူး ။ ပဟိကလောတို့ မဲ့ဝါးခီး တို့ ကပြန်တဲ့သူတွေကတော့ မြို့ထဲမှာ သွားလာနေတဲ့ သူတွေကိုကျတော့ ဓါတ်ပုံရိုက်ပေးတယ် ။ သူတို့ ကဒ်ထုတ်ပေးထားတယ် ။ ကဒ်ရှိမှ ဝင်လို့ ထွက်လို့ရတယ် ။ ကဒ်မရှိရင် ဝင်ထွက်ခွင့် မရဘူး ။ အခု ဒီအိမ်မှာ မိသားစု ၅ယောက်ဆိုရင် ကဒ်က ၅ခုလုပ်ပေးထားတယ်။ ကဒ်ပါမှ သွားလာလို့ရတယ် ။ ကဒ်မပါရင်တော့ သူတို့ဝင်ထွက်လို့မရဘူး။ အခက်အခဲဖြစ်တော့ သူတို့လည်း ပြန်ဝင်နေရတာပေ့ါ ။ကြောက်ကြောက်ရွံ့ရွံ့နဲ့ နေရတာပေ့ါ။ မပြန်ဘူးဆိုတာ ကြောက်နေရတော့ ပြန်နေလို့ တခုခုဖြစ်ရင် ကိုယ်ဖြစ်ကိုယ်ခံပဲ ။ ဘယ်သူမှ ကူမယ့်သူရှိမှာမဟုတ်ဘူး"

လေးကေ့ကော်ဒေသဘက်ကို မပြန်ရဲတာကတော့ အဲဒီဒေသတဝိုက် မှာ စစ်အင်အားတွေနဲ့ လုံခြုံရေးချထားသလို ထောင်ထားတဲ့မိုင်းတွေကြောင့် မပြန်ရဲကြတာဖြစ်တယ်လို့လည်း ဒုက္ခသည် အမျိုးသမီး က ဆက်ပြောပြပါတယ်။

" ရွာထဲမှာတော့ မိုင်းတွေ ထောင်ထားတာတွေရှိတယ်။ လေးကေ့ကော် က မပြန်ရဲကြတာ အဲဒီမိုင်းတွေကြောင့်ပဲ။ သောင်ရင်းမြစ်တလျှောက်မှာ စစ်ဘေးရှောင်တွေရှိတယ်။ ကျမတို့ နေရာမှာပဲ ရာကျော်ရှိတယ်။ မော်လီချိုင်းတလျှောက် စစ်ဘေးရှောင်တွေ တဲလေးတွေ အမိုးလေးတွေ လုပ်ပြီး နေကြတာပဲ"

ထိုင်း မြန်မာနယ်စပ် မြဝတီခရိုင်ထဲက KNU တပ်မဟာ ၆ ထိန်းချုပ်ရာ လေးကေကော်မြို့သစ် ထဲကို စစ်ကောင်စီတပ်တွေ ဝင်ရောက်ပြီး ဧရာဝတီတိုင်းက လွှတ်တော်အမတ် ၂ ဦး အပါအဝင် တက်ကြွလှုပ်ရှားသူ လူငယ်တွေကို ဖမ်းဆီးခဲ့ပြီးတဲ့နောက် KNU တပ်တွေနဲ့ မြန်မာစစ်တပ်ကြား တိုက်ပွဲတွေ ဒီနေ့ထိ ဆက်ဖြစ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ် ကာလမှာ စစ်ကောင်စီတပ်တွေက နေရာယူ တပ်စွဲလာတဲ့အတွက် မဲ့ထော်သလေး အပါအဝင် ဖလူးကြီး၊ ဖလူးလေး၊ ပဟိကလော်၊ မင်းလက်ပံ၊ လေးကေ့ကော်၊ ရသေ့ဂူ စတဲ့ ပစ်ခတ်မှုတွေကြား မလွတ်နိုင်တဲ့ ကျေးရွာတွေက ဒေသခံပြည်သူတွေဟာ သောင်ရင်းမြစ်ကိုဖြတ်ပြီး ထိုင်းဘက်ကို မကြာခန ထွက်ပြေးတာတွေလုပ်ခဲ့ပါတယ် ။

https://burmese.voanews.com/a/6878169.html

--------------------------------------------------------------------------------------------

## ရေးမြို့နယ်ရှိ စစ်ကောင်စီအမြောက်တပ်ကို ရေးဘီလူးအဖွဲ့က ပစ်ခတ်တိုက်ခိုက်

Published By DVB | 16 December, 2022



မွန်ပြည်နယ်၊ ရေးမြို့နယ်အခြေစိုက် မြောက်တပ်ကို ရေးဘီလူးအဖွဲ့က ဒီဇင်ဘာ ၁၆ ရက် မနက်မှာ ၄၀ မမ၊ ၇၉ လက်နက်တွေနဲ့ ၅ ချက်ထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့တယ်လို့ ရေးဘီလူးအဖွဲ့ခေါင်းဆောင်က ဒီဗွီဘီကို ပြောပါတယ်။

"အမြောက်တပ်စခန်းကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှာ စစ်ကောင်စီတပ်သားတွေ ထိခိုက်ကျဆုံး များပြားနိုင်ခဲ့တယ်။ အသေးစိတ်ကိုတော့ စုံစမ်းနေဆဲပဲဖြစ်တယ်။ ရေးဘီလူးအဖွဲ့ ဘက်ကတော့ အထိအခိုက်မရှိဘဲ ပြန်ဆုတ်ခွာသွားခဲ့တယ်။"

အမြောက်တပ်နဲ့ အနီးနားက ဒေသခံတယောက်က "ရေးအမြောက်တပ်ဘက်ခြမ်းမှာတော့ သေနတ်ပစ်သံတွေ ကြားရတယ်။ အနီးနားက ခြံသမားတွေက အမြောက်တပ် သေနတ်ပစ်နေတဲ့အချိန်မှာ ဘယ်သူမှ မသွားရဲကြဘူး။ ရေး-ထားဝယ် ကားလမ်းဘေးကတပ် ဖြစ်တော့ ခရီးသွားကားတချို့လည်း အသွားအလာ မလုပ်ကြဘဲ နာရီအတော်ကြာ နေခဲ့ရတယ်။ ဘာသံမှ မကြားတော့မှ လူတွေ ပြန်ပြီးသွားလာခဲ့ကြတယ်" လို့ ပြောပါတယ်။

ရေးဘီလူးအဖွဲ့ဟာ အခု စစ်ကောင်စီအမြောက်တပ်ကို ပစ်ခတ်တိုက်ခိုက်တာ အပါအဝင် စစ်ကောင်စီရဲ့ လက်ပါးစေတွေဖြစ်တဲ့ စစ်တပ်၊ ရဲ သတင်းပေး ၂ ဒါဇင်ကျော်လောက်ကို သုတ်သင်ရှင်းလင်းထားပါတယ်။

စစ်ကောင်စီတပ်ဘက်ကတော့ ရေးဘီလူးအဖွဲ့ဝင်တွေ အခြေစိုက်ရာ စခန်းတွေကို မြေပြင်ရော ဝေဟင်ကပါ ကင်းထောက် စုံစမ်းနေတဲ့ကြားက အခုလို တိုက်ခိုက်ခဲ့တာပါ။

မကြာခဏဆိုသလို အဲဒီအမြောက်တပ် တိုက်ခိုက်ခံရတာကြောင့် စစ်တပ်က ညဘက်တွေမှာ တပ်ဧရိယာအနီးနားကို လုံခြုံရေးတွေ တိုးမြှင့်ချထားတယ်လို့ ဒေသခံတယောက်က ပြောပါတယ်။

https://burmese.dvb.no/archives/569242

---------------------------------------------------------------------------------------

## BGF အသွင်ပြောင်းတော့မည်ဆိုသော ပြောဆိုချက်များ ALP ငြင်း

By ဧရာဝတီ | 16 December 2022

စစ်ကောင်စီနှင့် ငြိမ်းချမ်းရေး ယူထားသော ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (Arakan Liberation Party-ALP) အနေဖြင့် နယ်ခြားစောင့်တပ် (BGF) အသွင်ပြောင်းတော့မည်ဆိုသော ပြောဆိုချက်များ ထွက်ပေါ်နေခြင်းကို ငြင်းဆိုလိုက်ပြီး ပါတီတွင်း၌လည်း ဆွေးနွေးခြင်း၊ ဆုံးဖြတ်ထားခြင်းများ မရှိကြောင်း ALP ခေါင်းဆောင်ပိုင်းက ဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာ နောက်ဆုံးအပတ်က စစ်တွေမြို့၌ဟု ယူဆရသော တနေရာတွင် စစ်ကောင်စီတပ် ယူနီဖောင်းနှင့် ဆင်တူပြီး လက်မောင်းတံဆိပ်သာ ကွာခြားသည့် ဝတ်စုံများကို ဝတ်ထားသော ALP ရဲဘော်သစ် သင်တန်းဆင်းပွဲ ဓာတ်ပုံ များ လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့ရာမှ ရခိုင်ပြည်နယ်တွင် နယ်ခြားစောင့်တပ် (BGF) အဖွဲ့သစ် ပေါ်တော့မည်ဆိုကာ လူထု အကြား ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်နေခြင်းဖြစ်သည်။

ထိုသို့သော ထင်မြင်ချက်များနှင့် ပတ်သက်၍ ALP ဒုဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းကို ဧရာဝတီက ဆက်သွယ်မေးမြန်းရာ
"ဒီနေ့အချိန်ထိ ဆွေးနွေးနေကြတဲ့အထဲမှာ BGF အသွင်ပြောင်းဖို့ ပါတီမှာ ဆုံးဖြတ် ချက်လည်း မရှိသေးဘူး။ ကိုယ်တို့ ကလည်း BGF အသွင် ပြောင်းပါမယ်လို့ ပြောထားတာ တခုမှ မရှိသေးဘူး" ဟု ဖြေကြားသည်။

သို့သော် လက်ရှိတွင် ALP ပါတီ တပ်ဖွဲ့ဝင်များသည် စစ်ကောင်စီတပ်နှင့် တူညီသော ဝတ်စုံများ ဝတ်ဆင်ပြီး စစ်တွေမြို့၏ စက်ရုံစုရပ်ကွက် (မီးလောင်မြေ)တွင် ရုံးစိုက်ကာ ယင်းရုံး ရှေ့၌ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ပြီး လမ်းသွားလမ်းလာ ပြည်သူများအား စစ်ဆေးမှုများ ပြုလုပ်နေသည်။

စစ်တွေမြို့ခံတဦးက “ALP ပါတီက ပြည်သူကို ကာကွယ်ပါမယ်လို့ ကတိသစ္စာ ဆိုထားပြီးတော့ စက်ရုံစုရပ်ကွက်ထဲက လမ်းမှာ စစ်ကောင်စီ ယူနီဖောင်းတွေ ဝတ်ပြီးတော့ လမ်းသွားလမ်းလာတွေကို စစ်ဆေးတာက ပြည်သူတယောက် အနေနဲ့ နားမလည်နိုင်ဘူး။ ပြည်သူတွေအတွက် အလုပ်လုပ်နေရင် ပြည်သူကို ဘာ မသင်္ကာစရာရှိလဲ။ အခုက စစ်ကောင်စီထက် တောင် ဆိုးတယ်။ ဖုန်းတွေပါ စစ်ဆေးတာ” ဟု ပြောသည်။

ရခိုင်လူထု၏ အမြင်တွင် လက်နက်ကိုင်တော်လှန်ရေး ၂ဖွဲ့ ရှိသည့်အနက် ရက္ခိုင့်တပ်တော် (AA)က စစ်ကောင်စီတပ်နှင့် တိုက်ပွဲကြီး၊ တိုက်ပွဲငယ်များ ဖြစ်ပွားနေသော်လည်း ALP ပါတီ အနေဖြင့်မူ စစ်ကောင်စီနှင့် မည်သည့်တိုက်ပွဲမှ မရှိသလို နေပြည်တော်၌ စစ်ကောင်စီက ပြုလုပ်သည့် ဆွေးနွေးပွဲများနှင့်သာ အချိန်ကုန်နေသည်ဟု ထင်မြင်နေကြသည်။

“သူတို့ ရွေးချယ်စရာ ထွက်ပေါက်မရှိ ဖြစ်နေတယ်။ နောက်ဆုံး လုပ်ပိုင်ခွင့်တွေ ရလာမလားဆိုပြီး စစ်ကောင်စီကို ပလူး ပလဲ ပေါင်းလာတယ်။ အဲဒီလို ပေါင်းရင်လည်း အင်အားမရှိတော့ စစ်ကောင်စီ လက်အောက်ခံ အဖွဲ့အစည်းတခုလို တနေ့ ထက်တနေ့ အသွင်ဆောင်လာတယ်။ အဲဒီအတွက် ပြည်သူတွေကို စစ်ဆေးတာတွေ၊ ဖမ်းဆီးတာတွေ လုပ်လာနေ တယ်။ အဲဒီလို လုပ်တာကလည်း ကိုယ့်အားနဲ့လုပ်တာ မဟုတ်ဘဲ စစ်ကောင်စီအားကိုးနဲ့ လုပ်နေတာမျိုးတွေ မြင်နေရ တယ်” ဟု ရခိုင်နိုင်ငံရေးသမား ဦးဖေသန်းက ALP ပါတီနှင့် ပတ်သက်၍ ထိုသို့ မှတ်ချက်ပြုသည်။

ရခိုင်ဒေသခံအများစုကမူ ရခိုင်ပြည်လွတ်မြောက်ရေး ပါတီဝင်များ၏ လုပ်ရပ်များနှင့် ပတ်သက်ပြီး လက်မခံနိုင်ကြသလို တကျော့ပြန် ရခိုင်တိုက်ပွဲ ကာလအတွင်း၌လည်း စစ်တပ်က စစ်တွေမြို့ခံများကို ဖမ်းဆီးရာတွင် ALP က ပူးပေါင်းပါဝင်ခြင်း၊ သတင်းအချက်အလက် ပေးခြင်းများ ပြုလုပ်ခဲ့သည်ဟုလည်း စွပ်စွဲပြောဆိုကြသည်။

အဆိုပါ ပြောဆိုမှုများနှင့် ပတ်သက်ပြီး ပါတီအနေဖြင့် စစ်ကောင်စီနှင့် ပူးပေါင်းခြင်း မရှိသလို ရခိုင်ပြည်သူများ ထိခိုက် နစ်နာအောင် မည်သည့်ကိစ္စကိုမှ လက်ရှိအချိန်ထိ လုပ်ဆောင်ခြင်း မရှိကြောင်း ALP ဒုဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းက တုံ့ပြန်ပြောဆိုသည်။
“ကျမတို့ကို စွပ်စွဲနေတာ အများကြီးပဲ။ ပြောနေကြတာ အများကြီးပဲ။ ကျမတို့ သတင်းပေးစရာမှ မလိုတာ။ အခုလို အင်တာနက်ခေတ်မှာ ကျမတို့ သတင်းပေးစရာ မလိုဘူး။ အရမ်းကြီးနိမ်လာရင် လူသားပဲလေ။ လူသားဆိုတော့ မခံချိမခံသာ ဖြစ်သွားတဲ့ ကိစ္စတွေ ဖြစ်နိုင်တယ်။ မရှိဘူးလို့ မပြောနိုင်ဘူး။ ဒါပေမဲ့ ပြည်သူလူထုတွေ နစ်နာအောင်လို့ ပူပေါင်းပါဝင်တာ၊ ဖမ်းတာ ဆီးတာ ဘာတခုမှ ALP က လုပ်တာ မရှိဘူး” ဟု ဒေါ် စောမြရာဇာလင်းက ပြောသည်။

ပြီးခဲ့သည့် ဩဂုတ် ၇ ရက်ကလည်း ALP ပါတီဝင်များသည် စစ်တွေမြို့ စက်ရုံရပ်ကွက်မှ ကိုသိန်းဆန်းနှင့် ကိုအေးကိုတို့ကို သေနတ်ဖြင့် ပစ်ခတ်ပြီး ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ရာ ကိုသိန်းဆန်းမှာ သေနတ်ဒဏ်ရာဖြင့် ထွက်ပြေး လွတ်မြောက်ခဲ့သော် လည်း ကိုအေးကိုမှာ ALP ပါတီဝင်များ၏ ဖမ်းဆီးခြင်း ခံခဲ့ရသည်။

ALP ပါတီ ခေါင်းဆောင်များက အဆိုပါ ၂ ဦးအား ဖမ်းဆီးခြင်းမှာ ဩဂုတ် ၂ ရက်တွင် ၎င်းတို့တပ်ဖွဲ့မှ ဒုဗိုလ်မှူးကြီး ခိုင်ပေါ်လင်းအား AA တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ရာတွင် ပူးပေါင်းပါဝင်ခဲ့သူများအား တန်ပြန်ဖမ်းဆီးခဲ့ ခြင်းဖြစ်ကြောင်း၊ သေနတ် ပစ်ခတ်ခြင်း၊ သေနတ်ကိုင် ဆောင်ခြင်းများ မရှိခဲ့ကြောင်း သတင်းမီဒီယာများသို့ ပြောဆိုထားသည်။

AA ပြန်ကြားရေးတာဝန်ခံ ဦးခိုင်သုခက ALP သည် စစ်ကောင်စီနှင့် ပူးပေါင်းပြီး သစ္စာဖောက်လုပ်ရပ်များကို လုပ်ဆောင် နေကြောင်း ပြီးခဲ့သည့် ဩဂုတ် ၁၁ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောဆိုထားသည်။

သို့သော် ALP ပါတီသည် ရခိုင့်တော်လှန်ရေးတွင် သမိုင်းအစဉ်အလာ ကြီးမားသည့် တော်လှန်ရေး လက်နက်ကိုင်အဖွဲ့တဖွဲ့ ဖြစ်သည့်အတွက် မတရားပြောဆို စွပ်စွဲခြင်းများကို ရှောင်ရှားကြရန် ပါတီထိပ်ပိုင်းခေါင်းဆောင် ဒေါ်စောမြရာဇာလင်းက တိုက်တွန်းပြောဆိုသည်။

"အဖွဲ့ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မာနဆိုတာ ရှိတယ်၊ သမိုင်းဆိုတာ ရှိတယ်။ လွန်လာတယ် ဆိုရင် လူသားတွေရဲ့ ခံစားချက်ဆိုတာ လူတိုင်းမှာ ရှိတယ်။ လူကြီးတွေက သည်းခံမှုတရားတွေ အများကြီး ထားနိုင်ပေမယ့်လို့ လူငယ်တွေက မခံမရပ်ဖြစ်တာတွေ အများကြီးရှိတယ်။ အဲဒါကြောင့် မတရားပြောတာမျိုးကို ဆင်ခြင်ကြဖို့ ပြောဆိုနေတဲ့လူတွေကို ကျမ အသိပေးပါတယ်။ မတရားတော့ မပြောပါနဲ့။ အခုအချိန်ထိတော့ ကျမတို့ ဘာမှလည်း မတရား မလုပ်သေးပါဘူး" ဟု သူက ဆိုသည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အနေဖြင့် စစ်အင်အား မရှိခြင်း၊ ပါတီတွင်း နှစ်ခြမ်းကွဲခြင်းများ ဖြစ်ပေါ်နေသည့် အတွက် အင်အားချည့်နဲ့နေသည်ဖြစ်ရာ ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်အသွင်ပြောင်းမည်လား (သို့မဟုတ်) နိုင်ငံရေး ပါတီအဖြစ် ရပ်တည်မလားဆိုသည့် ထွက်ပေါက်နှစ်ခုသာ ရှိကြောင်းလည်း ရခိုင်နိုင်ငံရေးသမား ဦးဖေသန်းက သုံးသပ်သည်။

"ALP အနေနဲ့ စစ်ကောင်စီ လက်အောက်ခံအဖြစ် အသွင်ပြောင်းမယ်ဆိုရင်တော့ သမိုင်းဆိုးသွား မယ်။ အကောင်းဆုံးကတော့ AA နဲ့ ပူးပေါင်းနိုင်ဖို့ လိုတယ်။ ပူးပေါင်းတယ်ဆိုတဲ့ အခါမှာလည်း ခွဲတမ်းအနေနဲ့ တောင်းဆို ခြင်းမျိုး မဟုတ်ဘဲ ရိုးရိုးသားသားနဲ့ ကျတဲ့နေရာက တာဝန်ထမ်းဆောင်မယ်ဆိုတဲ့ အဲဒီ လမ်းကြောင်းနဲ့ ပူးပေါင်းမယ် ဆိုရင်တော့ ဖြစ်နိုင်တယ်" ဟု သူက ပြောသည်။

သို့သော်ထွက်ပေါက်အဖြစ် စစ်ကောင်စီ လက်အောက်ခံ နယ်ခြားစောင့်အသွင်ပြောင်းခြင်း၊ ပြည်သူ့စစ်အဖြစ် ရပ်တည်ခြင်း များ ပြုလုပ်မည် ဆိုပါကလည်း ရခိုင်ပြည်သူများ လက်ခံမည့်ကိစ္စတခု မဟုတ်သလို ရက္ခိုင့်တပ်တော် (AA) နှင့်လည်း ထိပ်တိုက်တွေ့မည် အခြေအနေ ရှိကြောင်း စစ်ရေးနိုင်ငံရေး အကဲခတ်များက ဆိုသည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ခေါင်းဆောင်များသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်ထိ စစ်တွေမြို့တွင် အစည်းအဝေးတရပ် ကျင်းပခဲ့ပြီး အစည်းအဝေး၌ ခေါင်းဆောင်ပိုင်း သဘောထားကွဲလွဲမှု ဖြစ်ပေါ်ခဲ့သည့် အတွက် အစည်းအဝေးကို ရပ်နားခဲ့ရကြောင်း သိရသည်။

ယင်းအစည်းအဝေးအပြီးတွင် ပါတီထိပ်ပိုင်းခေါင်းဆောင်များ ဖြစ်ကြသည့် ခိုင်ရဲခိုင် ဦးဆောင်သောအဖွဲ့နှင့် ခိုင်စိုးနိုင်အောင် ဦးဆောင်သော အဖွဲ့တို့ နှစ်ခြမ်းကွဲကာ ၂၀၂၂ ဇန်နဝါရီ ၆ ရက်နှင့် ဇန်နဝါရီ ၁၂ ရက်များတွင် တခုတည်းသော ပါတီတံဆိပ် ကို အသုံးပြုပြီး ပါတီစည်းမျဉ်းစည်းကမ်းများအား ဖောက်ဖြကြောင်း အပြိုင်အဆိုင် ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

နောက်ပိုင်းတွင် ALP ၏ ထိပ်ပိုင်းခေါင်းဆောင်တဦး ဖြစ်သော ဦးခိုင်စိုးနိုင်အောင် အပါအဝင် ခိုင်ကျော်လှိုင်၊ ခိုင်လင်းခိုင် တို့ကို ထုတ်ပယ်လိုက်ကြောင်း ဦးခိုင်ရဲခိုင်နှင့် ဒေါ်စောမြရာဇာလင်းတို့ ဦးဆောင်သောအဖွဲ့က ၂၀၂၂ ဇန်နဝါရီ ၂၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) သည် ၂၀၁၂ တွင် စစ်တွေမြို့၌ ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၂၀၁၅ တွင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ် ရေးထိုးထားသည့်အဖွဲ့ ဖြစ်သည်။

https://burma.irrawaddy.com/news/2022/12/16/256695.html

-----------------------------------------------------------------------------------------------

## နမ့်ဆန်က စစ်ကောင်စီ လေကြောင်းချီစစ်ဆင်ရေး ဘာကြောင့် ကျရှုံးရသလဲ

By ဧရာဝတီ | 16 December 2022

ရှမ်းပြည်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့ အနောက်မြောက်ဘက်ရှိ ပလောင် (တအန်း) အမျိုးသားလွတ်မြောက်ရေးတပ် (TNLA) ဌာနချုပ်ကို ရည်ရွယ်သည့် အာဏာသိမ်း စစ်ကောင်စီ၏ လေကြောင်း စစ်ဆင်ရေးသည် အဆုံးသတ်တွင် အရှုံးနှင့်သာ ရင်ဆိုင်သွားရသည်။

စစ်ကောင်စီတပ်သည် လေကြောင်းနှင့် လက်နက်ကြီးပစ်ကူ အမြောက်အမြားသုံးကာ TNLA ဌာနချုပ် ရှိနိုင်သည်ဟု ယူဆရသည့် ကုန်းသာရွာတွင် ရဟတ်ယာဉ် ၄ စီးဖြင့် ဆင်းကာ အနီးဝန်းကျင်ရွာများကို စီးနင်းတိုက်ခိုက်ခဲ့သော် လည်း TNLA ဌာနချုပ်အထိ မရောက်မီတွင် ဝိုင်းပတ်ချေမှုန်း ခံလိုက်ရခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်းက ခုခံတော်လှန်သူများကို လေကြောင်းစီးနင်း တိုက်ခိုက်မှုများ ပြုလုပ်ကာ လက်တွေ့အပွဲပွဲ နွှဲနေသည့် စစ်ကောင်စီတပ်သည် ယခုတကြိမ် အရှုံးပေါ်ခဲ့ရသည့်အတွက် အသံတိတ်သွားသလို စစ်ရေးလေ့လာ သူများ ကြား စိတ်ဝင်တစား ဆန်းစစ်ရမည့် ကိစ္စတရပ် ဖြစ်လာသည်။

### တအန်းတောင်တန်းများဆီ ချီလာသည့် တပ်

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း စစ်ကောင်စီတပ်သည် လားရှိုးမြို့၌ TNLA အရာရှိ ၂ ဦးအား ဖမ်းဆီးရမိခဲ့ပြီးနောက် အင်အား ၁၃၀ခန့်ပါ စစ်သည်များကို ရဟတ်ယာဉ် ၅စီးဖြင့် တင်ကာ နမ့်ဆန်မြို့နယ်ရှိ အသေးစီး လေကြောင်းချီ တိုက်ခိုက်မှုကို လုပ်ဆောင်လာခြင်း ဖြစ်သည်။



၂၀၁၉ ခုနှစ်က မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မုံတိုင်ဒေသတွင် ပြုလုပ်သည့် ပူးတွဲစစ်ရေးလေ့ကျင့် မှုတခု(CINCDS)

အင်အား ၁၃၀ ခန့်ဖြင့် မိုးမိတ်တွင် စုစည်းကာ ဒီဇင်ဘာ ၇ ရက် နေ့လယ် ၁ နာရီ ဝန်းကျင်တွင် နမ့်ဆန်မြို့နယ်၊ အနောက်မြောက်ဘက်ရှိ ကုန်းသာ၊ ဟူးမန်း၊ ပန်အလော့နှင့် ပိန်းလုံရွာများအား စီးနင်း တိုက်ခိုက်ခဲ့သည်။

အကြောင်းပြချက်မှာ နိုဝင်ဘာ ၁၈ ရက်က စစ်ကောင်စီတပ်က မိုးမိတ်မြို့နယ်တွင် TNLA၏ မဟာမိတ် ရက္ခိုင့် တပ်တော် (AA)၏ စခန်းတခုမှ Type-81 ချေမှုန်းရေးရိုင်ဖယ် ၇၈ လက်နှင့် ခဲယမ်းများ သိမ်းဆည်းရမိရာ TNLA ထံမှ လာသည့် လက်နက်များဟု စစ်ကောင်စီဘက်က ယူဆသလို TNLA သည် ပြည်သူ့ကာကွယ်ရေးတပ် (PDF) များကို လေ့ကျင့်ပေးနေသည်ဟု ယူဆကာ အလစ်အငိုက်ယူ၍ လေကြောင်းချီတပ်ကို သုံးကာ တိုက်ခြင်းဖြစ်သည်။

သို့သော် စစ်ကောင်စီတပ်၏ ရဟတ်ယာဉ် ၁ စီးသည် TNLA တပ်ဖွဲ့ဝင် များ ကင်းပုန်းဝပ်နေသည့် နေရာအား မှားယွင်းဆင်းသက်မိပြီး TNLA တပ်ဖွဲ့ဝင်များ၏ ပြင်းပြင်းထန်ထန် ပစ်ခတ်တိုက်ခိုက်မှုကို ခံလိုက်ရသည်။

ဒီဇင်ဘာ ၇ ရက် ည ၉ နာရီတွင် စစ်ကောင်စီတပ်များသည် တိုက်လေယာဉ်ဖြင့် စတင် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် ရဟတ်ယာဉ် ၂ စင်းဖြင့် စစ်သား ၅၀ ခန့် ထပ်မံ အင်အား ဖြည့်တင်းခဲ့ကာ မန်တုံနှင့် နမ့်ဆန်မြို့တို့မှ ၁၂၀ မမ လက်နက်ကြီးဖြင့် ပစ်ကူပေးခဲ့သော်လည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ကုန်းသာရွာတွင် TNLA တပ်ဖွဲ့ဝင်များ ၏ ဝိုင်းပတ်ချေမှုန်းခြင်း ခံလိုက်ရသည်။

တိုက်ပွဲသည် ၆ ရက်ဆက်တိုက် အပြင်းအထန်ဖြစ်ခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက် ညပိုင်းတွင် ပစ်ခတ်မှုများ ရပ်စဲသွားကြောင်း TNLA ထံမှ သိရသည်။

TNLA သတင်းနှင့်ပြန်ကြားရေးဌာနမှ ဒုဗိုလ်မှူးကြီး တာအိုက်ကျော်က ဒီဇင်ဘာ ၁၃ ရက်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ ဝင်ရောက်ခဲ့သည့် ကုန်းသာ၊ ဟူးမန်း၊ ပန်အလော့နှင့် ပိန်းလုံရွာများကို TNLA တပ်ဖွဲ့ဝင်များက ထိန်းချုပ်နိုင်ခဲ့ကြောင်း ဆိုသည်။

၎င်းက "တိုက်ပွဲဖြစ်တဲ့ရွာတွေကို တမြန်နေ့က ကျနော်တို့ ဝင်နိုင်ပြီ။ ရှင်းလင်းရေး လုပ်ငန်းတွေလည်း လုပ်နိုင်ပြီ။ ဟူးမန်းဘက်လည်း ကျနော်တို့ ဝင်နေရာယူနိုင်တဲ့ အနေအထားလည်း ရှိတယ်။ သူတို့ရဲ့ စစ်သားတွေကိုတော့ ကျနော်တို့ မတွေ့ရတော့ဘူး။ သူတို့ ဘယ်လမ်းကြောင်းက ပြန်ထွက်သွားသလဲတော့ ကျနော်တို့ မသိဘူး" ဟု ပြောသည်။

တိုက်ပွဲအတွင်း နှစ်ဖက်ထိခိုက်မှုများ ရှိသော်လည်း ထိခိုက်ကျဆုံးမှု အရေအတွက်ကို လတ်တလောတွင် မသိရသေးကြောင်း ဒုဗိုလ်မှူးကြီး တာအိုက်ကျော်က ပြောသည်။

TNLA မြေပြင်တပ်ဖွဲ့ဝင်များနှင့် နီးစပ်သည့် သတင်းရင်းမြစ်တဦးကမူ တိုက်ပွဲအတွင်း စစ်ကောင်စီ တပ်ဖွဲ့ဝင် ၇၀ နှင့်အထက် သေဆုံးပြီး တပ်ဖွဲ့ဝင် ၂၈ ယောက်ကို TNLA ဘက်က အရှင်ဖမ်းမိခဲ့ကြောင်း ဆိုသည်။



ပလောင် (တအန်း) အမျိုးသားလွတ်မြောက်ရေးတပ် (TNLA)၏ တန်ပြန်တိုက်ခိုက်မှုကို ခံလိုက်ရသည့် စစ်ကောင်စီ လေကြောင်းစစ်သည်များ ဤသို့ ကျဆုံးခဲ့သည်(Shwe Phee Myay)

လက်ရှိတွင် TNLA တပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းမှုများ လုပ်ဆောင်နေပြီး မိုးမိတ်မြို့ဘက်မှ စစ်ကောင်စီ စစ်ကြောင်းတကြောင်း တက်လာသဖြင့် စစ်ရေးတင်းမာနေသည့် အခြေအနေ ရှိကြောင်းနှင့် တိုက်ပွဲကြောင့် ကုန်းသာ၊ ဟူးမန်းနှင့် ပန်အလော့ရွာများမှ ဒေသခံ ၁၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးကြရကြောင်း၊ တိုက်ပွဲပြီးသည့်နောက် ဒေသခံအချို့ နေရပ်ပြန်လာမှု ရှိကြောင်း TNLA ၏ သတင်းထုတ် ပြန်ချက်အရ သိရသည်။

ဒုဗိုလ်မှူးကြီး တာအိုက်ကျော်က "တိုက်ပွဲပြီးတဲ့ ၁၃ ရက်ကနေ ၁၄ ရက်အထိက ရွာသားတွေ တချို့အိမ်တွေကို လာကြည့်ကြတယ်။ ၁၃ ရက်နေ့မှာ ကျနော်တို့ တပ်ဖွဲ့ဝင်တွေက ရွာထဲဝင်ပြီးမှ လက်နက် အကြွင်းအကျန်တွေ ရှင်းလင်းတာ၊ မိုင်းရှင်းတာတွေ လုပ်တယ်။ ရွာသားတွေ ရွာပြန်ဝင်နိုင်တဲ့အဆင့် ရောက်ပါပြီ။ တိုက်ပွဲဖြစ်တဲ့ ကုန်းသာရွာမှာတော့ အချို့အိမ်တွေ လုံးဝ ပျက်ဆီးတာ ရှိတယ်။ မီးလောင်သွားတာ ရှိတယ်" ဟု ဧရာဝတီကို ပြောသည်။

## ဒုတိယအကြိမ် ဆုံးရှုံးရခြင်း

စစ်ရေးလေ့လာသူ အချို့ကမူ မြန်မာစစ်တပ်၏ လေကြောင်းစီးနင်း တိုက်ခိုက်မှုသည် ယခုမှသာ ဆုံးရှုံးမှုနှင့် ကြုံရခြင်း မဟုတ်ဘဲ ၂၀၂၀ နှစ်ဆန်းပိုင်းကလည်း ရခိုင်ပြည်နယ် စစ်မျက်နှာ၌ ဖြစ်ခဲ့ဖူးကြောင်း ဆိုသည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့မြောက်ဘက်ရှိ မီး၀ ခြေကုပ်စခန်းအား ရက္ခိုင့်တပ်တော် (AA) က ဝိုင်းပတ်တိုက်ခိုက်စဥ် မြန်မာစစ်တပ်သည် အမှတ် (၇) ခြေမြန်တပ်ရင်းကို ရဟတ်ယာဥ်ဖြင့် စစ်ကူပို့ခဲ့သည်။

ယင်းစစ်ကူတပ်သည် AA ၏ ဝိုင်းပတ်ချေမှုန်းခံလိုက်ရပြီး တပ်ရင်းမှူးပါ အရှင်အဖမ်းခံလိုက်ရကြောင်း စစ်ရေးလေ့လာသူတဦးက ပြောသည်။

၎င်းက "အဲဒီတုန်းကလည်း ရဟတ်ယာဥ် ၈ စင်း၊ ၄ စင်းနဲ့ လူချ။ ၄ စီးနဲ့ ပစ်ပေါ့။ သူတို့ စစ်ကူပို့ဖူးတယ်။ အဲဒီတုန်းကလည်း စစ်ကြောင်း ၁ ကြောင်းလုံး ပြုတ်တယ်။ တပ်ရင်းမှူးတောင် အဖမ်းခံရတယ်။ ဆိုလိုတာက သူ့ရဲ့ လေကြောင်းချီ စစ်ဆင်ရေးကို စနစ်တကျတုံ့ပြန်ပြီး ဖွဲ့စည်းထားတဲ့ တပ်နဲ့တွေ့ရင် သူမနိုင်ဘူး။ ဆုံးရှုံးနိုင်တယ်ဆိုတာ ၂ ကြိမ် တွေ့ရတာပေါ့" ဟု ဆိုသည်။

စစ်ကောင်စီတပ်သည် အာဏာသိမ်းပြီးနောက် ပြည်သူလူထု၏ အုံကြွဆန့်ကျင်မှုနှင့်အတူ တပ်အင်အား မလုံလောက်မှုများ ကြုံလာရသဖြင့် လူအင်အား အများအပြား မလိုသော ရုတ်တရက် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများကို ပိုမိုလုပ်ဆောင်လာကြောင်း စစ်ရေးလေ့လာသူအချို့က သုံးသပ်ပြောဆိုသည်။

လေကြောင်းစီးနင်း တိုက်ခိုက်မှုများသည် လက်နက်အင်အားနည်းပါးပြီး စနစ်တကျစုဖွဲ့မှု မရှိသေးသည့် စစ်ကိုင်းတိုင်း က PDF များအား တိုက်ရာတွင် အလုပ်ဖြစ်ခဲ့သော်လည်း စနစ်တကျစုဖွဲ့ပြီး လက်နက်အင်အား တောင့်တင်းသည့် TNLA ကဲ့သို့ တပ်ဖွဲ့များနှင့် ရင်ဆိုင်ရသည့်အခါ အရှုံးနှင့် ကြုံရကြောင်း ပြည်တွင်းအခြေစိုက် စစ်ရေးလေ့လာသူတဦး က ပြောသည်။

၎င်းက “အခုလို စစ်ရှုံးရတာက ပထဝီအနေအထား သက်သက်တော့ မဟုတ်ဘူး။ သူက ကုန်းသာမှာ ဆင်းတယ်။ ပြီးရင်တပ်ကို ကုန်းသာမှာ ပြန်စုပြီး ရဟတ်ယာဉ်နဲ့ ပြန်ထွက်ဖို့ အဲဒီလို စီစဉ်ထားပုံရတယ်။ ပြဿနာက TNLA က အားလုံးဝိုင်းပတ်ပြီး ပွိုင့် ၅ တွေ၊ ၁၀၇ မမတွေပါ သုံးပြီး ပြန်တိုက်တော့ ပြန်ခေါ်မယ့် ရဟတ်ယာဉ်က ဆင်းလို့မရတော့ဘူး။ မြေပြင်က စစ်ကူကလည်း ရောက်မလာတဲ့အခါမှာ ကိုယ့်ဟာကိုယ် ဖောက်ထွက်ရတယ်။ အဲဒီအခါမှာ TNLA က လက်နက်အင်အားအသာ၊ တပ်အင်အားအသာနဲ့ ဝိုင်းပိတ်လိုက်တဲ့အခါမှာ ဆုံးရှုံးသွားတာပဲ” ဟု ဆိုသည်။

တအန်းနိုင်ငံရေးလေ့လာသုံးသပ်သူ ဆိုရ်ဒါင်းကလည်း ကချင်ပြည်နယ်ရှိ ကချင်တေးဂီတပွဲအား စစ်ကောင်စီက ဗုံးကြဲ တိုက်ခိုက်ခဲ့ပြီးနောက် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကို TNLA ဘက်က သတိထား ပြင်ဆင်ခဲ့ကြောင်း ပြောသည်။

၎င်းက “ဖားကန့် အနန့်ပါ ဗုံးကြဲခံရမှုက တော်လှန်ရေးသမားတွေအတွက် သင်ခန်းစာလည်း ဖြစ်စေတယ်။ ဒါကြောင့် TNLA ဘက်က ကြိုတင်ပြင်ဆင်မှု ရှိတယ်။ စစ်ကောင်စီတပ်တွေ လာနိုင်တယ်ဆိုတာကိုလည်း ကြိုခန့်မှန်းထားတယ်။ ခန့်မှန်းထားတဲ့အတိုင်း တက်လာတော့ TNLA ဘက်က လက်တွေ့ စစ်ရေးလေ့ကျင့်နေတဲ့အချိန်နဲ့ သူတို့ ထိုးစစ်လာတဲ့ အချိန်က ကွက်တိသွားကျတဲ့အခါ သူတို့ အထိနာသွားတယ်လို့ ယူဆပါတယ်” ဟု ဆိုသည်။

အမေရိကန်နိုင်ငံသား လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူ ပါမောက္ခ ဒေါက်တာ မီမီဝင်းဘတ်ကလည်း စစ်ကောင်စီတပ်၏ လေကြောင်း စစ်ဆင်ရေးကျဆုံးရခြင်းနှင့် ပတ်သက်၍ ၎င်း၏ ပုဂ္ဂလိကအမြင်ကို ယခုကဲ့သို့ ပြောသည်။

၎င်းက “အခုလို ဖြစ်တာက အံ့သြစရာတော့ မဟုတ်ဘူး။ ဒါက ဗျူဟာနဲ့လည်း ဆိုင်တယ်။ ထောက်လှမ်းရေး ကိစ္စတွေနဲ့လည်း ပတ်သက်တယ်။ အဲဒီဥစ္စာတွေ မရှိရင် ပြန်တိုက်ဖို့က မလွယ်ဘူး။ ကိုယ်က Reaction တော့ ရှိတယ်။ Offensive (ထိုးစစ်) မသွားနိုင်ဘူး။ သွားတိုက်ရုံနဲ့တော့ Offensive မဖြစ်ဘူး။ ဗျူဟာနဲ့ဆိုင်တယ်။ Fire Power ရှိရင် လွယ်ကူတယ်။ ဒါပေမဲ့ မရှိတဲ့အခါမှာ နိုင်အောင်တိုက်ဖို့ဆိုရင် ဗျူဟာနဲ့ဆိုင်တယ်။ ဗျူဟာကောင်းဖို့ဆိုရင် ထောက်လှမ်းရေး အချက်အလက်တွေ ကောင်းဖို့လိုတယ်။ ပထဝီကျွမ်းကျင်ဖို့လည်း လိုတာပေါ့” ဟု ဆိုသည်။

မြန်မာနိုင်ငံအခြေစိုက် စစ်ရေးလေ့လာသူအချို့ကလည်း စစ်ကောင်စီတပ်၏ လေကြောင်းချီ စစ်ဆင်ရေး ဒုတိယအကြိမ် ကျရှုံးရခြင်းသည် စစ်ကောင်စီတပ်အတွက် သက်ရောက်မှုရှိပြီး စုဖွဲ့မှုနှင့် လက်နက်တပ်ဆင်မှု ကောင်းသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အား လေကြောင်းမှတိုက်ရန် ကြံစည်သည့်အခါ ဂရုစိုက်စဉ်းစားရမှုများ ပိုမို လုပ်ဆောင်လာနိုင်ကြောင်း မှတ်ချက်ပြုသည်။

မြန်မာစစ်တပ်သည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လက်ထက် ၂၀၁၁ခုနှစ်က စ၍ ကြည်း၊ လေ၊ အမြောက် သံချပ်ကာ စသည့် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများ နှစ်စဉ် ပြုလုပ်လာရာ ၂၀၁၈ခုနှစ် ခန့်တွင် အသေးစားလေကြောင်း ချီ စစ်ဆင်ရေးများကို ထည့်သွင်း လေ့ကျင့်လာသည်ကို တွေ့ရသည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက် အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပေါ်လာသည့် လက်နက်ကိုင် တော်လှန်မှုများကို အလျင်အမြန် ရွေ့လျားနိုင်သည့် စစ်ဆင်ရေးတရပ်အဖြစ် လေကြောင်းချီတိုက်ခိုက်ခြင်းကို သုံး၍ တုံ့ပြန်ကာ နှိမ်နင်းမှု ပြုလုပ်နေခြင်းဖြစ်သည်။

https://burma.irrawaddy.com/article/2022/12/16/256701.html

--------------------------------------------------------------------------------

## နမ့်ဆန်မြို့ စစ်ရှောင် တချို့ နေရပ်ပြန်၊ နှစ်ဖက် တပ်ဖွဲ့ စစ်ရေး အင်အားဖြည့်တင်းနေဆဲ

By SHAN | December 16, 2022

သျှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့ပေါ် နှင့် ဇယန်းကြီး ဘုန်းကြီးကျောင်းသို့ ရောက်ရှိနေသော စစ်ဘေးရှောင်များ အချို့သည် နေရပ် ပြန်နေကြသော်လည်း နှစ်ဖက် တပ်ဖွဲ့ မှ စစ်အင်အား ဖြည့်တင်းနေကြကြောင်း သတင်းသိရသည်။



နေရပ်ပြန်သွားသည့် စစ်ရှောင်တချို့

ယနေ့ (ဒီဇင်ဘာလ ၁၆) ရက်တွင် နမ့်ဆန်မြို့ပေါ်သို့ ရောက်ရှိလာသော စစ်ရှောင်အချို့သည် စိုးရိမ်စိတ်များဖြင့် ပြန်သွားကြပြီး လက်ရှိတွင် ပြန်သွားသည့် စစ်ရှောင်ဦးရေကို စိစစ်နေဆဲဖြစ်ကြောင်း စစ်ရှောင်များကို ကူညီပေး နေသူထံမှ သိရသည်။

“အိမ်တွေ မွှေနှောက်ဖျက်ဆီးခံရမှာကို စိုးရိမ်တာ နဲ့ စစ်ရှောင်စခန်းမှာက နေရာကျဉ်းကြပ်လို့ပါ၊ အဲ့ဒါကြောင့် အခုတော့ တချို့က ပြန်သွားပြီ” ဟု နမ့်ဆန်မြို့ စစ်ရှောင်ကူညီပေးနေသူက သျှမ်းသံတော်ဆင့်ကို ပြောသည်။

လက်ရှိတွင် နေရပ်ပြန်သွားသည့် စစ်ဘေးရှောင်များက ပိန်းလုံရွာ၊ မန်လုံးရွာ နှင့် တာလတ်ရွာတို့မှ ဖြစ်ကြပြီး လူဦးရေ စာရင်းကို စိစစ်နေဆဲဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

သို့သော်လည်း လက်ရှိအချိန်ထိ စစ်ကောင်စီတပ်ဖွဲ့ နှင့် တအာင်း (ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော်တို့က စစ်အင်အား ထပ်မံ ဖြည့်တင်းနေလျက်ရှိပြီး စစ်ကောင်စီဘက်မှ ရဟတ်ယာဉ် နှစ်စီးဖြင့် နမ့်ဆန်မြို့ အနီးတစ်ဝိုက်ကို လည့်ပတ်နေကြောင်းလည်း သိရသည်။

“တကယ်တော့ စစ်ရေးက မငြိမ်သေးဘူး၊ စစ်ကောင်စီဘက်က လေယာဉ် ၂ စီးနဲ့ နေ့တိုင်း ခနခန လာပတ်နေတယ်၊ ပြီးတော့ TNLA ဘက်လည်း တပ်ရင်း ၃ ခု အင်အားဖြည့်နေတုန်းလို့ သိရတယ်၊ ပြီးတော့ စကစ က မိုးမိတ်ဘက် ကနေရော၊ မန်စံ (မိန်းမု) ဘက်ကရော နမ့်ဆန်ဘက်ကို စစ်အင်အား အများအပြားဖြည့်နေတယ်” ဟု နမ့်ဆန်မြို့ မှ အမည်မဖော်လိုသူ ဒေသခံအမျိုးသား တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ယင်းကဲ့သို့ စစ်ရေးတင်းမာမှု ရှိနေသည့်အပြင် စစ်ရှောင်ပြည်သူများ နေရပ်ပြန်သွားကြသည့် ကျေးရွာများမှလည်း လက်နက် အကြွင်းအကျန်များ ရှိနေနိုင်သေးသဖြင့် စိုးရိမ်မှု ရှိနေကြောင်းလည်း စစ်ရှောင်ကူညီနေသူက ဆက်ပြောသည်။

“လက်နက်ကြီး အကြွင်းအကျန်တွေ မပေါက်ကွဲသေးတဲ့ ဗုံးတွေ မိုင်းတွေ ရှိနေသေးတယ်၊ ဒါကြောင့် ပြန်သွားတဲ့ စစ်ရှောင်တွေ အတွက်က တော်တော်ကို စိုးရိမ်စရာကောင်းတယ်၊ ပြီးတော့ နောက်တစ်ဖန် တိုက်ပွဲပြင်းထန်လာ မှာကိုလည်း ကြောက်တယ်” ဟု စစ်ရှောင် ကူညီပေးနေသူက ဆက်ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၃ ရက်နေ့အထိ စစ်ကောင်စီတပ် နှင့် TNLA တပ်ဖွဲ့တို့ အကြား ပြင်းထန်ခဲ့သည့် တိုက်ပွဲကြောင့် ကုန်းသာကျေးရွာက နေအိမ် ၄၄ အိမ်က လက်နက်ကြီး လက်နက်ငယ် ထိမှန် ပျက်စီးပြီး စစ်ရှောင် ထွက်ပြေးရသည့် ကျေးရွာမှ အိမ်များသည် စစ်ကောင်စီ တပ်သားတို့၏ ဖောက်ထွင်း မွေနှောက်ခြင်းကို ခံရကြောင်းလည်း သိရသည်။

နမ့်ဆန်မြို့နယ်မှ အာဏာသိမ်း စစ်တပ် နှင့် TNLA တပ်တို့၏ တိုက်ပွဲအတွင်း ဟူးမန်းကျေးရွာသား ၂ ဦး သေဆုံးပြီး ၂ ဦး ထိခိုက်ဒဏ်ရာရရှိနေကြောင်းလည်း သတင်းသိရသည်။

https://burmese.shannews.org/archives/32063

-----------------------------------------------------------------------------------------------

## ရှာငံမြို့နယ် စစ်ကောင်စီမှ လုံခြုံရေး အင်အားတိုးပြီး စစ်ဆေးမှုများ တင်းကြပ်နေ

By SHAN | December 16, 2022

သျှမ်းပြည်တောင်ပိုင်း ရှာငံမြို့နယ်အတွင်းတွင် စစ်ကောင်စီတပ်ဖွဲ့ စစ်အင်အား တိုးချဲ့ချထားသည့် အပြင် စစ်ဆေးမေးမြန်းမှုများလည်း တင်းကြပ်နေကြောင်း သတင်းသိရသည်။



ရှာငံမြို့

ပြီးခဲ့သည့် ဒီဇင်ဘာလ ပထမပတ်အတွင်းမှ စတင်ကာ ရှာငံမြို့နယ်အတွင်း မီတာခ မဆောင်သည့် အရပ်သား နေအိမ်များကို ကျည်ဆံတစ်တောင့်ဖြင့် မီတာဆောင်ရန် ခြိမ်းခြောက်ပြောဆိုပြီး ယနေ့အချိန်ထိ လုံခြုံရေး အင်အားတိုးကာ စစ်ဆေးမေးမြန်းမှုများ တင်းကြပ်နေကြောင်း သိရသည်။

“မီတာခ ဆောင်ဖို့ ပြောတာကို ကျည်ဆံနဲ့ စာပို့လာတယ်၊ ပြီးတော့ ၁၄ ရက်နေ့မှာလည်း နာဘန်းကြီးရွာ ရဲ့ အနောက်ဘက်တောင်ကြောမှာ ပျူစောထီး နဲ့ စစ်ကောင်စီနဲ့ ပေါင်းပြီး PDF တွေကို ဝင်ဖမ်းတာ၊ ပစ်ခတ်မှုတွေ ဖြစ်သေးတယ်၊ အဲ့ကတည်းက ဒီနေ့ အထိ ရွာထဲမှာ စစ်သားတွေ နေရာယူပြီး စစ်ဆေးမှုလုပ်နေတယ်” ဟု ရှာငံမြို့ နယ်မှ အမည်မဖော်လိုသူ ဒေသခံ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ထို့အပြင် စစ်ကောင်စီ တပ်သားတို့သည် စစ်ကား ၂ စီးဖြင့် နာဘန်းကြီး ကျေးရွာ တလျောက် ၌ ကင်းလှည့်နေလျက်ရှိပြီး ချိတ်ပိတ် သိမ်းဆည်းထားသော နေအိမ်များကိုလည်း ဖြိုချ ဖျက်ဆီးလိုက်ကြောင်း သိရသည်။

“PDF တွေက နေရာရွှေ့ဖို့ လုပ်နေတဲ့အချိန် ဒလန်က သတင်းရလို့ စစ်ကောင်စီနဲ့ တိုက်ပွဲဖြစ်ပြီး အားလုံးက ဖမ်းဆီးခံလိုက်ရတယ်လို့ ပြောတယ်၊ နောက်တော့ အဲ့လူငယ်တွေကို ဘယ်ဖမ်းသွားလဲ မသိရဘူး၊ ချိတ်ပိတ်ထားတဲ့အိမ်တွေလည်း အဲ့နေ့မှာပဲ ဖျက်သွားတာ၊ စုစုပေါင်း ၇ အိမ်ပါ” ဟု အထက်ပါ အမျိုးသားက ဆက်ပြောသည်။

လက်ရှိတွင် စစ်ကောင်စီ တပ်သားတို့က ရှာငံမြို့ အဝင်အထွက်များကို တင်းကြပ်ပြီး စစ်ဆေးမေးမြန်းမှု များလည်း ကြမ်းတမ်းနေကြောင်း ဒေသခံများက ပြောသည်။

ရှာငံမြို့သည် စစ်တပ်အခြေစိုက် လှုပ်ရှားမှု မရှိသော်လည်း စစ်အာဏာသိမ်းပြီး နောက်ပိုင်းမှ ပြီးခဲ့တဲ့ ဧပြီလ အတွင်းမှ စတင်ကာ ဒေသခံများကို စစ်ကောင်စီတပ်ဖွဲ့မှ ဖမ်းဆီး သတ်ဖြတ်ခြင်း၊ နေအိမ် မီးရှို့ခြင်း နှင့် ဒေသခံများကို အကြောင်းမဲ့ ဖမ်းဆီးထားမှု ရှိနေကြောင်းလည်း သိရသည်။

https://burmese.shannews.org/archives/32068

------------------------------------------------------------------------------------------

## စစ်ကောင်စီ မှ ကျောက်မဲ စစ်ရှောင်များကို နေရပ်ပြန်ရန် ထပ်မံဖိအားပေး

By SHAN | December 16, 2022

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် သျှမ်းစာပေ နှင့် ယဉ်ကျေးမှုရှိ စစ်ဘေးရှောင်များ နေရပ်ပြန်ရန်အတွက် ကျောက်မဲ သျှမ်း စာ/ယဉ်ကို ခြိမ်းခြောက်ပြောဆိုမှုများ ရှိသည့်အပြင် စစ်ရှောင်များကိုလည်း အတင်းဖိအားပေး ကြောင်း သတင်းသိရသည်။



ကျောက်မဲ သျှမ်း စာ/ယဉ် ရှိ စစ်ရှောင်များ

ယမန်နေ့ (ဒီဇင်ဘာလ ၁၅) ရက် နံနက်ပိုင်းအချိန်တွင် အရပ်ဝတ်ဖြင့် မြို့နယ် ရဲမှူး၊ ဥ်ီးစီးမှူး နှင့် တခြား တာဝန်ရှိ သူ ၃ ဥ်ီးတို့မှ ကျောက်မဲ သျှမ်း စာ/ယဉ် ဝန်းသို့ ရောက်လာပြီး စစ်ရှောင်များ မဖြစ်မနေ နေရပ်ပြန်ကြရန် ဖိအားပေးခဲ့ကြောင်း သတင်း သိရသည်။

"မြို့နယ် ဥ်ီးစီးမှူး ဆိုတဲ့သူက စစ်ရှောင်တွေ နှစ်ကုန်တာ နဲ့ ကိုယ့်နေရပ်ကို ပြန်ကြရမယ်၊ မရ ရတဲ့နည်းနဲ့ ပြန်ကြ၊ ဒီနေရာမှာ စစ်ရှောင်ရှိနေတယ်ဆိုတာကို မကြားချင်တော့ဘူး၊ တကယ်လို့ သျှမ်း စာ/ယဉ်က ဆက်လက် လက်ခံ ထားမယ် ဆိုရင်လည်း အပြစ် ဖြစ်လိမ့်မယ်လို့ လာပြောသွားတယ်" ဟု ဖြစ်စဉ်ကို သိရှိရသည့် ကျောက်မဲဒေသခံ တစ်ဥ်ီးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ယင်းကဲ့သို့ မြို့နယ် ဥ်ီးစီးမှူး နှင့် အဖွဲ့သားများ စစ်ရှောင်စခန်းသို့ ရောက်လာပြီး ဖိအားပေး စေခိုင်းမှု ပြုလုပ်နေစဉ် စစ်ရှောင်များကို ရိက္ခာတချို့ လာရောက်ထောက်ပံ့ပေးနေသည့် အလှူရှင်များ ရှိနေချိန်လည်း ဖြစ်ရာ အလှူရှင်များ ကိုလည်း မြို့နယ် ဥ်ီးစီးမှူးအဖွဲ့များက ခြိမ်းခြောက်ပြောဆိုသွားကြောင်း အထက်ပါ ပုဂ္ဂိုလ်က ဆက်ပြောသည်။

"စစ်ရှောင်ကို လက်ခံပေးထားတဲ့ သျှမ်း စာ/ယဉ်ကိုလည်း ခြိမ်းခြောက်သွားတယ်၊ စစ်ရှောင်ကို ရိက္ခာလာထောက် ပံ့ကူညီပေးတဲ့ အလှူရှင်တွေကိုလည်း ခြိမ်းခြောက်သွားတယ်၊ အလှူရှင်တွေက သူတို့ တားမြစ်ထားတာကို လွန်ဆန်ပြီး စစ်ရှောင်ကို ကူညီနေတာ ဆိုပြီး ပြောသွားတယ်၊ အဲ့ကြောင့် အလှူရှင်တွေက ချက်ချင်း ပြန်သွားကြရတယ်" ဟု ၎င်းက ဆက်ပြောသည်။

ယင်းကဲ့သို့ ဖိအားပေး စေခိုင်းမှုကြောင့် သျှမ်း စာ/ယဉ် ရှိ စစ်ရှောင်များက နေရပ်ပြန်ရန် အဆင်မပြေသေးသည့် အတွက် စိုးရိမ်ပူဆွေးမှုများဖြင့် ငိုကြွေးနေရကြောင်းလည်း သိရသည်။

လက်ရှိတွင် စစ်ရှောင်များ နေရပ်ပြန်ရန်အတွက် နေရပ်ဇာတိမှ နေအိမ်များလည်း ပျက်စီးနေသည့်အပြင်၊ လုံခြုံရေးလည်း စိုးရိမ်ရသည့်အတွက် မြို့ပေါ် နေအိမ်ငှားရမ်းနေထိုင်ရန်လည်း အဆင်မပြေကြောင်း စစ်ရှောင်ကူညီသူများကပြောသည်။

“စစ်ရှောင်တွေက အခုလက်ရှိ နေ့စဉ် နေထိုင်စားသောက်ရေးတောင် အနိုင်နိုင်ဖြစ်နေတာ၊ အပြင်မှာ အိမ်ငှား နေထိုင်နိုင်ဖို့က ပိုပြီးတော့ ခက်ခဲတယ်၊ နေရပ် ပြန်ရမယ်ဆိုလည်း ကျန်ခဲ့တဲ့ အိမ်ယာတွေက ဘယ်လိုတောင် ပျက်စီး နေကြမလဲ၊ ဒါကြောင့် တချို့က ငိုကြွေး ပူဆွေးနေကြရတယ်” ဟု စစ်ရှောင်ကို ကူညီသူတစ်ဦးက ပြောသည်။

ကျောက်မဲ သျှမ်း စာ/ယဉ် သို့ ရောက်ရှိနေသော စစ်ရှောင်များသည် ဟူးဆွန်ကျေးရွာ၊ တွန်ဟိတ်ကျေးရွာ၊ ချုံးပောင်း နှင့် နဲမ်းဆိုင်းရွာ တို့မှ ဒေသခံများဖြစ်ကြပြီး အိမ်ထောင်စု ၄၈ နှင့် လူဦးရေ ၂၀၀ နီးပါးရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားသည့် မြောက်ပိုင်းမဟာမိတ် နှင့် သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့တို့ တိုက်ပွဲကြောင့် ဒေသခံ ၂၈ ရွာမှ လူဦးရေ (၅,၀၀၀) ကျော်တို့သည် နေရပ်စွန့်ခွာပြီး စစ်ရှောင်ထွက်ပြေးလာခဲ့ရသည်။

ကျောက်မဲဘက်မှ တချို့သော စစ်ရှောင်များသည် သျှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင် ဟိုပုံးမြို့နယ်သို့ ပြောင်းရွှေ့အခြေချသူများလည်း ရှိနေကြောင်း သတင်းသိရသည်။

https://burmese.shannews.org/archives/32054

---------------------------------------------------------------------------------------------

## စစ်အုပ်စုအကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၂၆၀၀ ကျော်ထိ ရှိလာ

Published By DVB | 16 December, 2022




မြန်မာနိုင်ငံမှာ အာဏာသိမ်း ၂ နှစ်နီးပါးအကြာ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၂,၆၀၄ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၆,၅၅၇ ယောက် ထိရှိလာခဲ့ပြီဖြစ်တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၁၃,၀၈၃ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၁,၇၁၇ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

တော်လှန်ရေးနဲ့ ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံထားရကာ အကျဉ်းထောင်တွေထဲ ထိန်းသိမ်းခံနေရသူအရေတွက်ကတော့ ၉၇ ယောက် ရှိနေပြီး မျက်ကွယ် သေဒဏ်ချမှတ်ခံထားရသူ ၄၂ ယောက်အပါအဝင် ၁၂၁ ယောက်ကတော့ မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရတာကြောင့် သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၃၉ ယောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။

လတ်တလောအချိန်ထိ အာမခံနဲ့ လွတ်မြောက်သူ ၂၄ ယောက်ရှိပြီး ပြန်လည်လွတ်မြောက်လာသူဦးရေကတော့ ၃,၄၅၀ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် အေအေပီပီကနေ လက်လှမ်းမီသမျှ မှတ်တမ်း ပြုစုထားချက်အရ

အာဏာသိမ်းချိန်ကနေ ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်ထိ အကြမ်းဖက်စစ်အုပ်စုက မတရားချိပ်ပိတ်သိမ်းဆည်းခဲ့တဲ့ နေအိမ်၊ အဆောက်အဦ အရေအတွက် စုစုပေါင်း ၉၈၈ ခုထက်မနည်း ရှိခဲ့တယ်လို့ ဆိုပါတယ်။

မန္တလေးတိုင်း၊ မန္တလေးမြို့က အသက် ၇၈ နှစ်အရွယ် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးရွှေထူး၊ အသက် ၅၇ နှစ်အရွယ် ဦးစိန်လင်းနဲ့ အသက် ၄၈ နှစ်အရွယ် ဦးဗညားတို့ ၃ ယောက်ကို အကြမ်းဖက်မှု တိုက်ဖျက် ရေးဥပဒေပုဒ်မ ၂ မှုစီနဲ့ ပြင်ဦးလွင်ခရိုင်တရားရုံးကနေ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၂ ရက်မှာ ထောင်ဒဏ် ၁၇ နှစ်စီချမှတ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ဦးလွင်မြို့ အနီးစခန်းရပ်ကွက် စိုက်ပျိုးရေးခြံမှာ သူတို့ ၃ ယောက်ကို ၂၀၂၂ ခုနှစ် ဧပြီ ၂၉ ရက်တုန်းက အကြမ်းဖက်စစ်အုပ်စုက ဖမ်းဆီးခဲ့ပြီးနောက် အိုးဘိုအကျဉ်းထောင်မှာ ချုပ်နှောင်ခံခဲ့ရကာ ၈ လအကြာမှာ အမိန့်ချမှတ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ဒါ့အပြင် စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ဝါးရောင်းကျေးရွာမှာ အရပ်သား ၅ ယောက်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၂ ယောက်တို့ကို ဒီဇင်ဘာ ၁၁ ရက်မှာ အကြမ်းဖက်စစ်အုပ်စုက ဖမ်းဆီးခဲ့ပြီးနောက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၂ ယောက်ကို သတ်ဖြတ်ခဲ့တယ်လို့ သိရပါတယ်။ သေဆုံးသွားသူ ၂ ယောက်ကတော့ အသက် ၂၄ နှစ်အရွယ် ကိုဇော်မျိုး (ခ) ညိုလုံးနဲ့ အသက် ၃၉ နှစ်အရွယ် ကိုအောင်မင်းတာ (ခ) အောင်မေတ္တာတို့ဖြစ်တယ်လို့ ဆိုပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/569108

-----------------------------------------------------------------------------------------------

## ဝေဟင်၊ မြေပြင်၊ ရေပြင်နှင့် ရေအောက် စစ်ဆင်နိုင်တော့မည်ဟု အကြမ်းဖက် စစ်ခေါင်းဆောင် ကြွားလုံးထုတ်

Published By DVB | 16 December, 2022



မြန်မာစစ်တပ်အနေနဲ့ ဝေဟင်၊ မြေပြင်၊ ရေပြင်နဲ့ ရေအောက် Dimension လေးခု စလုံးမှာ စွမ်းအားပြည့် စစ်ဆင်နိုင်တော့မယ်လို့ အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်ပါတယ်။

စစ်ကောင်စီလေတပ် ၇၅ နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်မနက်က မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်မှာ ကျင်းပရာမှာ စစ်ခေါင်းဆောင်က ပြောကြားလိုက်တာပါ။



ဒီပွဲမှာ မြန်မာလေတပ်အတွက် ပထမဦးဆုံး စတင်အသုံးပြုတဲ့ စတုတ္ထမျိုးဆက်လွန် Heavy Fighter ဘက်စုံသုံး အကြီးစားတိုက်လေယာဉ် Su-30 SME၊ ဘက်စုံသုံးအပေါ့စားတိုက်ခိုက်ရေး လေယာဉ် FTC 2000G လေယာဉ်၊ Y-8 သယ်ယူပို့ဆောင်ရေး လေယာဉ်၊ Ka-28 ရေငုတ်သင်္ဘောတိုက်ဖျက်ရေး ရဟတ်ယာဉ်၊ FT-7 ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်နဲ့ K-8W အမောင်းသင်ဂျက်တိုက်လေယာဉ်နဲ့ အပေါ့စားတိုက်ခိုက်ရေးလေယာဉ် အမျိုးအစားတွေကို တပ်တော်ဝင်အခမ်းအနားနဲ့အတူကျင်းပသွားပါတယ်။



အခုတပ်တော်ဝင်မယ့် လေယာဉ်၊ ရဟတ်ယာဉ်အသစ်တွေရဲ့ စွမ်းပကားတွေ ထပ်မံပေါင်းစပ်လိုက်မယ်ဆိုရင် တပ်မတော်(လေ)အနေနဲ့ မဟာဗျူဟာမြောက် အလှမ်းမီစစ်ဆင်နိုင်မှုအပြင် ရေငုပ်သင်္ဘော တန်ပြန်စစ်ဆင်နိုင်မှုတွေပါ ဆောင်ရွက် နိုင်မှာဖြစ်လို့ ဝေဟင်၊ မြေပြင်၊ ရေပြင်နဲ့ ရေအောက် Dimension လေးခု လုံးမှာ စွမ်းအားပြည့် စစ်ဆင်နိုင်တော့မယ်လို့ စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားမှာ ပြောကြားသွားပါတယ်။



ဒီအခမ်းအနားမှာ စစ်လေယာဉ်တွေ စွမ်းရည်ပြပွဲသန်းတာနဲ့ အုပ်စုဖွဲ့ပျံသန်းတွေလည်း ပြုလုပ်သွားခဲ့ပြီး စစ်ခေါင်းဆောင် အပါအဝင် စစ်တပ်ကအရာရှိကြီးတွေနဲ့ ဇနီးမယားတွေ တက်ရောက်ခဲ့ကြပါတယ်။

တည်ထောင်ခဲ့တာ ၇၅ နှစ်ကြာရှိနေပြီဖြစ်တဲ့ မြန်မာလေတပ်သမိုင်းမှာ ပြည်ပရန်ကို ကာကွယ်ခဲ့ရတာ သိပ်မများများစားစားမရှိခဲ့ဘဲ ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကိုသာ အဓိက တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။



လက်ရှိ စစ်အာဏာသိမ်းပြီးနောက်မှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကိုသာမက ခုခံတွန်းလှန်စစ်ပွဲ ဆင်နွှဲနေတဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေကိုတိုက်ခိုက်ရာမှာလည်း မြေပြင်တပ်တွေ အရေးနိမ့်နေတာကြောင့် လေကြောင်းအားကိုးနဲ့ အဓိက စစ်ဆင်နေတာဖြစ်ပါတယ်။

ဒါ့အပြင် အပြစ်မဲ့ ကျောင်းသားကလေးငယ်တွေ၊ စတိတ်ရှိုးဖျော်ဖြေပွဲတွေ၊ ပြည်သူတွေရဲ့ နေအိမ်တွေ၊ စာသင်ကျောင်းတွေနဲ့ ဘုန်းကြီးကျောင်းတွေကိုပါမကျန် တိုက်ခိုက်ရေး လေယာဉ်တွေ ရဟတ်ယာဉ်တွေအသုံးပြုပြီး ဗုံးကြဲတိုက်ခိုက်နေတာဖြစ်ပါတယ်။

https://burmese.dvb.no/archives/569107

---------------------------------------------------------------------------------------

## သတိထားရမယ့် တရုတ်လုပ် FTC - 2000G တိုက်လေယာဉ်များ

By Otto | 16 December 2022

ဒီဇင်ဘာ ၁၅ ရက်နေ့ဟာ စစ်ကောင်စီလေတပ်ရဲ့ နှစ်ပတ်လည်နေ့ဖြစ်ပြီး နှစ်စဉ် နှစ်ပတ်လည် အခမ်းအနား ပြုလုပ်လေ့ ရှိကာ ဒီနှစ် မိတ္ထီလာလေတပ်မှာ ပြုလုပ်ခဲ့တဲ့ ၇၅ နှစ်ပြည့် စိန်ရတု နှစ်ပတ်လည်နေ့မှာလည်း ဝယ်ယူထားတဲ့ လေယာဉ် အသစ်၊ ရဟတ်ယာဉ်အသစ်တွေကို တပ်တော်ဝင်ခဲ့ပါတယ်။

ရုရှားလုပ် SU30-SME လေကြောင်း စိုးမိုးရေး တိုက်လေယာဉ်တွေ (Air Superiority Fighters)ကိုလည်း တပ်တော်ဝင်ခဲ့ သလို တရုတ်လုပ်အပေါ့စားတိုက်ခိုက်ရေး လေယာဉ် FTC 2000G (JL-9) တိုက်လေယာဉ်များ (Light Attack Aircrafts) ကိုလည်း တပ်တော်ဝင်ထားတယ်လို့ သိရှိရပါတယ်။

ဒီလေယာဉ်များကို နမ့်ဆန်လေတပ်စခန်းမှာ ထားရှိမယ်လို့ သိရှိရပါတယ်။ တရုတ်နိုင်ငံကနေ ၂၀၂၀ ခုနှစ်များကတည်းက မှာယူထားတယ်ဆိုသော်ငြားလည်း နှစ်နှစ်ကျော်ကြာမှ လွှဲပြောင်းပေးအပ်တာ ဖြစ်ပါတယ်။ FTC 2000G တိုက်လေယာဉ် တွေကို စစ်ကောင်စီရဲ့လေယာဉ်မှူးတွေကိုယ်တိုင်လည်း ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်နိုင်ပါတယ်။

လက်ရှိအချိန်မှာ ဒီလေယာဉ်ကို တရုတ်လေတပ်နဲ့ ဆူဒန်လေတပ်တို့က အသုံးပြုနေပါတယ်။ စစ်ကောင်စီလေတပ်ဟာ တရုတ်အတွက် ဒုတိယမြောက်နိုင်ငံခြား ဝယ်လက်ဖြစ်ပါတယ်။

အတည်မပြုနိုင်သေးတဲ့ သတင်းတွေအရ FTC 2000G တိုက်လေယာဉ်တွေကို ကမ္ဘောဒီးယားနိုင်ငံကလည်း စိတ်ဝင်စား နေတယ်လို့ ဆိုကြပါတယ်။

စစ်ကောင်စီလေတပ်မှာ လောလောဆယ်အနေနဲ့ တန်ပြန် ပြောက်ကျားစစ်ဆင်ရေး (Counter-Insurgency Operation-COIN)နဲ့ အနီးကပ် လေကြောင်း ပစ်ကူပေးဖို့အတွက် (Close Air Support) တရုတ်လုပ်တိုက်လေယာဉ်များဖြစ်တဲ့ F 7 ကြားဖြတ်တိုက်လေယာဉ်များနဲ့ A 5 ဗုံးကြဲလေယာဉ်၊ K8-W အမောင်းသင်လေယာဉ်နဲ့ YAK 130 လို ရုရှားလုပ် အမောင်းသင်/အပေါ့စားတိုက်လေယာဉ်တွေကို အဓိက အသုံးပြုပါတယ်။



၂၀၁၈ တွင် စတင်ထုတ်လုပ်သော FTC 2000G (JL-9) တိုက်လေယာဉ်အုပ်စုဝင် တစီး

MI 35P တိုက်ခိုက်ရေး ရဟတ်ယာဉ်တွေကိုလည်း အညာဒေသမှာ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ သို့သော်လည်း F 7 နဲ့ A 5 ဗုံးကြဲလေယာဉ်တွေဟာ အိုမင်းဟောင်းနွမ်းရုံမက သက်တမ်းလွန်အဆင့်ကို ရောက်ရှိနေပါတယ်။

ဒီတော့ MIG 29 နဲ့ SU 30-SME လို အဆင့်မြင့်တိုက်ခိုက်ရေးလေယာဉ်တွေ ရှိသော်ငြားလည်း ပျံသန်းစရိတ်ကြီးမြင့်တဲ့အတွက် အပေါ်ကပြောတဲ့ တာဝန်နှစ်မျိုးကို လှည့်ကြည့်စရာမလိုဘဲ အဖိုးနည်း ဝန်ပါ ထမ်းဆောင်နိုင်တဲ့ လေယာဉ်အမျိုးအစားဟာ MI 35P တိုက်ခိုက်ရေး ရဟတ်ယာဉ်တွေကို ဖယ်လိုက်ရင် အရေအတွက်အားဖြင့် K8-Wနဲ့ YAK-130 နှစ်မျိုး စုစုပေါင်း အစင်းရေသုံးဆယ်ခန့်သာ ရှိပါတယ်။

အနန့်ပါဒေသ ပြည်သူများ ထိခိုက်သေကြေသေဆုံးခဲ့တဲ့ လေကြောင်းတိုက်ခိုက်မှုဟာ YAK 130 လေယာဉ်တွေ အသုံးပြုခဲ့တာလို့ သိရှိရပါတယ်။

လက်ရှိအချိန်မှာ တနိုင်ငံလုံးအနှံ့ စစ်ဆင်ရေးဝင်နေရတဲ့ စစ်ကောင်စီလေတပ်အတွက် ဒီလေယာဉ်တွေဟာ ကျောင်းဆင်း စ လေသူရဲများကို လေ့ကျင့်ပေးရာမှာရော အပေါ့စားတိုက်ခိုက်ရေးနဲ့ လေကြောင်းပစ်ကူ ပေးအပ်ရာမှာရော အဖိုးနည်းဝန်ပါ အလွန်အသုံးဝင်မယ့်တိုက်လေယာဉ်များဖြစ်ပါတယ်။




FTC 2000G (JL-9) တိုက်လေယာဉ် အမောင်းသင်စက်

FTC 2000G ကတော့ နှစ်ယောက်စီးတိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး ၂၃ မမ စက်အမြောက်နဲ့ ဗုံးနဲ့ ဒုံးကျည် လက်နက်များ ချိတ်ဆွဲရန်အတွက် နေရာခုနစ်ခု (Hardpoint) ပါရှိပါတယ်။ ၉၀ မမဒုံးကျည်တွေ တပ်ဆင်ပစ်ခတ်နိုင်ပြီး လက်နက် စုစုပေါင်းအလေးချိန် ၃ တန်ခန့် သယ်ဆောင်နိုင်တယ်လို့ သိရှိရပါတယ်။

၂၅၀ ကီလိုဂရမ်အလေးချိန်ရှိ ပဲ့ထိန်းဗုံးတွေလည်း ချိတ်ဆွဲအသုံးပြုနိုင်ပါတယ်။ လက်ရှိ တရုတ်လေတပ်မှာလည်း အသုံးပြုနေသလို မျိုးကွဲ အမျိုးမျိုးထွက်ရှိပြီးဖြစ်တဲ့ ခေတ်မီအမောင်းသင်/အပေါ့စား တိုက်ခိုက်ရေး လေယာဉ်ဖြစ်ပါတယ်။

အားနည်းချက်အနေနဲ့ကတော့ အသံထက်မြန်တယ်ဆိုရုံသာ အမြန်နှုန်း(Mach 1.2)နဲ့ ပျံသန်းနိုင်တာ ဖြစ်ပြီး အကြာဆုံး သုံးနာရီခန့်သာ တာဝန်ထမ်းဆောင်နိုင်ပါတယ်။ အနိမ့်ပျံပြီး ပစ်ကူပေး လေယာဉ်အဖြစ် အသုံးပြုဖို့ ရည်ရွယ်ထုတ်လုပ်ထားတာ ဖြစ်တဲ့အတွက် မီတာ ၁၆၀၀၀ ခန့်အမြင့်အထိသာ အမြင့်ဆုံးတက်ရောက်နိုင်ပါတယ်။

ဒီအချက်ကြောင့် FTC-2000G ကို Mach1.5 ကနေ 2.0 အမြန်နှုန်းနဲ့အထိ ပစ်ခတ်နိုင်ပြီး အမြင့်ပေမီတာငါးထောင်ခန့်အထိ တက်နိုင်တဲ့ IGLA, Strela-2 နဲ့ FN-6 အစရှိတဲ့ ပုခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးဒုံးပျံတွေက ကောင်းကောင်း ခြိမ်းခြောက်နိုင်ပါတယ်။

မြန်မာလေတပ် လက်ရှိအသုံးပြုနေတယ့် MIG 21 ကော်ပီ F 7 တိုက်လေယာဉ်တွေနဲ့ လေယာဉ်ကိုယ်ထည်ဒီဇိုင်းချင်း သိပ်မကွာတဲ့အတွက် လေယာဉ်ကိုယ်ထည်သက်တမ်း(air frame)နဲ့ စိတ်ချရမှုအပေါ်မှာ မေးခွန်းထုတ်မှုတွေ ရှိပါတယ်။




FTC 2000G (JL-9) တိုက်လေယာဉ် အရွယ်အစား

F 7 လေယာဉ်မှာထည့်သွင်းထားတဲ့ ဆိုဗီယက်နည်းပညာသုံး WP 13F အင်ဂျင်ကို ဆက်လက်အသုံးပြုထားမှုဟာလည်း လုံခြုံမှုအပိုင်းမှာ စဉ်းစားဖွယ်ဖြစ်တယ်လို့ ဆိုကြပါတယ်။ F 7 တိုက်လေယာဉ်တွေဟာ သက်တမ်းကြာလာတာနဲ့အမျှ လေပေါ် ခေါင်းတလားတွေလို့ နာမည်ကြီးကြပါတယ်။

လက်ရှိတပ်တော်ဝင်အရေအတွက်ဟာ ခြောက်စင်းလို့ ဆိုထားပေမယ့် အစင်းလေးဆယ်အထိ မှာယူထားတာကြောင့်မလို့ အနာဂတ်မှာ စစ်ကောင်စီလေတပ်ရဲ့ အနီးကပ်လေကြောင်းပစ်ကူနဲ့ ဗုံးကြဲစွမ်းရည်ကို ထိထိရောက်ရောက် အထောက်အကူပေးမယ့်လေယာဉ်ဖြစ်လာမှာကတော့ မလွဲမသွေပါပဲ။

လေတပ်တခုလုံးရဲ့ စစ်ဆင်ရေး အခေါက်ရေ ပျံသန်းနိုင်မှု(Sortie)လည်း တိုးမြင့်လာမှာလည်း ဖြစ်ပါတယ်။ ညတိုက်ခိုက်ရေး စစ်ဆင်ရေးတွေ(Night Attack)ရော ရာသီဥတုမရွေး စစ်ဆင်နိုင်တဲ့ All Weather Capability ပါ ရှိတာကြောင့် စစ်ကောင်စီရဲ့ စစ်ဆင်ရေးများမှာ လွန်စွာအရေးပါမယ့် လေယာဉ်အမျိုးအစားတခု ဖြစ်ပါတယ်။

ဒီလိုစွမ်းရည်မြင့် FTC-2000G လေယာဉ်တွေဟာ NUG အပါအဝင် တော်လှန်ရေးအင်အားစုများအတွက် သတိကြီးကြီးထားရမယ့် လေယာဉ်တွေထဲမှာ မလွဲမသွေပါလာမှာပဲ ဖြစ်ပါတယ်။

FTC-2000G လေယာဉ်များ ရောက်ရှိလာမှုဟာ စစ်ကောင်စီရဲ့လေကြောင်းစွမ်းပကားများကို စစ်ရေးအရရော အုပ်ချုပ် ထောက်ပံ့မှုလမ်းကြောင်းများအရပါ ထိန်းချုပ်ဖို့ အပူတပြင်းလိုအပ်နေပြီဖြစ်ကြောင်းလည်း မီးမောင်းထိုးပြလျက်ရှိနေပါတယ်။

https://burma.irrawaddy.com/article/2022/12/16/256705.html

------------------------------------------------------------------------------------------

## မိုးကျရွှေကိုယ်မူဝါဒ စစ်ကောင်စီ ပြန်ကျင့်သုံး

By ဧရာဝတီ 16 December 2022

စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်သည် ပြည်ထောင်စုအဆင့် ဌာနများနှင့် ဝန်ကြီးဌာနများသို့ စစ်အရာရှိ တဒါဇင်ကျော်ကို ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ပြောင်းလဲခန့်ထားလိုက်ပြီး အရပ်ဘက်ဌာနများကို စစ်တပ်ပုံစံသွင်းသည့် ယခင်အာဏာရှင်များ လုပ်သည့်အတိုင်း လုပ်ဆောင်နေသည်။

အစိုးရဝန်ထမ်းများ ရွေးချယ်ခန့်ထားသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ (UCSB)၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် (UEC) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာတို့သို့ စစ်အရာရှိများကို ပြောင်းရွှေ့ခန့်ထားသည်။

လွန်ခဲ့သောနှစ်က အာဏာသိမ်းမှုနောက်ပိုင်းတွင် စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်သည် သူ့ကို ထောက်ခံသူများအား ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် အကြီးအကဲများအဖြစ် ခန့်ထားပြီး အစိုးရဌာနအမျိုးမျိုးတွင် စစ်အရာရှိများကို ဆက်လက်ခန့်ထားနေသည်။

စစ်ကောင်စီ၏ အစိုးရအဖွဲ့အတွင်း ဝန်ကြီးဌာန ၃၀ အနက် ထက်ဝက်ကို စစ်အရာရှိများ အုပ်ချုပ်နေသည်။

**မိုးကျရွှေကိုယ် မူဝါဒ**



စစ်ကောင်စီ၏ အစိုးရအဖွဲ့အတွင်း ဝန်ကြီးဌာန ၃၀ အနက် ထက်ဝက်ကို စစ်အရာရှိများ အုပ်ချုပ်နေသည်

စစ်တပ်က အာဏာသိမ်းခြင်းနှင့် နိုင်ငံအုပ်ချုပ်ရေး ယန္တရားမှ အရေးပါသော ရာထူးများတွင် စစ်အရာရှိများကို ပြောင်းရွှေ့ခန့်ထားခြင်းသည် မြန်မာတွင် ဇာတ်လမ်းဟောင်းဖြစ်သည်။

ယခင် အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီး နေဝင်းက ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းပြီးနောက် ထိုမူဝါဒကို စတင် ကျင့်သုံးခြင်းဖြစ်သည်။ သူသည် ဝန်ကြီးဌာနများမှ အဆင့်နိမ့်အရာရှိများမှသည် သမ္မတအထိ အစိုးရဌာနအားလုံးတွင် စစ်အရာရှိများကို ခန့်ထားခဲ့ပြီး ထိုလုပ်ရပ်သည် ဆယ်စုနှစ်များစွာကြာသည့် သူ၏အုပ်ချုပ်ရေးတွင် အဆိုးရွားဆုံး သွင်ပြင်ဖြစ်ခဲ့သည်။

ရာထူးကြီးသော စစ်အရာရှိများကို ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများတွင် အကြီးအကဲခန့်သည့် မူဝါဒကို မြန်မာတွင် 'မိုးကျရွှေကိုယ် မူဝါဒ' ဟုခေါ်ပြီး ထိုသို့လုပ်ခြင်းကြောင့် ပညာရှင်များနှင့် စွမ်းဆောင်ရည်ရှိသော ဝန်ထမ်းများသည် လုပ်ငန်းနားမလည်သော စစ်တပ်လက်ရှိ၊ လက်ဟောင်း အရာရှိများအောက်တွင် လုပ်ကိုင်ရသည်။

ထိုမူဝါဒကို နှစ်ပေါင်းများစွာ အပြင်းအထန် ကောင်အထည်ဖော်ခြင်းသည် စစ်အုပ်ချုပ်ရေးအောက်တွင် မြန်မာကို အရှေ့တောင်အာရှတွင် အဆင်းရဲဆုံးနိုင်ငံ အမြဲတမ်းဖြစ်စေသည့် အကြောင်းရင်းများအနက် တခုဖြစ်သည်ဟု လေ့လာသူများယူဆသည်။

ဗိုလ်ချုပ်ကြီး နေဝင်းကို ဆက်ခံသူ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်လည်း ထိုမိုးကျရွှေကိုယ်မူဝါဒ၏ ဆိုးကျိုးများရှိစေကာမူ ဆက်လက် အကောင်အထည်ဖော်သလို ၂၀၁၁ ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဦးသိန်းစိန်ကို အရပ်သားအစိုးရအတု ခေါင်းဆောင်အဖြစ် ခန့်လိုက်သောအခါတွင် ထိုမူဝါဒကိုပင် ဆက်လက် အကောင်အထည်ဖော်သည်။ ယခုအခါ အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်သည် သူ၏အာဏာကို ခိုင်မာအောင်လုပ်ရာတွင် ထိုမူဝါဒ အသုံးဝင်သည်ဟု မြင်နေသည်။

**အရပ်ဝတ် စစ်အရာရှိများ**

ယခင်က ကာကွယ်ရေးဝန်ကြီးဌာနတွင် လုပ်ခဲ့သော စစ်အရာရှိ နေလင်းသည် လွန်ခဲ့သောလ အနည်းငယ်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် ညွှန်ကြားရေးမှူးချုပ် ဖြစ်လာသည်။ ညွှန်ကြားရေးမှူးချုပ်ဆိုသော ရာထူးသည် အရပ်ဘက်ဝန်ထမ်းများ အမြင့်ဆုံးရနိုင်သည့် ရာထူးဖြစ်သော်လည်း အစဉ်အလာအားဖြင့်ဆိုပါက ထိုရာထူးကို စစ်တပ်လိုလားသူများနှင့် မိုးကျရွှေကိုယ်ဝါဒ အကျိုးခံစားရသူများအတွက် သီးသန့်ထားသော ရာထူးဖြစ်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ (UCSB) တွင်လည်း စစ်ရာထူးခန့်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတဦးကို နိုဝင်ဘာလက ပြောင်းရွှေ့ခန့်ထားပြီး သူ ဦးဆောင်သည့် အရာရှိ ၉ ဦးဖြင့် UCSB အဖွဲ့ကို စစ်တပ်က သိမ်းပိုက်ထားသည်။ ၎င်းတို့သည် အရပ်သားဝန်ထမ်းများ၏ မှတ်တမ်းများကို ကိုင်တွယ်ကြောင်း UCSB အရာရှိတဦးက ပြောသည်။ ထိုအရာရှိများသည် စစ်ရာထူးခန့်ချုပ်ရုံး၊ စစ်တက္ကသိုလ်၊ လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး၊ ခြေလျင်တပ်ရင်းများနှင့် ဒေသဆိုင်ရာ စစ်ဌာနချုပ်များ အပါအဝင် စစ်တပ်ဖွဲ့ အမျိုးမျိုးမှ လာသူများဖြစ်သည်။

USCB က ကြီးကြပ်သည့် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုသည် အမည်ဆိုးကျော်ကြားပြီး ထိုတက္ကသိုလ်များတွင် အရပ်သားဝန်ထမ်းများ ရာထူးတိုးရန် တက်ရောက်ရကာ အခြေခံစစ်ပညာကိုလည်း သင်ယူရသည်။ မြန်မာစစ်တပ်သည် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများနှင့် အနောက်နိုင်ငံများ၏ ခြိမ်းခြောက်မှုကြောင့် ပြိုကွဲတော့မည့်နိုင်ငံကို ကယ်တင်ရှင်ဖြစ်သည်ဆိုသည့် အတွေးအခေါ်များကို ထိုသင်တန်းများတွင် ပို့ချသည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ စစ်အရာရှိဟောင်း အောင်ကျော်စိုးသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ပြနှင့် အိုးအိမ်ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ် ဖြစ်လာသည်။ သူသည် နိုဝင်ဘာလတွင် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် မျိုးသန့်ကို ဆောက်လုပ်ရေး ဝန်ကြီးခန့်လိုက်ပြီးနောက် ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် ထိပ်တန်းရာထူးယူသည့် စစ်အရာရှိ နှစ်ဦးအနက် တဦးဖြစ်သည်။

အချို့စစ်အရာရှိများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) တွင် ရာထူးများ ရယူပြီး လာမည့်နှစ်တွင် စစ်ကောင်စီကကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းကို ပိုမိုဆိုးရွားစေသည်။ UEC ကို ဗိုလ်ချုပ်ဟောင်း သိန်းစိုးက ဦးဆောင်ပြီး အဖွဲ့ဝင်များမှာလည်း စစ်အရာရှိဟောင်းများ ဖြစ်သည်။ (ဦး)သိန်းစိုးသည် ရွေးကောက်ပွဲ အတုအယောင်ဟု ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခံရသည့် ၂၀၁၀ ရွေးကောက်ပွဲကို ကြီးကြပ်စီစဉ်သူ ဖြစ်သည်။

စစ်အရာရှိများကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသို့လည်း ပြောင်းရွှေ့ခန့်ထားပြီး စစ်ကောင်စီကို လက်နက် အဓိကထောက်ပံ့နေသည့် ရုရှားနှင့် စီးပွားရေး အဆက်အသွယ် တိုးမြှင့်ရန် တာဝန်ပေးထားကြောင်း သတင်းရင်းမြစ်များက ပြောသည်။

မင်းအောင်လှိုင်နှင့် စစ်တက္ကသိုလ်အပတ်စဉ် ၁၉ တွင် အတူတက်ခဲ့သော လှမိုးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးနှင့် စိုက်ပျိုးရေးဝန်ကြီးအဖြစ် လုပ်ကိုင်သည်။ လက်ရှိ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တင်ဦးလွင်သည်လည်း ထိုစစ်တက္ကသိုလ်အပတ်စဉ်မှ ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ဟောင်း မောင်မောင်အုန်းသည် စစ်တက္ကသိုလ် အပတ်စဉ် ၂၂ မှဖြစ်ပြီး စစ်ကောင်စီ ဒုခေါင်းဆောင်စိုးဝင်း၏ သူငယ်ချင်းဖြစ်သည်။ စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းသည် စစ်ကောင်စီ၏ ပြန်ကြားရေး ဒုဝန်ကြီးဖြစ်သည်။

စစ်တပ်လက်ဝေခံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ရှုံးနိမ့်ပြီးနောက် (ဦး)သိန်းစိန်အစိုးရသည် အမြဲတမ်းအတွင်းဝန် ရာထူးကို တီထွင်ခဲ့သောကြောင့် ဝန်ကြီးဌာနများတွင် စစ်အရာရှိများစွာကို ချန်ထားခဲ့သည်။

မြန်မာစစ်တပ်ကထားခဲ့သော ထိုအမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ချုပ်များသည် NLD အာဏာရသောအခါ အမိန့်များကို တမင်တကာ မလိုက်နာဘဲနေကြောင်း NLD မှ ဝန်ကြီးများက ပြောသည်။

အစိုးရဝန်ကြီးဌာနများတွင် အရပ်သားဝတ်စုံများဖြင့် ဟန်ရေးပြရသည်ကို စစ်အရာရှိများ ကျေနပ်နေပုံရသည်။

*(ဧရာဝတီ အင်္ဂလိပ်ပိုင်းတွင် ဖော်ပြထားသော Myanmar Regime Still Parachuting Army Officers Into Senior Govt Roles*
**ကို ဘာသာပြန်ဆိုသည်။)**

https://burma.irrawaddy.com/article/2022/12/16/256698.html

-----------------------------------------------------------------------------------

## တပ်တွင်းအမျိုးသမီးများ ကာကွယ်ရေးတွင် ပါဝင်ရန်နှင့် အလစ်အငိုက်တိုက်ခိုက်မှု သတိထားရန် စစ်ခေါင်းဆောင်တိုက်တွန်း

Published By DVB | 16 December, 2022



တပ်ထဲက မိခင်တွေ အမျိုးသမီးတွေ ကာကွယ်ရေးလုပ်ငန်းမှာ ပါဝင်ကြဖို့၊ အလစ်အငိုက် တိုက်ခိုက်မှုတွေကို သတိထားကြဖို့နဲ့ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီဇင်ဘာ ၁၄ ရက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုတွေနဲ့ တွေ့ဆုံပွဲမှာ တိုက်တွန်းပြောကြားလိုက်ပါတယ်။

အမျိုးသမီးတွေဟာ မိခင်စိတ်ရှိကြပြီး မိသားစုကိုကာကွယ်လိုတဲ့ စိတ်အခြေခံရှိပြီး ဖြစ်ကြောင်း၊ တချို့သောဒေသတွေမှာ တပ်ရင်းတပ်ဖွဲ့တွေကို လက်နက်ကိုင်အဖွဲ့တွေက အလစ်အငိုက် လာရောက်တိုက်ခိုက်ခဲ့ချိန်မှာ တပ်မတော်သားမိသားစုဝင် အမျိုးသမီးတွေ အနေနဲ့ သားသမီးတွေနဲ့ မိမိတပ်ကို

မထိခိုက်အောင် ကာကွယ်လိုစိတ်နဲ့ လာရောက်တိုက်ခိုက်သူတွေကို ရွပ်ရွပ်ချွံချွံ ပြန်လည်တိုက်ခိုက်ခဲ့ကြတယ်လို့ စစ်ခေါင်းဆောင်က ပြောပါတယ်။

ဒေသခံတိုင်းရင်းသားတွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ တပ်ဖြစ်လို့ ဒေသခံတွေနဲ့ တပ် စည်းလုံးညီညွတ်မှုရှိရမယ်၊ စစ်သည်တဦးချင်းအနေနဲ့ လက်နက်၊ အသုံးအဆောင်ပစ္စည်းတွေ ကျွမ်းကျင်စွာ အသုံးချနိုင်ဖို့ အမြဲလေ့ကျင့်ဖို့၊ တာဝန်ထမ်းဆောင်ရာမှာ သတိရှိဖို့၊ စစ်မြေပြင်မှာ အချိန်၊ ရာသီဥတု၊ မြေအနေအထားတို့အပေါ် မူတည်ကာ အလစ်အငိုက် တိုက်ခိုက်တာဖြစ်လို့ သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိနဲ့ နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းသွားပါတယ်။

စစ်ခေါင်းဆောင်ရဲ့ ပူတာအိုခရီးစဉ်နဲ့ ပတ်သက်ပြီး ဒေသခံ တက်ကြွလှုပ်ရှားသူ လူငယ်တဦးက "မင်းအောင်လှိုင် ပူတာအိုလာတာက ဘယ်သူမှမသိဘူးလေ။ တချို့က ခုထိတောင်မသိဘူး။ နိုင်ငံရဲ့ စစ်ဦးစီးချုပ်တဦးရဲ့ ခရီးစဉ်နဲ့မတူဘဲ ဖမ်းဝရမ်းထုတ်ခံရတဲ့ သူတဦး ပူတာအိုကို သွားနေသလို ဖြစ်နေတယ်။ ဒီခရီးစဉ်ကိုကြည့်လိုက်ရင် သူ့အခြေအနေက ဘယ်လိုရှိတယ်ဆိုတာ သိရမယ်။ နောက်ပြီး ပူတာအိုဒေသခံလူကြီးတချို့က ခုထိ မင်းအောင်လှိုင်ကို အားကိုးနေတာတွေ့ရလို့ ပူတာအိုလူငယ်တဦးအနေနဲ့ ရှက်မိတယ်" လို့ ပြောပါတယ်။

ပူတာအို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေက မွမ်းမံသင်တန်းတက်နေချိန် မင်းအောင်လှိုင် လာသွားလို့ စိတ်ပျက်မိတယ်လို့ ပူတာအို တော်လှန်ရေးရဲဘော်တဦးက ပြောပါတယ်။

"ဒီအချိန်မှာ မွမ်းမံသင်တန်းက တကယ်ကော အလုပ်ဖြစ်မလားပေါ့နော်။ သူက ငါတို့အခြေအနေသိလို့ ဒီရက်တွေမှာ ကွက်တိလာတယ်လို့ မြင်တယ်။ ပူတာအို ပြည်သူ့ကာကွယ်ရေးတပ်တွေလည်း အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားကြတယ်၊ ခုတကြိမ်တော့ စိတ်ပျက်မိတယ်။"

အာဏာသိမ်းစစ်ခေါင်းဆောင်ဟာ ဒီဇင်ဘာ ၁၃ ရက်မှာ ပူတာအိုကို ရောက်ရှိလာပြီး ဒီဇင်ဘာ ၁၄ ရက်မှာ မချမ်းဘော့မြို့နယ်ထဲက ကောင်းမှုလုံစေတီနဲ့ ရဝမ်အမျိုးသားပြတိုက်တို့ကို လည်ပတ်ခဲ့တယ်လို့ စစ်ကောင်စီပြန်ကြားရေးက သတင်းထုတ်ထားပါတယ်။

စစ်ခေါင်းဆောင်ဟာ ၂၀၂၁ ခုနှစ် စက်တင်ဘာလကတည်းက ပူတာအိုကိုလာဖို့ သတင်းထွက်ခဲ့ပေမဲ့ Putao PDF နဲ့ KIA ပူးပေါင်းတပ်တို့ရဲ့ မြစ်ကြီးနား-ပူတာအိုကားလမ်း ပိတ်ဆို့မှုကြောင့် ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ရာက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလရောက်မှ ပူတာအိုကို ရောက်ရှိလာတာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/569182

---------------------------------------------------------------------------------------------

## ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာအားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နစကဥက္ကဋ္ဌ ပြောကြား

PUBLISHED 16 DECEMBER 2022

ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာ မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။



ဒီဇင်ဘာ ၁၅ ရက်တွင်ကျရောက်သည့် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် နစကဥက္ကဋ္ဌက ထိုသို့ထည့်သွင်းရေးသားပြောကြားထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရှေးနှစ်ပေါင်းများစွာကပင် အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတစသည့် အနုပညာများသည် နှစ်ပေါင်းထောင်ချီ ဖြစ်တည်လာခဲ့ကြောင်း၊ ထိုသို့တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့သော်ငြား ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံး ညီညွတ်မှုပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့ အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသည့် အချိန်အခါဖြစ်ကြောင်း နစကဥက္ကဋ္ဌက ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဆွေးနွေးဖက် အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ သီးသန့်တွေ့ဆုံဆွေးနွေးမှုများ၊ တရားဝင်တွေ့ဆုံဆွေးနွေးမှုများဖြင့် မပြတ်ထိတွေ့ဆက်ဆံလျက်ရှိကြောင်း နစကဥက္ကဋ္ဌက ပြောကြားသည်။

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး ပွဲများကို ၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်မှ ၁၅ ရက် အထိ ပထမအကြိမ်၊ ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ ဒုတိယအကြိမ်ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးညှိနှိုင်းချက်များအရ ပြည်နယ်အဆင့် နှစ်ဖက်သဘောထားများကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းကင်းဖြင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး ဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်မည်ဖြစ်ကြောင်း နစကဥက္ကဋ္ဌက ပြောကြားသည်။

https://news-eleven.com/article/241797

---------------------------------------------------------------------------------------------------------

## NDAA ဥပဒေကို ဆီးနိတ်အထက်လွှတ်တော် အတည်ပြု၊ NUG အစိုးရ ကြိုဆိုဂုဏ်ပြု

Published By DVB | 16 December, 2022



NUG၊ CRPH၊ PDF နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအတွက် လက်နက်မဟုတ်တဲ့ တခြားအကူအညီတွေပေးဖို့ပါဝင်တဲ့ ၂၀၂၃ အမေရိကန်အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့်ဥပဒေ (NDAA) ကို အမေရိကန်ဆီးနိတ်အထက်လွှတ်တော်က အတည်ပြုလိုက်ပါတယ်။

အမေရိကန်ကာကွယ်ရေးအသုံးစရိတ်တွေပါဝင်တဲ့ နှစ်စဉ်ပြဋ္ဌာန်းလေ့ရှိတဲ့ NDAA ဥပဒေကို ဒေသအချိန် ဒီဇင်ဘာ ၁၅ ရက်မှာ မဲခွဲဆုံးဖြတ်ရာမှာ ထောက်ခံမဲ ၈၃ မဲ၊ ကန့်ကွက်မဲ ၁၁ မဲနဲ့ အတည်ပြုခဲ့တာဖြစ်ပါတယ်။

ဒီဥပဒေကို အောက်လွှတ်တော်မှာလည်း ပြီးခဲ့တဲ့ သီတင်းပတ်က အတည်ပြုထားခဲ့ပြီး အခုအခါ လွှတ်တော်နှစ်ရပ်စလုံးရဲ့ အတည်ပြုချက်ရထားပြီဖြစ်လို့ မကြာခင် သမ္မတ ဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုးပြီးတဲ့အခါ ဥပဒေ စတင်အသက်ဝင်မှာဖြစ်ပါတယ်။

ဒီဥပဒေမှာ ၂၀၂၃ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၈၅၈ ဘီလီယံအထိ စံချိန်တင်တောင်းခံထားတာဖြစ်ပြီး သမ္မတ ဘိုင်ဒင် အဆိုပြုထားတဲ့ ဘတ်ဂျက် အသုံးစရိတ်ထက် ၄၅ ဘီလီယံ ပိုချပေးထားတာ ဖြစ်ပါတယ်။

ဒီအသုံးစရိတ်တွေထဲမှာ အမေရိကန် တပ်ဖွဲ့တွေအတွက် လစာ ၄ ဒသမ ၆ ရာခိုင်နှုန်းတိုးပေးဖို့၊ လက်နက်တွေ၊ သင်္ဘောတွေနဲ့ လေယာဉ်တွေဝယ်ဖို့၊ ထိုင်ဝမ်၊ ယူကရိန်းနဲ့ မြန်မာနိုင်ငံတို့အတွက် ကူညီထောက်ပံ့မှုတွေပေးဖို့တွေပါဝင်ပါတယ်။

NDAA ဒီဥပဒေကို ၁၉၆၁ ခုနှစ်ကတည်းကစတင်ပြီး ကွန်ဂရက်လွှတ်တော်ကနေ နှစ်စဉ် အတည်ပြုပေးနေတာဖြစ်ပါတယ်။

ဒီနှစ်မှာတော့ Burma Act ရဲ့အစိတ်အပိုင်းတွေပါဝင်တဲ့ ၂၀၂၃ NDAA ဥပဒေကို ကွန်ဂရက်လွှတ်တော်က အတည်ပြုလိုက်တဲ့အပေါ် ချီးကျူးဂုဏ်ပြုတဲ့အကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ယာယီသမ္မတ ဒူဝါလရှီးလကဒီကနေ့ ကြေညာပါတယ်။

သမ္မတ ဘိုင်ဒင်အနေနဲ့ မကြာခင်မှာ ဥပဒေကို အတည်ပြုလက်မှတ်ထိုးမယ်လို့ မျှော်လင့်ကြောင်းနဲ့ ဒါဟာ မြန်မာပြည်သူတွေနဲ့ NUG၊ NUCC၊ CRPH၊ CDMနဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားမျှတမှုရရှိရေးအတွက် စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်နေကြတဲ့ မဟာမိတ်အဖွဲ့ အစည်းတွေအားလုံးအတွက်လည်းပဲ အမေရိကန်အစိုးရရဲ့ အားပေးထောက်ခံတဲ့ မူဝါဒကို ရှင်းရှင်းလင်းလင်း ပြသလိုက်တာလို့ ဆိုပါတယ်။

Burma Act ဥပဒေဟာ မြန်မာပြည်မှာ အခက်အခဲတွေကြား ရုန်းကန်နေကြရတဲ့ ပြည်သူတွေအတွက် မျှော်လင့်ချက်နဲ့ အထောက်အပံ့ဖြစ်စေမယ့်အကြောင်းနဲ့ အမေရိကန် ကွန်ဂရက်လွှတ်တော်နဲ့ ဒီဥပဒေအတည်ပြုနိုင်ဖို့ ကြိုးပမ်းပေးခဲ့ကြသူအားလုံးကို ကျေးဇူးတင်တဲ့ အကြောင်း ယာယီသမ္မတက ပြောပါတယ်။

ဒီဥဒေသအသက်ဝင်လာတဲ့အခါ မြန်မာပြည်သူတွေအတွက် လူသားချင်းစာနာမှု အကူအညီတွေ၊ EAO တွေနဲ့ PDF တွေအတွက် လက်နက်မဟုတ်တဲ့အကူအညီတွေနဲ့ နည်းပညာအကူအညီတွေ၊ CDM စစ်မှုထမ်းဟောင်းတွေအတွက် အထောက်အပံ့တွေ၊ အသွင်ကူးပြောင်းမှုကာလ တရားစီရင်ရေးယန္တရားအတွက် အကူအညီတွေရစေမှာဖြစ်သလို

စစ်တပ်ကို ဖိအားတွေပိုပေးနိုင်ဖို့ လုပ်ဆောင်နိုင်လိမ့်မယ်လို့ NUG ယာယီသမ္မတ ဒူဝါလရှီးလက ထုတ်ပြန်ချက်မှာ ပြောပါတယ်။

https://burmese.dvb.no/archives/569157

-----------------------------------------------------------------------------------------------

## မြန်မာ့ဒီမိုကရေစီရေးထောက်ပံ့မယ့် NDAA အက်ဥပဒေ

၁၆ ဒီဇင်ဘာ၊ ၂၀၂၂ | စုမြတ်မွန်

မြန်မာ့ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကို ကူညီထောက်ပံ့မယ့်အချက်တွေပါဝင်တဲ့ အမေရိကန် အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့် အက်ဥပဒေ (NDAA) ကို ဒီဇင်ဘာ ၁၆ ရက်နေ့က အမေရိကန်အထက်လွှတ်တော်ကပါ အတည်ပြုလိုက်ပါတယ်။ ဒီဥပဒေဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးအပေါ် ဘယ်လောက်သက်ရောက်နိုင်ပါမလဲ၊ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်လာနိုင်သလဲဆိုတာ တက်ကြွလှုပ်ရှားသူတွေ၊ တိုင်းရင်းသားအဖွဲ့တွေနဲ့ နိုင်ငံရေးသုံးသပ်သူတွေအမြင် ရန်ကုန်က စုစည်းတင်ပြထားတာကို မစုမြတ်မွန်က တင်ပြပေးထားပါတယ်။

အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့်အက်ဥပဒေ (NDAA) မူကြမ်းကို ဒီဇင်ဘာ ၁၆ ရက်နေ့က အမေရိကန်အထက်လွှတ်တော်က အတည်ပြုခဲ့တာပါ။ လွှတ်တော်နှစ်ရပ် အတည်ပြုပြီးဖြစ်လို့ ဥပဒေအဖြစ် သမ္မတဂျိုးဘိုင်ဒန် လက်မှတ်ထိုးဖို့သာ ကျန်ရှိပါတော့တယ်။

ဒီဥပဒေအပေါ် မြန်မာ့ဒီမိုကရေစီတက်ကြွလှုပ်ရှားသူတွေ၊ နိုင်ငံရေးလေ့လာသူတွေက ထောက်ခံကြိုဆိုခဲ့ကြသလို NUG အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါးလရှီလကလည်း ဒီလို အတည်ပြုပေးခဲ့တဲ့ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်ကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီဥပဒေတွင်းမှာ နွေဦးတော်လှန်ရေးနောက်ပိုင်း ဖွဲ့စည်းလာတဲ့ NUG အမျိုးသားညီညွတ်ရေးအစိုးရ၊ NUCC အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၊ PDF ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေကို အမည်နဲ့တကွ ကူညီထောက်ပံ့မယ်ဆိုတာကို ဖော်ပြထားတာကြောင့် ထူးခြားမှုရှိလာတဲ့ ဥပဒေတရပ်လည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံက စစ်အာဏာသိမ်းမှုကို ဆန့်ကျင်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် EAO တွေနဲ့ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ PDF တွေကို လက်နက်မဟုတ်တဲ့ နည်းပညာအကူအညီတွေထောက်ပံ့ဖို့ဆိုတာ ပါဝင်ပါတယ်။

ဥပဒေအဖြစ် အတည်ဖြစ်လာပြီဆိုရင် ဒါဟာ အမေရိကန်ရဲ့ မြန်မာနဲ့ပတ်သက်တဲ့ မူဝါဒပိုင်းမှာ အရေးကြီးတဲ့အရွေ့တခုဖြစ်လာနိုင်သလို မြန်မာ့ဒီမိုကရေစီလမ်းကြောင်းမှာလည်း အရွေ့တခု ဖြစ်လာနိုင်မယ်လို့ ရခိုင်လွှတ်တော် ကိုယ်စားလှယ်ဟောင်းတဦးဖြစ်တဲ့ ဦးဖေသန်းက သုံးသပ်ပါတယ်။

"EAO တွေအပါအဝင် နည်းပညာအထောက်အကူပြုမယ်ဆိုတဲ့ဆုံးဖြတ်ချက်ကတော့ တော်တော့်ကို နိုင်ငံရေးအားဖြင့် ရှေ့တလှမ်းရောက်သွားတာပေါ့။ ဒီဘက်ကို အသိအမှတ်ပြုလိုက်တဲ့သဘောပေါ့နော်။ အထူးသဖြင့် NUG အပါအဝင် EAO တွေကို ရဲရဲတင်းတင်းပေါ့နော်-အသိအမှတ်ပြုလိုက်တယ်၊ အကူအညီပေးမယ်ဆိုတာက ဒါက နိုင်ငံရေးအားဖြင့်တော့ ရှေ့ကိုတလှမ်းရွေ့သွားတာပေါ့နော်။ ဒါကြောင့် ဒါက တော်တော့်ကို အရေးကြီးပါတယ်။ ဒါက အရွေ့တခုကို ရွေ့သွားတယ်။ စစ်အာဏာရှင်စနစ်ရဲ့ဆိုးကျိုးတွေကို ပြည်သူတွေ တကယ်တန်း ဒီထက်မက ခံစားလာရပြီဆိုရင်တော့ နည်းပညာအထောက်အကူကနေပြီးတော့ စစ်ရေးအထောက်အကူပြုဖို့အတွက် တခါးတချပ်ပွင့်သွားပြီလို့လည်း ကျနော် သုံးသပ်လို့ရတယ်ပေါ့။ ဒီအကျိုးဆက်ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကအစ NUG အပါအဝင် ပါတီတွေအတွက် အကျိုးသက်ရောက်မှုတစုံတရာ ရှိလာလိမ့်မယ်၊ ဒါကြောင့် ဒါက ကျနော်တို့ ကြိုဆိုရမယ့်ကိစ္စ ဖြစ်တယ်။"

စစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ဒီ အမေရိကန်ရဲ့ခြေလှမ်းဟာ အကြမ်းဖက်မှုတွေကို အားပေးတာဖြစ်တယ်လို့ ဝေဖန်တုံ့ပြန်ခဲ့ပါတယ်။

"NUG ပေါ့နော်၊ CRPH - ကျနော်တို့နိုင်ငံအနေနဲ့ PDF ပေါ့၊ အကြမ်းဖက်လုပ်ရပ်တွေကို မြေပြင်မှာလက်တွေ့လည်းလုပ်နေတယ်။ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ ပြည်သူအချင်းချင်း ဒလံအဖြစ် စွပ်စွဲပြီး သတ်ဖို့ အားပေးနေတဲ့၊ အမြဲ လှုံ့ဆော်နေတဲ့အဖွဲ့တွေနဲ့ပတ်သက်ပြီးတော့ ထောက်ပံ့ပေးဖို့ရည်ရွယ်တယ်ဆိုတာလည်း ကျနော်တို့သိရပါတယ်။ ဒီအတိုင်းသာဆိုရင် အမေရိကန်နိုင်ငံအနေနဲ့ကလည်း မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေဖြစ်ပွါးလာဖို့၊ ပြီးရင် ကျနော်တို့မြန်မာနိုင်ငံအတွင်းမှာ မငြိမ်မသက်ဖြစ်ပေါ်လာစေဖို့ ပိုရည်ရွယ်ပြီး လုပ်ဆောင်တယ်လို့ပဲ ကျနော်တို့ မြင်ပါတယ်ဗျ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးကို၊ မြန်မာနိုင်ငံရဲ့တည်ငြိမ်အေးချမ်းရေးကို ပိုမိုပြီးတော့ ကျနော်တို့ ထိခိုက်စေတယ်လို့ပဲ ပြောချင်ပါတယ်ဗျား။"

တော်လှန်ရေးအင်အားစုတွေကို အမေရိကန်ဘက်က အခုလို နည်းပညာအကူအညီပေးမှုတွေဖြစ်လာရင် အမေရိကန်ရဲ့သြဇာဟာ မြန်မာပြည်တွင်း ပိုမိုသက်ရောက်လာနိုင်ပြီး ဒီဟာအတွက် အိမ်နီးချင်း တရုတ်ဘက်ကလည်း သူတို့ သြဇာမြန်မာပြည်တွင်းမကျနိုင်အောင် လုပ်ဆောင်လာနိုင်ဖွယ်ရှိလာနိုင်တယ်လို့ နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးရဲထွန်းကတော့ မြင်ပါတယ်။

"အမေရိကန်က အဲဒီလိုအကူအညီပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ တရုတ်ဘက်ကလည်း မျက်ခြေမပြတ်တော့ စောင့်ကြည့်နေလိမ့်မယ်လို့ ထင်တယ်။ အမေရိကန်က အဲလိုအကူအညီပေးတဲ့အတွက်ကြောင့်မို့လို့ နစက ကို တွန်းလှန်တိုက်ခိုက်နေတဲ့အဖွဲ့အစည်းတွေထဲမှာ အနောက်အုပ်စုကချည့်ပဲ သြဇာလွှမ်းမိုးသွားမှာကိုတော့ တရုတ်ကလည်း မလိုလားဘူး။ အဲဒါကို သူ ဘယ်လို တန်ပြန်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းတယ်ပေါ့နော်၊ စောင့်ကြည့်သွားမယ်။ သေချာတာတခုကတော့ အခုလို ကူညီခြင်းက စစ်ပွဲတော့ ပိုပြီးတော့ ရှည်သွားမှာပေါ့။"

အမေရိကန် အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့် အက်ဥပဒေ (NDAA) - ၂၀၂၃ မှာ မြန်မာနိုင်ငံအပြင် မြောက်ကိုရီးယားနိုင်ငံ၊ အီရန်နိုင်ငံနဲ့ တခြားသောနိုင်ငံတွေနဲ့ပတ်သက်လို့ ဆောင်ရွက်သွားမယ့်ကိစ္စတွေလည်း ပါဝင်ပါတယ်။ အမေရိကန် အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့် အက်ဥပဒေ NDAA အရ ၂၀၂၃ တခုလုံးမှာ အမေရိကန်ဒေါ်လာ ၈၅၈ ဘီလီယံ သုံးစွဲသွားဖို့ ခွင့်ပြုထားပါတယ်။

နောက်ပြီး ဒီဥပဒေထဲမှာ စစ်ကောင်စီရဲ့ အဓိက ဝင်ငွေလမ်းကြောင်းဖြစ်တဲ့ MOGE မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းကို ပိတ်ဆို့ဒဏ်ခတ်တာအပါအဝင် လူ့အခွင့်အရေး ချိုးဖေါက်နေတဲ့ မြန်မာစစ်ကောင်စီနဲ့ အဝန်းအဝိုင်းကို ဒဏ်ခတ်ပိတ်ဆို့မှုတွေ ဒီထပ်ထိ ရောက်တဲ့ အရေးယူမှုတွေပါ လုပ်ဖို့ကိုလည်း ထည့်သွင်းထားပါတယ်။

အဲဒီအချက်တွေအပြင် တိုင်းရင်းသားပြည်နယ်တွေနဲ့ တိုင်းရင်းသားတွေကြားမှာ ဖယ်ဒရယ်စနစ် ခိုင်မာလာစေရေး အထောက်ကူဖြစ်မယ့် အစီအစဉ်တွေပေးဖို့လည်း ပါဝင်ပါတယ်။ စစ်တပ် အာဏာသိမ်းမှုကိုဆန့်ကျင်ပြီး အရပ်သား အုပ်ချုပ်မှု ပြန်လည်ပေါ်ပေါက်လာအောင် ထုတ်ဖော်ပြောကြားပြီး လှုပ်ရှားနေတဲ့ စစ်တပ် တပ်ဖွဲ့ဝင်ဟောင်းတွေကို ကူညီထောက်ပံ့ဖို့ကိုလည်း ထည့်ထားပါတယ်။

https://burmese.voanews.com/a/burmaact2022-ndaa-ျမန္မာ့အေရး-လႊတ္ေတာ္ႏွစ္ရပ္လံုးအတည္ျပဳ-စစ္ေကာင္စီ/6879606.html

-----------------------------------------------------------------------------------------

## စစ်ကောင်စီကို ရာဇသံပေးလိုက်တာ၊ နောက်ဆုံး သတိပေးလိုက်တာပဲ

ဧရာဝတီ | 16 December 2022

အမေရိကန်အစိုးရရဲ့ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားကာကွယ်ရေး လုပ်ပိုင်ခွင့်ဆိုင်ရာ အက်ဥပဒေ (NDAA) ကို ဒီဇင်ဘာ ၇ ရက်နေ့က အမေရိကန်အောက်လွှတ်တော်မှာ မဲခွဲအတည်ပြုနိုင်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းမှာဆိုရင် မြန်မာ့အရေးနဲ့ ပတ်သက်ပြီး ပြည်သူ့ကာကွယ်ရေးတပ်(PDF)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs)တွေကို နည်းပညာနဲ့ လက်နက်မဟုတ်တဲ့ အကူအညီပေးဖို့တွေ ထည့်သွင်းထားပါတယ်။

ဒ့ါအပြင် အာဏာသိမ်းစစ်တပ်ရဲ့ လက်နက်ခဲယမ်း ရောင်းဝယ်မှုတွေကို ထိန်းချုပ်ကန့်သတ်ဖို့နဲ့ စီးပွားရေး ထောက်တိုင်တွေကို ပိတ်ဆို့ အရေးယူရေး လုပ်ငန်းစဥ်တွေလည်း ထည့်သွင်းထားပါတယ်။

လက်ရှိမှာ NDAA ဥပဒေကြမ်းအနေနဲ့ အမေရိကန်အောက်လွှတ်တော်မှာ အတည်ပြုနိုင်ခဲ့ပြီဖြစ်ပေမယ့် အထက်လွှတ်တော် မှာ ထပ်မံ မဲခွဲအတည်ပြုဖို့ လိုအပ်နေပါသေးတယ်။ အကယ်၍ အထက်လွှတ်တော်ကပါ မဲခွဲအတည်ပြုနိုင်ပြီး အမေရိကန်သမ္မတ လက်မှတ်ရေးထိုးပြီးပါက ဥပဒေတရပ်အနေနဲ့ ပေါ်ထွက်လာတော့မှာဖြစ်ပါတယ်။

အမေရိကန်အစိုးရရဲ့ NDAA ဥပဒေမှာ မြန်မာ့အရေးနဲ့ပတ်သက်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)နှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ (EAOs) ဟူ၍ နာမည်တပ်ကာ ရေးသားဖော်ပြခဲ့သလို ကူညီထောက်ပံ့မှုတွေ၊ လူသားချင်း စာနာမှုအကူအညီပေးမယ့် အစီအစဥ်တွေ ပါဝင်လာတဲ့အတွက် လက်တွေ့အကောင်အထည်ပေါ်လာပါက စစ်အာဏာရှင်ဖြုတ်ချရေး ဒီမိုကရေစီလှုပ်ရှားမှုတွေအတွက် အထောက်အကူပြုမယ်လို့ အများက ယူဆထားကြပါတယ်။

ဒါနဲ့ပတ်သက်လို့ စစ်အာဏာရှင်တော်လှန်ရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့နဲ့ ဒီမိုကရေစီအရေး လှုပ်ရှားနေသူတို့ရဲ့ NDAA ဥပဒေနဲ့ ပတ်သက်ပြီး သဘောထားအမြင်တွေကို စုစည်းဖော်ပြလိုက်ပါတယ်။

**ဦးကျော်ဇော (NUG သမ္မတရုံး ပြောခွင့်ရှိသူ)**

အင်မတန်အပေါင်းလက္ခဏာရှိတဲ့ ဥပဒေကြမ်းပါ၊ ဒီဟာက ဥပဒေဖြစ်သွားတဲ့အခါကြရင် တော်လှန်ရေးအတွက် တော်တော်လေး အထောက်အကူဖြစ်မယ့် ဥပဒေပါ။ ဒုက္ခရောက်နေတဲ့ လူထုကိုလည်း ကူညီဖို့ကလည်း စစ်တပ်ကနေမသွားဘဲ တခြားလမ်းကြောင်းတွေ ရှာမယ်ဆိုတာပါတယ်။ နောက်တခုက မိတ်ဖက်နိုင်ငံတွေနဲ့ လက်တွဲပြီး မြန်မာစစ်တပ် လက်နက်မရစေဖို့အတွက် ပိတ်ဆို့မှုတွေလုပ်မယ်။ မြန်မာစစ်တပ်ရဲ့ စီးပွားရေးလမ်းကြောင်းတွေကို ပိတ်ဆို့ရမယ့်ဆိုတဲ့ဟာလည်း ပါတယ်ဆိုတော့ အင်မတန်ကောင်းတယ်။



ဦးကျော်ဇော (NUG သမ္မတရုံး ပြောခွင့်ရှိသူ)

ဖက်ဒရယ်ပြည်ထောင်စုဖြစ်ဖို့အတွက် နိုင်ငံရေးအရ ကူညီမယ်၊ လူသားချင်းစာနာမှု အကူအညီတွေပေးမယ်၊ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေကို နည်းပညာနဲ့ ကူညီထောက်ပံ့မှုတွေပါမယ်၊ စစ်ရာဇဝတ်မှု ကျူးလွန်သူတွေကို ဖမ်းဆီးအရေးယူဖို့အတွက် ကူညီမယ် စတဲ့ ကဏ္ဍအားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါပေမယ့် ဘယ်ကဏ္ဍအတွက် ဘယ်လောက်ဆိုတာတော့ မတွေ့ဘူး၊ ကျနော်တို့တွေ တွဲပြီးလုပ်ရ မယ်။ ဘယ်လောက်အထိ ထိရောက်မလဲဆိုတာကလည်း နောက်ပိုင်းမှာ ချိတ်ဆက်ပြီး ကြည့်ရမယ်၊ ဒါပေမယ့် ဒီဟာက တရားဝင် ဥပဒေ အနေနဲ့ ဒီအချက်တွေအပေါ်မှာ အမေရိကန်ပြည်ထောင်စုက မြန်မာပြည်သူတွေအတွက်

ကူညီပေးရမယ်ဆိုတာ ပါလာတဲ့အတွက် အင်မတန်ကောင်းတဲ့ လက္ခဏာပါ။ ယူကရိန်းရဲ့ အစိတ်အပိုင်းတခုလောက် ကာကွယ်ရေးပိုင်းမှာ ရတယ်ဆိုရင်တော့ တော်လှန်ရေးအရှိန်ကို ပိုပြီးတော့ အထောက်အကူပြုမှာပါ။

စစ်အာဏာရှင်ကျဆုံးဖို့အတွက် အဓိကတော့ ပြည်သူတွေရဲ့ အင်အားပါပဲ။ စစ်အာဏာရှင်ကျဆုံးဖို့အတွက် ယာယီသမ္မတကြီးလည်း နိုင်ငံတကာဆွေးနွေးပွဲတွေမှာ ထည့်သွင်းပြောကြားတာတွေရှိပါတယ်။ လူထုကို အကြမ်းဖက်စစ်တပ်က အကြမ်းဖက်ရက်စက်တာ ကမ်းကုန်နေတဲ့အပြင် တိုးချဲ့ပြီးလုပ်နေတယ်။ ပြည်သူတွေကို ကာကွယ်ဖို့အတွက် လိုအပ်တဲ့ လေကြောင်းရန်ကို ခုခံကာကွယ်ဖို့အတွက် လက်နက် တွေလိုအပ်နေတယ်။ လူထုအင်အားက ရှိနေပြီးသား၊ လက်နက်က ပြည့်ပြည့်စုံစုံမရှိသေးဘူး။ နောက်ပြီး အကြမ်းဖက်စစ်တပ်ကို ပိတ်ဆို့ အရေးယူမှုတွေကလည်း နိုင်ငံပေါင်းစုံက လုပ်ဖို့လိုအပ်တယ်။

**ဒေါက်တာထွန်းမြင့်( အမေရိကန်၊ Carleton College နိုင်ငံရေးသိပ္ပံ တွဲဖက်ပါမောက္ခ)**

NDAA ဥပဒေနဲ့ ပတ်သက်လို့ ဒီဥပဒေကို အကောင်အထည်ဖော်တဲ့အပိုင်းမှာ PDF တို့၊ EAOs တို့ကို လိုအပ်တဲ့ ပညာရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုတွေ ပေးရမယ်ဆိုတာထည့်ထားတယ်၊ ဘယ်အထိ ပြောထားသလဲဆိုရင် PDF တွေ EAOs တွေအနေနဲ့ လူသတ်ဖြတ်တဲ့ဟာက လွဲလို ကျန်တဲ့ဟာအားလုံးကို Training လေ့ကျင့် သင်ကြားပေးလို့ရတယ်၊ ကာကွယ်ရေးဆိုင်ရာလည်း ပေးလို့ရတယ်၊ ကျန်းမာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာရော၊ အဲဒီဟာက အင်မတန်မှ ကျယ်ပြန့်တဲ့ ဥပဒေထဲက သေးသေးမွှားမွှားလေးတခုပဲ၊ အဲဒီထက် ကျယ်ပြန့်နက်ရှိုင်း တာတွေကအများကြီးရှိတယ်။



ဒေါက်တာထွန်းမြင့်( အမေရိကန်၊ Carleton College နိုင်ငံရေးသိပ္ပံ တွဲဖက်ပါမောက္ခ)

လူသားချင်းစာနာမှုကိစ္စတွေမှာ ထောက်ပံ့ရမှာတွေပါတယ်၊ ဆေးဝါးကိစ္စတွေပါတယ်။ ပြည်တွင်းမှာ ထွက်ပြေးနေရတဲ့ ပြည်သူတွေကို ကူညီရမယ်ဆိုတာပါတယ်၊ နောက်တခါ ပြည်ပမှာရောက်နေတဲ့ မြန်မာဒုက္ခသည်တွေနဲ့ အခက်အခဲကြုံနေရတဲ့သူတွေကို ကူညီရမယ်ဆိုတာတွေအထိ သဘောဆောင်ပြီး ပါထားတာတွေအများကြီးရှိတယ်။ ပိတ်ဆို့အရေးယူမှုတွေနဲ့ ပတ်သက်ပြီးလည်း အသေးစိတ် အကျယ်တဝင့် ရေးထားတာတွေရှိတယ်။ ပြောရရင် Training တွေလောက်ကို အသေးအမွှားပဲရှိသေးတယ်၊ ဒီထက်ကြီးမားတဲ့ ခြေလှမ်းကို NDAA ဥပဒေက လှမ်းထားတယ်ဆိုတာ တွေ့ရတယ်။

ဒီဥပဒေရဲ့ ဝိညဉ်က စစ်ကောင်စီနဲ့ မြန်မာ့တပ်မတော်ကို ဘယ်လိုသတ်မှတ်ထားသလဲဆိုရင် အကြမ်းဖက်အဖွဲ့အစည်းတခု ပုံစံမျိုးအထိ သတ်မှတ်ထားတယ်။ ဒါကို စကားလုံးအရ သုံးမထားပေမယ့် ဥပဒေရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းအသေးစိတ်တွေရယ်၊ အမေရိကန်ရဲ့ ကုလသမဂ္ဂ သံအမတ်ကိုလည်း တိတိကျကျ ဘာလုပ်ရမယ်ဆိုတာ ပြောထားတာရှိတယ်၊ အဲဒီအထဲမှာ မြန်မာစစ်တပ်ကို လက်နက်ခဲယမ်းများ မရောက်နိုင်ဖို့အတွက် ကမ္ဘာကနေပြီးတော့ ပိတ်ဆို့ရန် လုပ်ငန်းတွေကအစ အသေးစိတ်ရေးထားတာတွေ ရှိတယ်။ ဆိုလိုချင်တာက မြန်မာနိုင်ငံရဲ့ စစ်တပ်ကို ဒီအက်ဥပဒေက တရားမျှတမှုမရှိတဲ့အဖွဲ့တခု၊ ရမ်းကားမိုက်ရိုင်းနေတဲ့အဖွဲ့တခု၊ လူမဆန်တဲ့ အဖွဲ့တခုလို့ သတ်မှတ်တဲ့ ပုံစံရှိတယ်။

ရှင်းရှင်းပြောရရင် ဒီဥပဒေရဲ့ အာနိသင်က ဘယ်လောက်အထိ ပြောထားတဲ့ပုံစံရှိသလဲဆိုရင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ဝင်တွေကို ပညာရေး၊ အကုန်လေ့ကျင့်သင်ကြားမှုတွေ ပေးနိုင်တဲ့ လုပ်ငန်းတွေကို ကူညီရမယ်လို့ပြောထားတာ၊ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ Training တွေက ဘယ်လို Training တွေလည်းဆိုတာ တွေးကြည့်ရင် ရှင်းတယ်။ အဲလောက်အထိကို ငွေကထောက်ပံ့တော့မယ်လို့ ပြော ထားခြင်းဟာ

ဘာကိုဆိုလိုသလဲဆိုရင် စစ်မကြေညာရုံ သာသာပဲ။ ဒါက စစ်ကောင်စီကို ရာဇသံပေးလိုက်တာ၊ နောက်ဆုံးသတိပေးလိုက်တာပဲ။

**ဦးအောင်ဆန်းမြင့် (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ အတွင်းရေးမှူး-၂)**

ကျနော်တို့ကတော့ ဒီဥပဒေအပေါ် အထူးတော့ပြောစရာမရှိပါဘူး၊ ဒါက လုပ်သင့်လုပ်ထိုက်တဲ့ ဆုံးဖြတ်ချက်တခုဖြစ်တယ်လို့ပဲ သတ်မှတ်ပါတယ်။ ဒီထက်တောင်မှ ပိုပြီးတော့ အရေးယူပိတ်ဆို့မှုတွေ လုပ်သင့်တာပေါ့၊ ဘာကြောင့်လဲဆိုရင် အခုက စစ်ကောင်စီကို ဆက်ဆံနေတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ ကလည်း အများကြီးရှိသေးတယ်။ ကျနော်တို့အနေနဲ့ ဒီထက်ပိုပြီးတော့မှ လုပ်ချင်သေးတယ်။ ပြည်သူလူထု တရပ်လုံးက မလိုလားတဲ့ စစ်အုပ်စုကို အမြန်ဆုံးဖိအားပေးနိုင်တဲ့ နည်းလမ်းတွေကို နိုင်ငံတကာကလည်း ဖိအားပေး ဆောင်ရွက်သင့်ပါတယ်။

အခုလောလောဆယ် သိရသလောက်ကတော့ အမေရိကန်အစိုးရအနေနဲ့ ဒီမိုကရေစီအရေးလှုပ်ရှားနေတဲ့ PDF တွေ၊ လက်နက်ကိုင်အဖွဲ့ အစည်းတွေကို တိုက်ရိုက်မဟုတ်တောင် အထောက်အပံ့ပြုနိုင်တဲ့ ကူညီမှုတွေ ဆောင်ရွက်သွားမယ်ဆိုတာ အများကြီး ဝမ်းသာပါတယ်၊ ဒါတွေကို တဖက်တလမ်းကနေ ရလာခဲ့ရင် ကျနော်တို့ ပြည်နယ်တခုတည်းတင် စစ် တခုတည်းတင်မကဘဲ စစ်ကြောင့် ဒုက္ခသည်တွေက အများကြီးရှိတယ်။ လူထုရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အမြန်ဆုံးလုပ်ချင်တယ်။ ဒါကလည်း နိုင်ငံရေးပိုင်းမှာ ပြေလည်မှုပဲ ဆောင်ရွက်သွားလို့ရနိုင်မယ့် အနေအထားရှိတယ်။ အဲဒါကြောင့် အခုလိုမျိုး ဖိအားပေးမှုတခုအနေနဲ့ ပေါ်လာတာ အများကြီးကြိုဆိုတယ်။



3 ဦးအောင်ဆန်းမြင့်( ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ အတွင်းရေးမှူး-၂)

လိုအပ်ချက်တွေအနေနဲ့တော့ ဒေသတခုနဲ့တခုကတော့ မတူညီဘူး၊ ကွဲပြားနေကြတယ်၊ ကျနော်တို့လို နေရာမှာတော့ စစ်ဘေးရှောင်တွေအတွက် လူသားချင်းစာနာမှု အကူအညီတွေ အများကြီးလိုအပ်တာရှိမယ်။ ပညာရေး၊ ကျန်းမာရေးကိစ္စတွေ ဒါတွေကို ပြန်လည်ထူထောင်ရမှာတွေ အများကြီးရှိတယ်။ တချို့ဒေသတွေမှာ ကျတော့ လူထုရဲ့စိုးရိမ်ကြောင့်ကြမှုတွေ၊ အချိန်မရွေး တရားဥပဒေစိုးမိုးရေး မရှိတဲ့ အောက်မှာနေနေရတဲ့ အခါမှာ ဒီနေ့လား၊ မနက်ဖြန်လားဆိုတဲ့ အသက်ရှင်သန်ပိုင်ခွင့် အခွင့်အရေးတောင် မရှိတော့တဲ့ ဆိုးရွားတဲ့အနေအထားတွေ ရှိတယ်။ စစ်အာဏာရှင်လက်အောက်က လွတ်မြောက်ဖို့ နိုင်ငံတကာကနေ နည်းမျိုးစုံနဲ့ ကူညီပြီး ဖိအားပေးဆောင်ရွက်တာ ကျေးဇူးတင်ပါတယ်။

သို့သော်လည်း ခက်တာက အနီးကပ်ဆုံး အာဆီယံနိုင်ငံတွေနဲ့ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ မြောက်ကိုရီးယား ဒီနိုင်ငံတွေက စစ်အုပ်စုနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိနေတဲ့အခါကျတော့ အာဏာသိမ်းအဖွဲ့ကို ဖိအားပေးရုံသာမက သူနဲ့ အကျိုးတူလုပ်နေတဲ့ နိုင်ငံတွေကိုလည်း ဖိအားပေးဖို့တော့လိုမယ်။ ကျနော်တို့မှာ အဲဒါမျိုး လိုချင်ပါတယ်။

**ပဒိုမန်းမန်း(ကရင်အမျိုးသားအစည်းအရုံး(KNU)၊ တပ်မဟာ-၅ ပြောခွင့်ရှိသူ)**

NDAA ဥပဒေနဲ့ပတ်သက်လို့ အဓိကတော့ ဒီဆုံးဖြတ်ချက်အပေါ်မှာ လက်တွေ့ကျကျ အကောင်အထည်ဖော် ဖို့လည်း အရေးကြီးပါတယ်။ တကယ်လို့သာ လက်တွေ့ကျကျ အကောင်အထည်ဖော်မယ်ဆိုရင်တော့ ကျနော်တို့ တော်လှန်ရေးအတွက် အားတခုပါပဲ။ပထမတချက်က နိုင်ငံတကာရဲ့ နွေဦးတော်လှန်ရေးနဲ့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအပေါ်မှာ ကျနော်တို့ရဲ့ စည်းလုံးညီညွတ်မှု ဘယ်လောက်ရှိသလဲဆိုတာ ပြသဖို့လည်း

လိုတယ်၊ ရှိဖို့လည်းလိုတယ်။စစ်အာဏာရှင်စနစ်ကို ကျနော်တို့က ညီညီညွတ်ညွတ်နဲ့ အားလုံးက ဝိုင်းဝန်း တော်လှန်နေတယ်ဆိုတဲ့ ပြယုဂ်ကိုတော့ နိုင်ငံတကာမှာ ထင်ထင်ရှားရှားရှိဖို့လိုတယ်။



ပဒိုမန်းမန်း(ကရင်အမျိုးသားအစည်းအရုံး (KNU)၊ တပ်မဟာ-၅ ပြောခွင့်ရှိသူ)

နိုင်ငံတကာအကူအညီက စစ်လက်နက်မဟုတ်တဲ့ နည်းပညာတွေ၊ တခြားအထောက်အပံ့တွေ ကူညီရုံမကဘဲနဲ့ အကြမ်းဖက်စစ်ကောင်စီဘက်ကို အားပေးတဲ့ ကူညီမှုတွေကိုလည်း နိုင်ငံတကာက မလုပ်ဆောင်ဖို့ လိုပါတယ်။ အထူးသဖြင့် စစ်လေယာဉ်တွေ အသုံးပြုတဲ့ လေယာဉ်ဆီတွေ တင်ပို့ရောင်းချပေးတာတွေ မလုပ်ဖို့လိုပါတယ်။

ကျနော်တို့ရဲ့ တော်လှန်ရေးအပေါ်မှာကို အကူအညီမပေးရင်တောင်မှ စစ်ကောင်စီကို ကူညီမှုမပေးရင် အများကြီး အကျိုးရှိတယ်။ အခုက ကျနော်တို့ကိုပါ ကူညီမှုပေးမယ်ဆိုရင်တော့ ကျနော်တို့အတွက် အားတခု ဖြစ်ပါတယ်။ သို့သော်လည်း အခြားတဖက်မှာလည်း စစ်ကောင်စီကို လေယာဉ်ဆီအပါအဝင် စစ်လက်နက်ပစ္စည်းတွေကို အခြားတဖက်ကနေ နိုင်ငံတကာက ကူညီမှုရှိနေမယ်ဆိုရင်တော့ ကျနော်တို့ရဲ့ တော်လှန်ရေးက နှောင့်နှေးမှုရှိနေဦးမှာပဲ။ တပြိုင်တည်း ကျနော်တို့ကို ကူညီရုံမကဘဲ စစ်ကောင်စီဘက်ကိုလည်း စစ်ဖက်ဆိုင်ရာ အကူအညီပေးနေတာတွေ နိုင်ငံတကာက ဖြတ်တောက်ဖို့လည်း လိုအပ်နေပါတယ်။

**မလွေးပိုးငယ် ( တအာင်း အမျိုးသမီးအဖွဲ့အစည်း(TWO)၊ အကြံပေး)**

နိုင်ငံတကာအကူအညီနဲ့ပတ်သက်လို့ ဥပမာ ယူကရိန်းကိစ္စဆို သူတို့က ကူညီနေတာ တော်တော်လေးကို ကြာခဲ့ပြီ။ လက်နက်ပိုင်းရော၊ လိုအပ်တဲ့ နည်းပညာတွေကအစ ပံ့ပိုးပေးနေတာတွေ အများကြီးရှိတယ်။ မြန်မာနိုင်ငံမှာကျတော့ ပိတ်ဆို့အရေးယူမှုတွေ လုပ်နေတာရှိပါတယ်။ လူသားချင်းစာနာမှု အကူအညီတွေ လည်းရှိပါတယ်။ ဒါပေမယ့် လက်နက်ကိုင်နဲ့ပတ်သက်လို့ ကူညီလို့မရဘူးဆိုတဲ့ သူတို့ရဲ့ ပေါ်လစီတွေက ရှိနေတယ်။



မလွေးပိုးငယ် ( တအာင်း အမျိုးသမီးအဖွဲ့အစည်း (TWO)၊ အကြံပေး)

ကျမတို့နိုင်ငံလည်းပဲ ယူကရိန်းလို အကူအညီတွေက အများကြီးလိုနေတယ်။ ငွေကြေးအရ လိုအပ်သလို နည်းပညာလည်း အများကြီးလိုတယ်။ အဲဒီအတွက် ဒီဥပဒေက ကျမတို့နိုင်ငံအတွက် တစုံတရာ ကောင်းကျိုး ရှိလိမ့်မယ်လို့တော့ မျှော်လင့်တယ်။ ဒါပေမယ့် အဓိက လိုအပ်တာက အခုဆို တအာင်း(ပလောင်)ဒေသဆို လက်နက်ကြီးနဲ့ နေ့တိုင်း ပစ်ခတ်နေတယ်၊ ရွာတွေထဲကို ပစ်နေတာတွေ ရှိတယ်။ ဒါက စစ်ရာဇဝတ်မှုကို ကျူးလွန်နေတာဖြစ်တယ်။ ဒါကိုကြည့်ချင်းအားဖြင့် စစ်ကောင်စီက ပြည်သူတွေကို လုံးဝဖိနှိပ်ပြီးတော့ ရန်သူလို သဘောထားနေတဲ့အပေါ်မှာ နိုင်ငံတကာက လျစ်လျူရှုလို့မရတဲ့အပြင် လူသားချင်း စာနာထောက်ထားတဲ့ အကူအညီကိုလည်း ထိထိရောက်ရောက် ပံ့ပိုးပေးရမှာတွေ ရှိတယ်။

တဖက်တည်းမှာ PDF ဆိုတာကလည်း အရပ်သားကနေ ထွက်ပေါ်လာတဲ့ လူငယ်တွေပဲဖြစ်တယ်။ သူတို့ရဲ့ စားဝတ်နေရေးတွေ၊ သူတို့ရဲ့ တော်လှန်ရေးကို အသိအမှတ်ပြုပြီးတော့မှ ဝိုင်းဝန်းကူညီသင့်တယ်လို့ မြင်တယ်။ အဲဒါကြောင့် နိုင်ငံတကာအနေနဲ့ လက်နက်ကိုင်မလို့ မကူညီဘူးဆိုတဲ့ အမြင်တွေ၊ ပေါ်လစီတွေကို ဆန်းစစ်သုံးသပ်သင့်တယ်လို့ မြင်တယ်။ ဒီလူငယ်တွေက ဘာကြောင့် လက်နက်ကိုင်ရသလဲဆိုတဲ့ အပေါ်မှာ

အခြေခံပြီးတော့ ပေါ်လစီတွေပြောင်းလဲသင့်တယ်လို့ မြင်တယ်။ အောက်ခြေမှာကတော့ အကုန်လုံးလိုအပ်နေတာပဲ။ အကြမ်းဖက်စစ်ကောင်စီ အုပ်ချုပ်နေတာဖြစ်တဲ့အတွက် အရာရာတိုင်းက ပျက်စီးနေတယ်။

https://burma.irrawaddy.com/opinion/interview/2022/12/16/256678.html

----------------------------------------------------------------------------------------------------

## မြန်မာ့အရေး အာဆီယံ၏ကြိုးပမ်းမှုကို အီးယူထောက်ခံ

Published By DVB | 16 December, 2022



မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးရရှိဖို့ အာဆီယံရဲ့ ကြိုးပမ်းအားထုတ်နေမှုတွေအပေါ် ဆက်လက်ထောက်ခံသွားမယ်လို့ ဥရောပသမဂ္ဂ(အီးယူ)က ကတိပြုလိုက်ပါတယ်။

အီးယူ-အာဆီယံ ထိပ်သီးအစည်းအဝေးကို ဘယ်လ်ဂျီယံနိုင်ငံ မြို့တော် ဘရပ်ဆဲလ်မှာ ဒီဇင်ဘာ ၁၄ ရက်ကစတင် ကျင်းပခဲ့တာဖြစ်ပြီး ဥရောပနဲ့ အရှေ့တောင်အာရှဒေသနှစ်ခုမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးကိစ္စတွေ ဆွေးနွေးခဲ့ရာမှာ မြန်မာ့အရေးနဲ့ ပတ်သက်ပြီးလည်း ထည့်သွင်း ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

ဒီအစည်းအဝေးမှာ မြန်မာအာဏာသိမ်းစစ်ကောင်စီကိုတော့ ဖိတ်ကြားခြင်း မရှိခဲ့ဘဲ အာဆီယံ ၉ နိုင်ငံနဲ့ အီးယူ ၂၇ နိုင်ငံက ခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံက အကျပ်အတည်းတွေအတွက် အမှန်တကယ် စိုးရိမ်ပူပန်မိပါတယ်လို့ ဘရပ်ဆဲလ်မြို့ အစည်းအဝေးအပြီးထုတ်ပြန်တဲ့ ပူးတွဲကြေညာချက်မှာ တွေ့ရပါတယ်။

ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ပရတ်ဆာခွန်းက အီးယူရဲ့ နိုင်ငံရေးနဲ့ လုံခြုံရေးကော်မတီ တံခါးပိတ်အစည်းအဝေးမှာ မိန့်ခွန်းပြောကြားခဲ့ရာမှာ မြန်မာနိုင်ငံက တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်တွေစတင်ဖို့ အခက်အခဲရှိကြောင်းနဲ့ ဒုတိယအကြိမ် ခရီးစဉ်ကျရင် ပါဝင်ဆွေးနွေးနိုင်ဖို့ တံခါးဖွင့်ထားကြောင်း ပြောခဲ့တယ်လို့ ဖနွမ်ပင်ပို့စ် ကမ္ဘောဒီးယားသတင်းစာမှာ ရေးပါတယ်။

အစည်းအဝေးတက်ရောက်ခဲ့တဲ့ ခေါင်းဆောင်တွေက ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတွေအတွက် ကတိပြုခဲ့ကာ မြန်မာနိုင်ငံက ဖမ်းဆီးခံ နိုင်ငံခြားသားတွေ၊ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးဖို့ တောင်းဆိုခဲ့ကြပြီး အကြမ်းဖက်မှုတွေကို ရပ်တန့်ဖို့လည်း တောင်းဆိုခဲ့ကြပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံဥက္ကဋ္ဌ၊ အထူးသံတမန်ရဲ့ လုပ်ဆောင်မှုတွေ အပါအဝင် မြန်မာနိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက် ငြိမ်းချမ်းတဲ့ ဖြေရှင်းနည်းကို ပံ့ပိုးပေးဖို့ အာဆီယံရဲ့ ကြိုးပမ်းအားထုတ်မှုတွေနဲ့ ယုံကြည်မှုတည်ဆောက်ရေးအပိုင်းမှာ ယုံကြည်ချက်အပြည့်နဲ့ အီးယူက ဆက်လက်ထောက်ခံသွားမှာဖြစ်တယ်လို့ဆိုပါတယ်။
ဒါ့အပြင် ခွဲခြားဆက်ဆံခြင်းတွေမရှိဘဲ အကူအညီတကယ်လိုအပ်နေတွေ အပါအဝင် မြန်မာပြည်သူတွေကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေ ထိထိရောက်ရောက် ပေးပို့ဆောင်ရွက်ခဲ့ပါတယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး အီးယူ- အာဆီယံအဖွဲ့နှစ်ခုအနေနဲ့ ရခိုင်ဒေသက အသိုက်အဝန်းတွေအားလုံးအတွက် ဘေးကင်းလုံခြုံရေးကို မြန်မာစစ်ကောင်စီက အာမခံချက်ပေးဖို့

လေးလေးနက်နက်ပြောကြားခဲ့ပြီး ဘင်္ဂလားဒေ့ရှ် - မြန်မာ နှစ်နိုင်ငံသဘောတူညီချက်အရ နေရပ်ပြန်လိုသူတွေဆန္ဒအလျောက် ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်ရေးကိုလည်း တောင်းဆိုခဲ့ကြ ပါသေးတယ်။

မြန်မာ့နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အတိုက်အခံ ၄ ဦးကို ဇူလိုင်လက သေဒဏ်ပေးမှုကို ကန့်ကွက်ရှုတ်ချခဲ့ပြီး အာဆီယံပဋိညာဉ်စာတမ်းမှာပါတဲ့ လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့် ကတိကဝတ်တွေကို ထင်ရှားစေတဲ့ ငြိမ်းချမ်းရေးအဖြေကိုရှာဖို့ အားလုံးက နှစ်ဆတိုးပြီး ကြိုးစား အားထုတ်သွားမှာတယ်လို့လည်း ပူးတွဲကြေညာချက်မှာဖော်ပြထားပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိဖို့ ကူညီရာမှာ အာဆီယံအထူးသံတမန်ရဲ့ ဦးဆောင်မှုအခန်းကဏ္ဍကို ပံ့ပိုးပေးဖို့ကိုလည်း ပြောကြားခဲ့တယ်လို့ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

Ref- Phnom penh Post

https://burmese.dvb.no/archives/569227

---------------------------------------------------------------------------------------------

## မြန်မာနိုင်ငံငြိမ်းချမ်းရေးရဖို့ အာဆီယံကြိုးပမ်းမှုကို အီးယူ ဆက်လက် ထောက်ခံသွားမည်

၁၆ ဒီဇင်ဘာ၊ ၂၀၂၂ | ဗွီအိုအေ (မြန်မာပိုင်း)

မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးရရှိဖို့ အာဆီယံရဲ့ကြိုးပမ်းဆောင်ရွက်မှုကို EU ဥရောပသမဂ္ဂအနေနဲ့ ဆက်လက် အားပေးထောက်ခံသွားမယ်လို့ မနေ့ကပြုလုပ်ခဲ့တဲ့ EU အာဆီယံထိပ်သီးအစည်းအဝေးမှာ EU တာဝန်ရှိသူတွေကပြောလိုက်ပါတယ်။

"မြန်မာနိုင်ငံရဲ့အခြေအနေတွေနဲ့ပတ်သက်ပြီး လွန်စွာမှစိုးရိမ်ပူပန်နေဆဲဖြစ်တယ်"လို့ EU အာဆီယံ ဆက်ဆံရေး ၄၅ နှစ်ပြည့်မှာ ကျင်းပတဲ့ ထိပ်သီးအစည်းအဝေးကနေ ထုတ်ပြန်တဲ့ ပူးတွဲကြေညာချက်ထဲမှာဖေါ်ပြထားပါတယ်။

မြန်မာနိုင်ငံအရေး အာဆီယံသဘောတူညီချက် ၅ ရပ်ကို ပြီးခဲ့တဲ့နိုဝင်ဘာလ အာဆီယံထိပ်သီးအစည်းအဝေးပွဲမှာ ချမှတ်ခဲ့တဲ့အချက်အလက်တွေနဲ့အညီ သတ်မှတ်ထားတဲ့အချိန်ကာလအတွင်း ပြီးစီးအောင်လုပ်ဆောင်ဖို့ကိုလည်း ကြေညာချက်မှာတိုက်တွန်းထားပါတယ်။

မြန်မာနိုင်ငံရဲ့ပဋိပက္ခအတွင်း ယုံကြည်မှုပြန်လည်တည်ဆောက်နိုင်ရေးအတွက် ပါဝင်နေတဲ့ တာဝန်ရှိသူအဖွဲ့အစည်းအသီးသီးနဲ့တွေ့ဆုံနိုင်ရေး၊ အကူအညီလိုအပ်နေသူအားလုံးအတွက် လူသားခြင်းစာနာမှုဆိုင်ရာအထောက်အပံ့တွေပေးပို့နိုင်ရေး စတဲ့အချက်တွေအပါအဝင် မြန်မာပြည်သူတွေရဲ့အကျိုးစီးပွားအတွက် ငြိမ်းချမ်းတဲ့နည်းနဲ့ဖြေရှင်းနိုင်ဖို့ ASEAN ရဲ့ကြိုးပမ်းချက်တွေကို ဥရောပသမဂ္ဂအနေနဲ့ ထောက်ခံအားပေးသွားမှာဖြစ်တယ်လို့ ပြောထားပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဒီမိုကရေစီအရေးလှုပ်ရှားသူ ၄ ဦးကို သေဒဏ်ပေး ကွပ်မျက်ခဲ့တဲ့အပေါ် ရှုတ်ချကန့်ကွက်ကြောင်းနဲ့ အာစီယံပဋိညာဉ်ပါအချက်တွေနဲ့အညီ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေအတွက် ငြိမ်းချမ်းတဲ့နည်းနဲ့ဖြေရှင်းနိုင်ဖို့ ဆထက်ထမ်းပိုး တိုးလုပ်ဆောင်သွားမယ်လို့ အာဆီယံ-EU ထိပ်သီးအစည်းအဝေးရဲ့ ထုတ်ပြန်ကြေညာချက်မှာဖေါ်ပြထားပါတယ်။

https://burmese.voanews.com/a/eu-asean-myanmar/6878842.html

-----------------------------------------------------------------------------------------------

## မြန်မာစစ်ခေါင်းဆောင်တွေကို ICC က အရေးယူဖို့ အထူးအကြံပေးကောင်စီတိုက်တွန်း

၁၆ ဒီဇင်ဘာ၊ ၂၀၂၂ | ဗွီအိုအေ (မြန်မာပိုင်း)

မြန်မာစစ်ကောင်စီရဲ့ အပြစ်ကျူးလွန်မှုတွေကနေ ကင်းလွတ်ခွင့်ရနေမှုကို ICC နိုင်ငံတကာ ရာဇဝတ်ခုံရုံးက အဆုံးသတ်နိုင်သလို ရပ်ဆိုင်းသွားအောင်လည်း လုပ်ဆောင်ရမှာ ဖြစ်ကြောင်း မြန်မာဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) က မနေ့က ဒီဇင်ဘာလ ၁၅ ရက် ကြာသပတေးနေ့မှာ ကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်ပါတယ်။

၂၀၂၂ တနှစ်ပတ်လုံး မြန်မာစစ်တပ်က လူ့အခွင့်ရေးချိုးဖေါက် သတ်ဖြတ်မှုတွေ ဆက်လက် ကျူးလွန်နေတာဖြစ်ပြီး ဒါကို တာဝန်ခံတာဝန်ယူမှုရှိအောင် လုပ်မပေးနိုင်သရွေ့ ဆက်လက်ကျူးလွန်နေမှာ ဖြစ်ကြောင်း ပြောပါတယ်။

ဒီနှစ်ထဲ မြန်မာ့လူ့အခွင့်ရေးအခြေနေဟာ ပိုဆိုးလာနေပြီး စစ်ကောင်စီအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ သူ့ဗိုလ်ချုပ်တွေဟာ မြန်မာပြည်သူတွေအပေါ် ရက်စက်စွာ ဆက်လက် သတ်ဖြတ်နေတာကြောင့် ဒါတွေကို ICC နိုင်ငံတကာခုံရုံးမှာ တရားမျှတမှုရအောင် နိုင်ငံတကာ အသိုင်းဝိုင်းအနေနဲ့ တတ်နိုင်တာအားလုံး လုပ်ဆောင်ကြဖို့ မြန်မာနိုင်ငံ လူ့အခွင့်ရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်း Yanghee Lee က တိုက်တွန်းထားပါတယ်။

မြန်မာစစ်ကောင်စီကတော့ အကြမ်းဖက်မှုတွေကို အတိုက်အခံ အင်အားစုတွေဖက်က ကျူးလွန်နေတာဖြစ်ကြောင်း လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ ပတ်သက်လို့ ကာကွယ်ပြောဆိုလေ့ရှိပါတယ်။

မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ၂၀၁၂ ခုနှစ်က စပြီး ICC က ဆောင်ရွက်နေတာဖြစ်ပြီး မြန်မာစစ်ခေါင်းဆောင်တွေကို သူတို့ကျူးလွန်တဲ့ genocide လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုတွေနဲ့ ချက်ချင်းအရေးယူလာအောင် လုပ်ဆောင်ဖို့ နိုင်ငံတကာ အသိုင်းဝိုင်းမှာ တာဝန်ရှိကြောင်း ကြေညာချက်မှာ ဖေါ်ပြထားပါတယ်။

ရိုဟင်ဂျာတွေကို ရခိုင်ပြည်နယ်ကနေ အတင်းအကြပ် ပြန်ပို့တာနဲ့ ပတ်သက်ပြီး ကျူးလွန်မှုတွေအတွက် ၂၀၁၉ မှာ ICC က စုံစမ်းစစ်ဆေးမှု စတင်ခဲ့ပေမယ့် စုံစမ်းမှုမှာ အကန့်အသတ်ရှိခဲ့ကြောင်းနဲ့ ဒါကို ပြည့်ပြည့်စုံစုံ ဆက်လက် စုံစမ်းမှု မလုပ်ရသေးကြောင်းလည်း ပြောပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံတလွှား တိုင်းရင်းသားဒေသတွေမှာ လူ့အခွင့်ရေးချိုးဖေါက်မှုတွေ ကြုံနေရာကနေ ၂၀၂၁ စစ်တပ်အာဏာသိမ်းပြီးတဲ့ နောက် ပိုဆိုးဝါးလာတာတွေနဲ့ ပတ်သက်ပြီး ICC ကစုံစမ်းဖို့ လိုနေသလို ကျူးလွန်နေတဲ့ မြန်မာစစ်တပ်အပေါ် တာဝန်ခံ တာဝန်ယူမှုရှိလာအောင် မလုပ်နိုင်သေးကြောင်းလည်း ဝေဖန်ထားပါတယ်။

https://burmese.voanews.com/a/icc-sac-m/6878851.html

-----------------------------------------------------------------------------------------------

## ထိုင်း-မြန်မာနယ်စပ်အနီး အိုက်စ်မူးယစ်ဆေးဝါး ၁၀၀ ကီလိုဂရမ်ခန့် တွေ့ရှိ

Published By DVB | 16 December, 2022

ထိုင်းမြောက်ပိုင်း၊ ချင်းမိုင်ခရိုင်၊ ဖှန်မြို့နယ် မြန်မာနယ်စပ်အနီးမှာ ပိုင်ရှင်မဲ့ အိုက်စ်မူးယစ်ဆေး အလေးချိန် ၁၀၀ ကီလိုဂရမ်ခန့် တွေ့ရှိတယ်လို့ Maesaipress ထိုင်းသတင်းမှာ ဖော်ပြပါတယ်။

ဒီဇင်ဘာ ၁၅ ရက် မနေ့ညနေ ၄ နာရီလောက်က ထိုင်းစစ်တပ် အမှတ် ၃ ကွန်မန်ဒိုတပ်ဖွဲ့ဝင်တွေဟာ ဖုန်မြို့နယ် မွမ့်ပင်ကျေးရွာအုပ်စု ခေါပ်တန့်ကျေးရွာအနီး တောတောင်တွေထဲမှာ လုံခြုံရေးလှည့်လည်စစ်ဆေးစဉ် ပိုင်ရှင်မဲ့အိတ် ၈ အိတ်ကို တွေ့ရကြောင်း၊ အိတ်ထဲမှာ လက်ဖက်ခြောက်ထုပ်တွေ ပါရှိပြီး အဆိုပါ လက်ဖက်ခြောက်ထုပ်တွေထဲမှာတော့ အိုက်စ်မူးယစ်ဆေးတွေ ထည့်ထားတာလို့ ဆိုပါတယ်။

အလေးချိန် ခန့်မှန်းခြေ ၁၀၀ ကီလိုဂရမ်ခန့်ရှိပြီး တပ်ထဲရောက်မှ သေချာပြန်ပြီး ချိန်တွယ်ကြည့်ရမယ်လို့ တာဝန်ရှိသူမှ သတင်းထောက်ကို ပြောပါတယ်။

အဆိုပါ အိုက်စ်ဆေးထုပ်တွေဟာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၉ ရက်က အဆိုပါကျေးရွာအုပ်စုထဲမှာ ဖမ်းဆီးရမိခဲ့တဲ့ အိုက်စ်ဆေး ၁၆ အိတ်နဲ့ ပုံစံချင်းတူတူပဲလို့ တာဝန်ရှိသူက သတင်းထောက်ကို ပြောပါတယ်။

မူးယစ်ဆေးဝါးအိတ်တွေ တွေ့ရှိတဲ့နေရာဟာ မြန်မာနိုင်ငံနယ်စပ်နဲ့ ၃ ကီလိုမီတာခန့်သာ ကွာဝေးပြီး တဖက်ကမ်းမှာ မိုင်းဆတ်ခရိုင် လားဟူပြည်သူ့စစ် အမှတ် ၁၀၀၇ လှုပ်ရှားနယ်မြေ ဖြစ်တယ်လို့ သတင်းမှာ ဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/569206

------------------------------------------------------------------------------------------